# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၂၃၄)

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

၂၀၁၃ ခုနှစ်၊ မေ ၂၇ ရက်၊ တနင်္လာနေ့။


**နိုင်ငံ့တာဝန် အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်ချိန်ကပင် ကြိုဆိုထောက်ခံခဲ့ခြင်းအတွက် ကျေးဇူးတင်

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်ဇနီး မစ္စစ် အာကီအာဘေးတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့သည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်ရန် နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❐

## ဂျပန်နိုင်ငံက မြန်မာနိုင်ငံ၏ အဓိက လုပ်ငန်းနယ်မြေ သုံးခုအတွက် ဖွံ့ဖြိုးရေးအကူအညီ ယန်းသန်းပေါင်း ၉၁၀၀၀ အကူအညီ ပေးအပ်မည်ဖြစ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

# ဂျပန်အစိုးရသည် မြန်မာနိုင်ငံအား ယန်းချေးငွေသစ်နှင့် ထောက်ပံ့ငွေများ ပေးအပ်သွားရန် ဆုံးဖြတ်ခဲ့

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီးတို့၏ မြန်မာနိုင်ငံခရီးစဉ်အပြီးတွင် မြန်မာ-ဂျပန် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပူးတွဲကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံပူးတွဲကြေညာချက် နှစ်နိုင်ငံအပြန်အလှန် ချစ်ကြည်ရင်းနှီးမှုအတွက် အခြေခံသစ်များ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးသည် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်မှ ၂၆ ရက်နေ့အထိ တရားဝင်ခရီး လာရောက်လည်ပတ်ခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့သည် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများသည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရေးနှင့်တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တည်တံ့ခိုင်မြဲရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အတူတကွလက်တွဲ၍ အောက်ဖော်ပြပါ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကို



မြှင့်တင်သွားရန်သဘောတူညီမှုရရှိခဲ့ကြသည်။

**(၁) မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ထောက်ခံမှု**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီစနစ် တည်ဆောက်ခြင်း၊ တရားဥပဒေစိုးမိုးရေးတည်ဆောက်ခြင်း၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တို့ အပါအဝင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အစွမ်းကုန် ဆက်လက်လုပ်ဆောင်သွားမည်ဟု ကတိပြုခဲ့သည်။ ဂျပန်နိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးမှလည်း ပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများ၏ အင်အားကို ပူးပေါင်းလျက် မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံမှဆက်လက် ထောက်ခံသွားရန် ရည်ရွယ်ကြောင်း ထပ်လောင်းပြောကြားသည်။

**(၂) နှစ်နိုင်ငံ ကြီးပွားချမ်းသာရေးဆီသို့**

မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အဖွဲ့အစည်းဌာနဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်နိုင်မှုစွမ်းရည် တည်ဆောက်ရေးနှင့် ကျေးလက်ဒေသနှင့် တိုင်းရင်းသားလူနည်းစုဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး အစရှိသည်တို့သည် မြန်မာနိုင်ငံအား ကြွယ်ဝချမ်းသာပြီး ပြည်သူများ၏ လူနေမှုဘဝ အဆင့်မြှင့်တင်ရေးအတွက် အရေးကြီးသည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ခံသောအားဖြင့် ကျန်ရှိသည့် ကြွေးမြီများ ရှင်းလင်းရေးကို အကောင်အထည်ဖော်ခဲ့ပြီး ဂျပန်အစိုးရသည် မြန်မာနိုင်ငံအား ယန်းချေးငွေသစ်နှင့် ထောက်ပံ့ငွေများ

*စာမျက်နှာ ၈ ကော်လံ ၁* ▲




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### e-Government လုပ်ငန်းအရှိန်အဟုန်မြှင့်ဆောင်ရွက်

ယနေ့ကမ္ဘာ့နိုင်ငံများသည် ခေတ်မီသိပ္ပံနှင့် နည်းပညာများကို တီထွင်အသုံးပြုရာတွင် တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိသည်။ အထူးသဖြင့် သတင်းအချက်အလက်နည်းပညာများဖြစ်သော အိုင်တီနည်းပညာများသည် တိုးတက်ထွန်းကားလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်းခေတ်နှင့်အညီ တိုးတက်ထွန်းကားလာသည့် သတင်းအချက်အလက်နည်းပညာများကို အသုံးပြုပြီး e-Government စနစ်ကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရတော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုများရရှိနေပြီ ဖြစ်သည်။ တိုးတက်နေသည့် ယနေ့ကာလတွင် အစိုးရဌာနအချင်းချင်း၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့များ၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများအားလုံးသည် ကွန်ပျူတာနည်းပညာများကို အသုံးချ၍ ဆက်သွယ်ခြင်းသည် လုပ်ငန်းများ အလျင်အမြန်ပြီးမြောက်ခြင်း၊ အချိန်ကြန့်ကြာမှုမရှိခြင်း၊ နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူများအကြား လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ခြင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

e-Government ဖွံ့ဖြိုးတိုးတက်အောင်မြင်နေသော နိုင်ငံများကို လေ့လာကြည့်လျှင် အစိုးရနှင့် ပြည်သူအကြား သတင်းအချက်အလက်များကို မျှဝေကြပြီး အပြန်အလှန် ယုံကြည်မှုနှင့် လေးစားမှုကို တည်ဆောက်နိုင်ခြင်းက အဓိက အားသာချက်အဖြစ် တွေ့ရှိရမည်ဖြစ်ကြောင်းကို ကုလသမဂ္ဂက ထုတ်ပြန်သည့် ကမ္ဘာ့နိုင်ငံအသီးသီး၏ e-Government ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ယနေ့ မြန်မာနိုင်ငံသည် ကမ္ဘာ့အရှေ့ခြမ်း၊ အနောက်ခြမ်းနိုင်ငံများနှင့်လည်း စီးပွားရေးအရ ကူးလူးဆက်ဆံမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ ယင်းနိုင်ငံများနှင့် ရင်ပေါင်တန်းပြီး သတင်းအချက်အလက် နည်းပညာများကို တိုးမြှင့်ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။

ယနေ့အစိုးရသည် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရ၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေးအတွက် နိုင်ငံအတွင်း e- Government လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်သည်နှင့်အမျှ အစိုးရနှင့်ပြည်သူအကြား ယုံကြည်ကိုးစားမှုများ ပိုမိုရရှိလာတော့မည် ဖြစ်သည်။ e-Government လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရန် အစိုးရနှင့်ပြည်သူအကြား သတင်းအချက်အလက်များ မှန်ကန်စွာ စီးဆင်းနိုင်ရေးအတွက် ယနေ့နေရာအနှံ့ ကြုံတွေ့နေရသည့် Cyber Security ဟု ခေါ်သော သတင်းအချက်အလက် လုံခြုံရေး ခြိမ်းခြောက်မှုများကိုလည်း သတိထားကြရမည် ဖြစ်သည်။

e-Government လုပ်ငန်းများသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လုပ်ငန်းအဝဝကို အောင်မြင်မှုရရှိရန် အဓိကကျပေသည်။ နိုင်ငံတကာနှင့်အမီ ရင်ပေါင်တန်းနိုင်ရေးအတွက် ဌာနဆိုင်ရာလုပ်ငန်းများကို ခေတ်မီနည်းပညာများ အသုံးပြုပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ ဌာနဆိုင်ရာလုပ်ငန်းများ လျင်မြန်သွက်လက်မှုသည် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။ e-Government စနစ်ကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခြင်းဖြင့် အစိုးရနှင့် ပြည်သူအကြား သတင်းအချက်အလက်များ မှန်ကန်စွာ စီးဆင်းနိုင်ပြီး အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

## ဗလမင်းထင်ကျောက်စာတိုင် ခံ့ညားထည်ဝါစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

မိုင်းယောင်းမြို့ဟု ဆိုလိုက်သည်နှင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အထင်အရှားရှိခဲ့သော တရုတ်ဖြူကျူးကျော်မှုနှင့်ယှဉ်တွဲကာ မြင်ယောင်မိကြသည်သာဖြစ်သည်။

မိုင်းယောင်းမြို့လေးသည်လည်း ကျူးကျော်သူကူမင်တန်တို့၏ လက်အောက်ဝယ် ပြားပြားဝပ်ခဲ့ရသည်။ ပြည်သူတို့ ကြီးလန့်စာစားဘဝများကရင်နာဖွယ်ကောင်းလှပေသည်။

ကျူးကျော်သူ ကူမင်တန်တို့၏ အရေးကိစ္စကို ဖဆပလအစိုးရက ကုလသမဂ္ဂအဖွဲ့ကြီး အပါအဝင် နိုင်ငံရေးနည်းလမ်းဖြင့် ကိုင်တွယ်ဆောင်ရွက်ခဲ့သကဲ့သို့ တပ်မတော်ကလည်း တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် စစ်ရေးနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ရသည်။

ခေတ်မီလက်နက်များ တပ်ဆင်ထားပြီး လူအင်အားလည်း တောင့်တင်းသော ကူမင်တန်တပ်များကို မြန်မာ့တပ်မတော်က လက်နက်၊ လူသူအင်အား မပြည့်စုံသော်လည်း ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားပြည်သူတို့ကို ကာကွယ်စောင့်ရှောက်ရေးဟူသော ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ ရှုပ်ရှုပ်ချုံချုံဖြင့် အသက်ပေါင်း မြောက်မြားစွာကိုစတေးကာ ကျားကုတ်ကျားခဲ တိုက်ခိုက်ခဲ့ရာ မြန်မာ့တပ်မတော်၏ အမှတ်(၂၄) ခြေလျင်တပ်ရင်း၊ ဗလမင်းထင်စစ်ကြောင်းသည် ၁၉၅၄ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မိုင်းယောင်းမြို့ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

**တည်ရှိနေ**

ထိုသို့ မိုင်းယောင်းမြို့လေးကို ပြန်လည်တိုက်ခိုက်သိမ်းပိုက် အောင်ပွဲခံခဲ့သည့်နေ့ကို သမိုင်းမှတ်တမ်းအဖြစ် ကမ္ပည်းကျောက်စာတိုင်အား မိုင်းယောင်းမြို့လယ်တွင် စိုက်ထူခဲ့ရာ မိုင်းယောင်းမြို့သမိုင်းနှင့် ယှဉ်တွဲပါလာသော အထိမ်းအမှတ်တစ်ခုအဖြစ်တည်ရှိနေပေသည်။

သို့သော် ဝမ်းနည်းဖွယ်ရာမှာ မိမိတို့မြို့၏ သမိုင်းဝင် အထိမ်းအမှတ်ကျောက်စာတိုင်လေးသည် ယခုအခါတွင် မိုးရေများဝပ်၊ အမှိုက်များကပေါလောပေါ်ကာ ချုံနွယ်များလည်း ပေါက်ရောက်နေပြီး ဈေးသည်များ၏ ပစ္စည်းပစ္စယများ ထားရှိရာနေရာဖြစ်နေချေပြီ။



အတိတ်ကခါးသီးဆိုးရွားခဲ့သော သမိုင်းကို နောင်လာနောက်သားများက မေ့လျော့နေကြသည်လား၊ တာဝန်ရှိသူများ၏ ပေါ့ဆမှုလားဆိုသည်ကိုမူ မဝေခွဲတတ်တော့ပါ။

မိမိတို့မြို့၏ အထွတ်အမြတ်ဖြစ်သော သမိုင်းဝင် ဤကျောက်စာတိုင်လေးကို အလေးဂရုပြု ထိန်းသိမ်းသင့်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဗလမင်းထင် ကျောက်စာတိုင်လေး ပြန်လည်ပြီး ခံ့ညားထည်ဝါနိုင်ပါစေဟုသာ ဆုတောင်းနေမိပါတော့သည်။

**မောင်ယဉ်ကျေး(တာချီလိတ်)**

## ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (2nd Continuing Professional Development Forum 2013)ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ မေ ၂၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစာတမ်းများ ဆွေးနွေးခြင်း၊ အထူးကုဆရာဝန်ကြီးနှင့် တွေ့ဆုံခြင်းအစီအစဉ် "Practical Approach to Common Medical Emergencies in General Practice"တို့ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမြို့မြို့အနယ်နယ် ပုံ့သည့်သတင်းစာ မြန်မာ့အလင်းတွင်တွင် ကြော်ငြာပါ



**ရန်ကုန် မေ ၂၆**

## ဆေးဝါးပညာရပ်များ ပိုမိုတိုးတက်ရေး ပြည်တွင်းပြည်ပမှ ဆေးဝါးဆိုင်ရာ အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်

ဆေးဝါးပညာရှင်များ၏ ကဏ္ဍသည် အဓိကအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးထုတ်လုပ်မှုနှင့် တရားဝင်ဆေးဝါးများရောင်းဝယ်ဖောက်ကားဖြန့်ချိမှုတို့ ဖြစ်ကြောင်း၊ ဆေးဝါးပညာရှင်များအနေနှင့် ဆေးဝါးသိပ္ပံပညာရပ်များ ထွန်းကားလာလျှင် ဆေးဆိုင်များတွင် ရောင်းချသောဆေးဝါးများကို လူနာများအတွက် မှန်ကန်တိကျသော ဆေးဝါးများ သောက်သုံးရရှိနိုင်ရန်နှင့် အသက်အန္တရာယ်မရှိကြစေရန် ပံ့ပိုးစောင့်ရှောက်ပေးနိုင်ခြင်း၊ အများပြည်သူများ ဝယ်ယူသုံးစွဲသော ဆေးဝါးနှင့် အစားအစာများ၏ အရည်အသွေး စံချိန်စံညွှန်းများ မီ/မမီ ဓာတ်ခွဲစမ်းသပ်မှု ပေးနိုင်ခြင်း၊ ဆေးဝါးအတုအယောင်များနှင့် စံမမီသော ဆေးဝါးများကို ခွဲခြားနိုင်ရန် လူနာများနှင့် ပြည်သူများအား အသိပေး လမ်းညွှန်ပေးနိုင်ခြင်း၊ ဆရာဝန်ဆေးလက်မှတ်အတိုင်း မဟုတ်ဘဲ ရောဂါတခြား ဆေးတခြားမှားယွင်းသုံးစွဲမှုများသည် မည်ကဲ့သို့ အသက်ဘေးအန္တရာယ်ရှိနိုင်ကြောင်း ဆေးဝါးသုံးစွဲသူများအား ရှင်းလင်းပေးခြင်းများကို ပြုလုပ်သွားနိုင်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆေးဝါးပညာရှင်များအသင်း ပထမအကြိမ် ညီလာခံတွင် ဆေးဝါးပညာရှင်များ အသင်း (MPA) ဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့သည်။

**ပြောကြား**

ထို့အပြင် ပြည်တွင်းသယံဇာတများမှလည်း အစွမ်းထက်ဆေးဝါးများ ဖော်ထုတ်အသုံးပြုလျက်ရှိကြောင်း၊ ဤလုပ်ငန်းများကို မြန်မာပိုင်သက်သက် သို့မဟုတ် နည်းပညာမြင့်မားသော နိုင်ငံများနှင့် ဖက်စပ်ထုတ်လုပ်ရောင်းချနိုင်ခြင်း၊ ဆေးဝါးများအတွက် ဒေါ်လာသန်းနှင့်ချီ၍ ကမ္ဘာ့ဈေးကွက်ရှိနေခြင်းကြောင့် ထိုကဏ္ဍမျိုးကို ဆောင်ရွက်နိုင်ပါက နိုင်ငံတော်တွင် သိပ္ပံပညာရှင်များလည်း တိုးတက် ပြန့်ပွားလာနိုင်ကြောင်း၊ ဒေသဆိုင်ရာရပ်ရွာများတွင် အလုပ်အကိုင်ပေါများလာနိုင်၍ မိသားစုဝင်ငွေကောင်းလာမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းကို ၂၀၁၂ ခုနှစ် ၁၅ ရက်နေ့က တရားဝင် စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

ပထမအကြိမ် ညီလာခံကို ဆရာဝန်များအသင်းချုပ်ခန်းမ၌ မေ ၂၅ ရက် (စနေနေ့) နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပခဲ့ကာ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်း၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များ အသင်းဖွဲ့စည်းပုံကို တင်ပြဆွေးနွေးခြင်း၊ ဆေးဝါးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**မြတ်စန္ဒီသင်းဇော်**

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့်ဇနီးတို့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီး မစ္စစ် အာကီအာဘေးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**



နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်လာသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့အား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနရှေ့တွင် ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသည့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးအတွက် ဆုတောင်းပတ္ထနာပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံတွင် ကျင်းပမည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် ကစားကြမည့် မြန်မာအားကစားသမားများ ဝတ်ဆင်ရန်အတွက် ဂျပန်ဒီဇိုင်းပညာရှင် ကိုရှီနိုဂျွန်ကို ရေးဆွဲသည့် အားကစားဝတ်စုံများကို ဂျပန်နိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ပေးအပ်သည်။

**ဖျော်ဖြေတင်ဆက်**

နှစ်နိုင်ငံ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဂျပန်နိုင်ငံဝန်ကြီးချုပ်အား ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို ပေးအပ်ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(ယာပုံ)**

ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်တို့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ယင်းနောက် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး အထူးလေယာဉ်ဖြင့် ဂျပန်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ချစ်ခင်အတုယူဖွယ်ကောင်းသည့် ယဉ်ကျေးမှုအစဉ်အလာများကို နိုင်ငံတကာမှလေးစားရအောင် ဆက်လက်ထိန်းသိမ်းရန် အကြံပြုလို



နေပြည်တော် မေ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ဇနီး မစ္စစ် အာကီအာဘေးတို့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။**

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ဇနီးက ၃၆ နှစ်တာကာလအတွင်း ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာ-ဂျပန် နှစ်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ခင်ရင်းနှီးခဲ့သည့် အစဉ်အလာရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအား ဂျပန်နိုင်ငံက ကူညီပေးခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဂျပန်ဝန်ကြီးချုပ်၏ဇနီးအနေဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိစဉ် မိဘမဲ့ကလေးထိန်းဂေဟာနှင့် သီလရှင်စာသင်တိုက်တို့သို့ သွားရောက်လှူဒါန်းခဲ့မှုများကို မြင်တွေ့ရသည့်အတွက် ကြည်နူး ဝမ်းမြောက်မိပါကြောင်း၊ ဝန်ကြီးချုပ်၏ဇနီးသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၊ အမျိုးသမီးနှင့် မိဘမဲ့ကလေးငယ်များပြုစုစောင့်ရှောက်ရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အားသွန်ခွန်စိုက်ကူညီပေးလျက်ရှိကြောင်း သိရှိရသည့်အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂျပန်ဝန်ကြီးချုပ်၏ဇနီးက ၂၀၀၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံမှ ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံသို့ မိမိရောက်ရှိသည်မှာ ဆယ်ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်သည် နှစ်သိန်းခန့် မြန်မာနိုင်ငံ၌ ကျဆုံးခဲ့ပါကြောင်း၊ ယင်းတို့ထဲမှအသက်ရှင်လျက်ကျန်ရှိနေသည့် ဂျပန်စစ်သည်များကို မြန်မာပြည်သူများက စားနပ်ရိက္ခာနှင့် ဆေးဝါးများပံ့ပိုးပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့သည့်အတွက် မြန်မာပြည်သူများအား အမြဲအမှတ်တရ ကျေးဇူးတင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင်လည်း ယခုထက်ပိုမိုဆောင်ရွက်ပေးလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ချစ်ခင်အတုယူဖွယ်ကောင်းသည့် ယဉ်ကျေးမှုအစဉ်အလာများကိုလည်း နိုင်ငံတကာမှလေးစားရအောင် ဆက်လက်ထိန်းသိမ်းရန် အကြံပြုလိုပါကြောင်း၊ မြန်မာနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုသည် အရေးကြီးသည့်ကဏ္ဍဟု ယူဆပါကြောင်း၊ ယင်းကိုလည်း ကူညီပေးလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ဇနီး မစ္စစ် အာကီအာဘေးတို့ ရင်းနှီးစွာတွေ့ဆုံစဉ်။**
(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးမစ္စတာအင်န်ဒရူးရစ်ချဒ်ပောန်၏နေရာတွင် မစ္စတာ အင်န်ဒရူး ပက်ထရစ်အား ခန့်အပ်ရန် အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အင်န်ဒရူး ပက်ထရစ်သည် ၁၉၈၉ ခုနှစ်တွင် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နီကိုစီယာ၊ ဘရပ်ဆဲလ်၊ ပရီတိုးရီးယားနှင့် ကဘူးလ်မြို့များရှိ ဗြိတိန်သံရုံး၊ အဖွဲ့ရုံးများနှင့် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ အင်န်ဒရူးပက်ထရစ်သည် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံး တောင်အာရှဌာနတွင် တွဲဖက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**




## နိုင်ငံတကာသတင်း

# မော်ဝါဒီသူပုန်များ ပြည်နယ်လွှတ်တော်ယာဉ်တန်းကို တိုက်ခိုက် လွှတ်တော်အကြီးအကဲသားအဖအပါအဝင် ၂၇ ဦး သေဆုံး

**ဘတ်စ်တာ မေ ၂၆**

အိန္ဒိယနိုင်ငံအလယ်ပိုင်း ချဟက်တစ္စဂါပြည်နယ် ဂျီရန်တောင်ကြား ဒေသတွင် ပြည်နယ်လွှတ်တော် အကြီးအကဲနန်းဒ်ကူမာပတေးလ်နှင့် ၄င်း၏သား ရုပ်အလောင်းများကို ကျည်ဆန်ထိမှန် ဒဏ်ရာများနှင့် တွေ့ရှိရပြီး ၄င်းတို့နှင့်အတူ အခြားအလောင်း ရှစ်လောင်းကိုလည်း တွေ့ရှိရကြောင်း အိန္ဒိယမီဒီယာများတွင် သတင်းဖော်ပြထားသည်။

ပြည်နယ်လွှတ်တော်အကြီးအကဲ သားအဖ၏ ယာဉ်တန်းကို သူပုန်များဟု ယူဆရသူများက မေ ၂၅ ရက်တွင် တိုက်ခိုက်ခဲ့ရာ ပြန်လည်တွေ့ရှိရသော အလောင်းများအပါအဝင် သေဆုံးသူဦးရေ ၂၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ တိုက်ခိုက်ခံရမှုတွင် အခြား ၃၂ ဦး ဒဏ်ရာရရှိခဲ့သည်။

ပြည်နယ်လွှတ်တော်အကြီးအကဲ သားအဖ၏ ရုပ်အလောင်းများနှင့်အတူ တွေ့ရှိရသော အခြားအလောင်း ရှစ်လောင်းတွင် ၄င်းတို့၏ ကိုယ်ရံတော်များ အများစု ပါဝင်ကြောင်း သတင်းအရင်းအမြစ်များက ဆိုသည်။

မော်ဝါဒီသူပုန်များ၏ အဆိုပါ ချုံခိုတိုက်ခိုက်မှုတွင် သေဆုံးသူနှင့် ဒဏ်ရာရသူအရေအတွက် တိုးလာနေကြောင်း၊ ပျောက်ဆုံးနေခဲ့သည့် လွှတ်တော်အမတ်အချို့ ယနေ့ နံနက်ပိုင်းတွင် ဂျဂ်ဒယ်လ်ပူရ်သို့ ပြန်လည်ရောက်ရှိလာကြောင်း သတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်မှု ဖြစ်ပွားသည့်နေရာမှာ ပြည်နယ်မြို့တော်ရိုင်းပူရ်၏ တောင်ဘက် ကီလိုမီတာ ၃၄၀ ခန့်အကွာ ဆပ်ကမာခရိုင်အတွင်းရှိ သစ်တောထူထပ်သော တောင်ကြားလမ်းတစ်နေရာတွင်ဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ အကြိုကာလ စည်းရုံးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပြီး အပြန်ခရီးတွင် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အဆိုပါ တိုက်ခိုက်မှုကို "သူရဲဘောကြောင်သော လုပ်ရပ်"အဖြစ် ပြစ်တင်ရှုတ်ချလိုက်ပြီး ကွန်ဂရက် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရာဟူးလ်ဂန္ဒီက ချဟက်တစ္စဂါပြည်နယ်မြို့တော် ရိုင်းပူရ်သို့ အထူးလေယာဉ်ဖြင့် သွားရောက်၍ အဆိုပါဖြစ်ရပ်တွင် ဒဏ်ရာရရှိခဲ့သူများအား တွေ့ဆုံအားပေးမည်ဖြစ်ကြောင်း သိရသည်။

**(ဟိန္ဒူစတန်တိုင်းမ်)**



ရိုင်းပူရ်ဆေးရုံဝင်းအတွင်း၌ ဒဏ်ရာရသူများအား သယ်ဆောင်လာသည့် ကားများနှင့် သတင်းလာရောက် စုံစမ်းသူများကို တွေ့ရစဉ်။



# အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ပြတ်သားသည့် ဆုံးဖြတ်ချက်လိုဟု ဂျွန်ကယ်ရီပြော

**ဝါရှင်တန် မေ ၂၆**

အစ္စရေးနှင့် ပါလက်စတိုင်း ခေါင်းဆောင်များနှင့် နှစ်ရက်တာ ဆွေးနွေးခဲ့ပြီးနောက် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဂျွန်ကယ်ရီက အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးတွင် ပြတ်သားသည့် ဆုံးဖြတ်ချက်များ လိုအပ်ကြောင်း ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့နှင့် သွားရောက်တွေ့ဆုံပြီးနောက် ဂျွန်ကယ်ရီက ယခုကဲ့သို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

ဂျွန်ကယ်ရီသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရာထူးစတင် လက်ခံပြီး အရှေ့အလယ်ပိုင်းဒေသသို့ လေးကြိမ်မြောက်သွားရောက်ခဲ့သည့် ခရီးစဉ်အပြီးတွင် ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အခြေစိုက်အိမ်ရာများ တည်ဆောက်မှုပြဿနာအရေး ဆွေးနွေးမှုများသည် အစ္စရေးနှင့်ပါလက်စတိုင်း နှစ်ဖက်အကြား နှစ်နှစ်ကြာမျှ ရပ်တန့်နေဆဲ ဖြစ်သည်။

"ခေါင်းဆောင်များက ခိုင်မာပြတ်သားသည့် ဆုံးဖြတ်ချက်တွေချမှတ်လုပ်ဆောင်ရမယ့်အခြေအနေ အချိန်အခါကိုရောက်နေပါပြီ" ဟု ဂျွန်ကယ်ရီက သတင်းထောက်များအား ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

# ရုရှားခရီးသွားများအတွက် မိုဘိုင်းအင်တာနက်စနစ် ဝန်ဆောင်မှုပေးမည်

**တိုကျို မေ ၂၆**

ရုရှားနိုင်ငံတွင် အလည်အပတ်လာရောက်သူ ခရီးသွားများ မိုဘိုင်းအင်တာနက် အသုံးပြုရာတွင် ချိတ်ဆက်မှု မြန်နှုန်းကောင်းစေရန် ဝန်ဆောင်မှု ပေးတော့မည်ဖြစ်ကြောင်း Uros Ltd မှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယခုလောလောဆယ် ဥရောပနိုင်ငံများ နေရာတော်တော်များများတွင် အင်တာနက်မြန်နှုန်း ရနေပြီ ဖြစ်သည်။

"မိုဘိုင်းအင်တာနက် ကုန်ကျစရိတ်ခန့်မှန်းဖို့ခက်ခဲပါတယ်။ ပြည်ပခရီးသွားနေတဲ့အခါ အင်တာနက်လိုင်းဆွဲအား အားနည်းမှုက အဓိကပြဿနာအနေနဲ့ ရှိနေဆဲပါ။ နိုင်ငံတကာ စီးပွားရေးဈေးကွက် တည်ဆောက်ရာမှာ ဒါက လုံးဝအခက်အခဲတစ်ခုဖြစ်နေပါတယ်။ တက်ဘလက်နဲ့ စမတ်ဖုန်း ရောင်းချရမှု တစ်ဟုန်ထိုးတိုးတက်မြင့်မားလာမှုနှင့်အတူ မိုဘိုင်းအသုံးပြုမှုမှာလည်း တိုးတက်လာနေတဲ့အတွက် လိုင်းကျပ်မှုတွေကို ဆိုးဆိုးရွားရွားဖြစ်စေပါတယ်။ ကျွန်တော်တို့အနေနဲ့ ရုရှားနိုင်ငံမှာ လည်ပတ်ကြတဲ့သူတွေအတွက် မိုဘိုင်းဝန်ဆောင်မှုကောင်းပြီး အခမဲ့သုံးနိုင်အောင် ခွင့်ပြုပေးတဲ့အထိ ဝယ်ယူသူတွေကျေနပ် အဆင်ပြေအောင် ဝန်ဆောင်မှုပေးပါမယ်"ဟု စီရို့စ်ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် တွမ်မီအူဟာရီက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ဗြိတိန်နိုင်ငံဝုလ်ဝစ်လူသတ်မှု လူသုံးဦးအားဖမ်းဆီးထား

**လန်ဒန် မေ ၂၆**

ဗြိတိန်တွင် စစ်သားတစ်ဦးကို လမ်းပေါ်တွင် လူကြားသူကြားထဲ ရက်စက်စွာသတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်ပြီး လူသုံးဦးကို ဖမ်းဆီးထားကြောင်း ရဲဝန်ထမ်းများက ပြောကြားသည်။

ဝုလ်ဝစ်အရပ်တွင် ဖြစ်ပွားခဲ့သည့် ယင်းလူသတ်မှုနှင့် ပတ်သက်ပြီး အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး အရာရှိများက အသက် ၂၁၊ ၂၄ နှစ်နှင့် ၂၈ နှစ်ရှိ လူသုံးဦးကို မေ ၂၅ ရက် ညနေက ဖမ်းဆီးထားလိုက်ကြောင်း ဘီဘီစီသတင်းတွင် မေ ၂၆ ရက်က ဖော်ပြသည်။

**ထိန်းသိမ်းချုပ်နှောင်**

ယင်းလူသတ်မှု ဖြစ်ပွားရာ နေရာတွင်ပင် မေ ၂၂ ရက်ကမိုက်ကယ် အဒီဘိုလာဂျိုနှင့် မိုက်ကယ်အဒီဘိုဝါလီဆိုသည့် လူသတ်သမားနှစ်ဦးကို ရဲများက ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဒဏ်ရာကြောင့် ဆေးရုံတွင် ထိန်းသိမ်းချုပ် နှောင်ထားသည်။

အဆိုပါပြစ်မှုနှင့်ပတ်သက်သည်ဟု သံသယရှိသူ အသက် ၂၉ နှစ်အရွယ်ရှိလူတစ်ဦးကို မေ ၂၃ ရက်က ဖမ်းဆီးခဲ့သည်။ ၄င်းကို စုံစမ်းစစ်ဆေးမှုများအတွက် ခြေချုပ်ဖြင့် ထိန်းသိမ်းထားကြောင်းသိရသည်။ ထို့အပြင် ယင်းနေ့တစ်နေ့တည်းမှာပင် လူသတ်မှုတွင် သံသယရှိသူ အမျိုးသမီး နှစ်ဦးကို ဖမ်းဆီးခဲ့ပြီး နောက်တစ်နေ့တွင် အစစ်အဆေးမရှိဘဲ ပြန်လွှတ်လိုက်ကြောင်း ဘီဘီစီသတင်းအရ သိရသည်။ **(ဘီဘီစီ)**



# အမေရိကန်နိုင်ငံ၌ မိုးသည်းထန်စွာရွာပြီး ရေလွှမ်း နှစ်ဦးသေဆုံး၊ လူ ၂၀၀ ကျော် ရေဘေးကြုံ

**ဝါရှင်တန် မေ ၂၆**

အမေရိကန်နိုင်ငံ ဆန်အန်တိုနီယိုမြို့ရှိ ဆန်အန်တိုနီယို နိုင်ငံတကာလေဆိပ်၌ မေ ၂၅ ရက်က မိုးရေချိန် ၁၀ လက်မအထိ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ နှစ်ဦး သေဆုံးကာ တစ်ဦးပျောက်ဆုံးနေပြီး ဒေသခံ ၂၃၅ ဦးတို့အား အရေးပေါ် ကူညီကယ်ဆယ်မှုများ ပြုလုပ်ခဲ့ရကြောင်း ယူအက်စ်အေတူဒေး သတင်းဌာနက ဖော်ပြသည်။

**ရေလွှမ်းခံရ**

သေဆုံးသူနှစ်ဦးသည်အသက် ၂၉ နှစ်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက် ၆၀ ရှိ အမျိုးသမီးတစ်ဦးတို့ဖြစ်ကြပြီး ၄င်းတို့သည် ကားတစ်စီးစီတွင် ပိတ်မိနေကာ ရေလွှမ်းခံရပြီး သေဆုံးသွားခဲ့ကြခြင်းဖြစ်သည်။

**ကူညီကယ်ဆယ်**

ဆန်အန်တိုနီယိုမြို့ မီးသတ်တပ်ဖွဲ့ဝင်များ၏အဆိုအရ အချို့အိမ်များတွင် မိုးရေဝင်ရောက်မှုမှာ လေးပေအထိပင်ရှိနေပြီး ယင်းဒေသရှိ ကားများနှင့် အိမ်များအတွင်း ပိတ်မိနေသူ ၂၃၅ ဦးတို့ကို ကူညီကယ်ဆယ်ပေးခဲ့ရသည်ဟု သိရသည်။

ဆန်အန်တိုနီယိုမြို့၌ ယခုအကြိမ် မိုးရေချိန်အများအပြားရွာသွန်းမှုသည် ဒုတိယအကြိမ်ဖြစ်ပြီး ၁၉၉၈ ခုနှစ်ကလည်း မိုးရေချိန် ၁၁ ဒသမ ၆၂ လက်မရှိ မိုးရွာသွန်းမှုမျိုး ကြုံခဲ့ရဖူးသည်။

သို့သော် ဆန်အန်တိုနီယိုမြစ်၏ မြစ်ရေမြင့်တက်မှုသည် စံချိန်သစ်ဖြစ်ခဲ့ပြီး ၃၄ ဒသမ ၂ ပေ မြင့်တက်ခဲ့သည်ဟု သိရသည်။

**(ယူအက်စ်အေတူဒေး)**



# ပါရီမြို့အနောက်ပိုင်း၌ ပြင်သစ်တပ်ဖွဲ့ဝင် တိုက်ခိုက်ခံရ

**ပါရီ မေ ၂၆**

ပြင်သစ်နိုင်ငံ ပါရီမြို့အနောက်ပိုင်း လာဒီဖန်ခရိုင်တွင် မေ ၂၅ ရက် မွန်းလွဲပိုင်းက ကင်းလှည့်နေသော ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦးကို ချွန်ထက်သော စူးချွန်တစ်ခုဖြင့် ထိုးနှက်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် ၄င်းပြင်သစ်တပ်ဖွဲ့ဝင်သည် အသက်အန္တရာယ်မစိုးရိမ်ရကြောင်း ပြည်တွင်း မီဒီယာများက မေ ၂၆ ရက်တွင် ဖော်ပြသည်။

အဆိုပါ ပြင်သစ်တပ်ဖွဲ့ဝင်သည် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး အစီအစဉ်အစိတ်အပိုင်းတစ်ရပ်အဖြစ် အခြားတပ်ဖွဲ့ဝင်နှစ်ဦးနှင့်အတူ ကင်းလှည့်နေစဉ် ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် အမျိုးသားတစ်ဦးက ၄င်းတပ်ဖွဲ့ဝင်၏ လည်ပင်းကို စူးချွန်ဖြင့်ထိုးကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု နေ့စဉ်ထုတ် လီပဲရစ်စင် သတင်းစာ၌ ဖော်ပြသည်။

စူးချွန်ဖြင့်ထိုးကာ တိုက်ခိုက်ထွက်ပြေးသွားသော အမျိုးသားသည် အသက် ၃၀ အရွယ်ရှိပြီး အာရပ်ပုံစံ အဝတ်အစားများကို ဝတ်ဆင်ထားသည်ဟု ၄င်းသတင်းစာ၌ ဆက်လက်ဖော်ပြထားသည်။

**ပြောကြား**

အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့သို့ ရောက်ရှိနေသော ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က နေ့ပိုင်းအချိန် ဖြစ်ပွားမှုများအပေါ် မေးခွန်းနှင့်အဖြေများထုတ်ရန် ဖြစ်နိုင်ဖွယ်ရာများအားလုံးကို စဉ်းစားသုံးသပ်ရန်လိုကြောင်း ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် လန်ဒန်မြို့လမ်းတစ်လမ်းပေါ်၌ ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦးကို အမျိုးသားနှစ်ဦးက တိုက်ခိုက်မှုဖြစ်ပွားပြီးမကြာမီ ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

# အနာဂတ်ဝေဟင်ကို စိုးမိုးထားမယ့် ကင်းထောက်လေယာဉ်များ

မောင်နွေသစ်

**အမေရိကန်နဲ့ အစ္စရေးတို့ဟာ မောင်းသူမဲ့လေယာဉ် နည်းပညာကို အစောဆုံးရရှိထားတဲ့ နိုင်ငံတွေပါ။ ဒီမောင်းသူမဲ့ကင်းထောက်လေယာဉ်တွေဟာ ရန်သူ့စစ်စခန်းတွေကို ကင်းထောက်လှမ်းပြီး သတင်းအချက်အလက်တွေ စုဆောင်းနိုင်သလို တိုက်ခိုက်ရေးယာဉ်အဖြစ်လည်း အသုံးပြုနိုင်ပါတယ်။**



အမေရိကန်ကတော့ လွန်ခဲ့တဲ့နှစ်များက အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ ယီမင်အစရှိတဲ့ နိုင်ငံတွေမှာရှိတဲ့ စစ်သွေးကြွတွေရဲ့ အခြေစိုက်စခန်းတွေကို တိုက်ခိုက်ရာမှာ ဒီမောင်းသူမဲ့ လေယာဉ်တွေကို အဓိကထား အသုံးပြုခဲ့ပါတယ်။ ဒီလိုပစ်မှတ်ထား တိုက်ခိုက်ရာမှာ အရပ်သားတွေ အများအပြားသေဆုံးခဲ့တဲ့အတွက် အာဖဂန်နဲ့ ပါကစ္စတန်ပြည်သူတွေကတော့ ဒီကိစ္စကို လုံးဝလက်မခံကြပါဘူး။ သို့ပေမယ့်လည်း အမေရိကန်တို့ကတော့ စစ်သွေးကြွတွေကို ချေမှုန်းရာမှာ အဓိကလက်နက်အဖြစ် အသုံးပြုခဲ့ပါတယ်။ ဒီမောင်းသူမဲ့လေယာဉ်တွေဟာ မြေပြင်မှာရှိတဲ့ တပ်စခန်းတစ်ခုခုက အဝေးထိန်းကိရိယာသုံးပြီး တိုက်ခိုက်တဲ့ယာဉ်တွေဖြစ်ပါတယ်။ ဒီမောင်းသူမဲ့လေယာဉ်တွေ အသုံးပြုလာနိုင်တာနဲ့အမျှ ရဟတ်ယာဉ်တွေနဲ့ လေယာဉ်မှူးတွေ ထိခိုက်ပျက်စီးမှုတွေလည်း လျော့ပါးသွားခဲ့တယ်လို့ ဆိုပါတယ်။ ရဟတ်ယာဉ်တွေနဲ့ လေယာဉ်မှူးပိုင်းလော့တွေနေရာမှာ မောင်းသူမဲ့ယာဉ်တွေ အစားထိုးနေရာယူလာပါတယ်။

ဒီအတောအတွင်းမှာပဲ ပြင်သစ်က အမေရိကန်လုပ်မောင်းသူမဲ့ လေယာဉ်နှစ်စင်းကိုဝယ်ပြီး မာလီနိုင်ငံကို ပေးပို့ဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ မာလီနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ စစ်သွေးကြွတွေကို တိုက်ခိုက်ရာမှာ အသုံးပြုဖို့လို့ ဆိုပါတယ်။

အစ္စရေးကလည်း မောင်းသူမဲ့လေယာဉ်နည်းပညာ ပိုင်ဆိုင်ထားတဲ့ နိုင်ငံတစ်နိုင်ငံပါ။ အစ္စရေးအစိုးရအနေနဲ့ တစ်နှစ်ကို မောင်းသူမဲ့လေယာဉ်ရောင်းချရာက အမေရိကန်ဒေါ်လာ သန်း ၄၀၀ လောက် ရရှိနေတယ်လို့ မေ ၁၉ ရက်က ပရက်စ်တီဗွီ သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။ အစ္စရေးနိုင်ငံလုပ် မောင်းသူမဲ့လေယာဉ်ဝယ်ယူတဲ့ နိုင်ငံပေါင်း ၄၉ နိုင်ငံကျော်ရှိတယ်လို့ သိရပါတယ်။ လာမယ့် နှစ်များအတွင်း အစ္စရေးအစိုးရက စစ်လေယာဉ်တွေနဲ့ လေယာဉ်မှူးတွေနေရာမှာ မောင်းသူမဲ့လေယာဉ်တွေနဲ့ အစားထိုးလိမ့်မယ်လို့ သတင်းများ ထွက်ပေါ်လျက်ရှိပါတယ်။ အစ္စရေး နိုင်ငံကထုတ်လုပ်တဲ့ မောင်းသူမဲ့လေယာဉ် ၈၀ ရာခိုင်နှုန်းကို ပြင်ပသို့ တင်ပို့နေကြောင်း သတင်းများက ဖော်ပြပါတယ်။ အစ္စရေးအစိုးရဟာ ၁၉၈၂ ခုနှစ်ကတည်းက လက်ဘနွန်ကို ၎င်းက စစ်ပွဲဆင်နွှဲချိန် မောင်းသူမဲ့လေယာဉ် အသုံးပြုရာက မောင်းသူမဲ့လေယာဉ် ထုတ်လုပ်ရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အစ္စရေးလေတပ်က သူရဲ့ ရှိုဗယ်လ်လို့အမည်ရတဲ့ မောင်းသူမဲ့လေယာဉ် အားလုံးကို စက်ချွတ်ယွင်းမှုရှိတဲ့အတွက် မြေပြင်မှာ ရပ်နားထားဖို့ ဆုံးဖြတ်ထားပါတယ်။

သို့ပေမယ့်လည်း မောင်းသူမဲ့လေယာဉ်တွေဟာ အနာဂတ်စစ်ပွဲတွေမှာ ရန်သူစစ်စခန်းတွေကို အတိအကျထောက်လှမ်းပြီး တိုက်ခိုက်နိုင်တဲ့အတွက်ကြောင့် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာတာကို အထင်အရှား တွေ့ရမှာဖြစ်ပါတယ်။ အနာဂတ်ဝေဟင်မှာ မောင်းသူမဲ့လေယာဉ်တွေ စိုးမိုးလာနိုင်ပါတယ်။

# လုပ်ငန်းခွင်စိတ်ဖိစီးမှု နှလုံးရောဂါရရှိနိုင်

စပိန်သုတေသနပညာရှင်တစ်စုတို့၏ အသစ်သုတေသနပြုချက်အရ လုပ်ငန်းခွင်တွင် စိတ်ဖိစီးမှုရှိလာခဲ့ပြီဆိုလျှင် နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေး ဖောက်ပြန်မှု ဘေးအန္တရာယ် မြင့်မားလာနိုင်သည်မှာ အသေအချာဖြစ်ကြောင်း သိရှိရသည်။

လုပ်ငန်းခွင်အတွင်း ပျော်ရွှင်မှုမရှိဘဲ စိတ်ဖိစီးမှုများ ခံစားရခြင်း အနေအထားရောက်လာခဲ့ပြီဆိုရင် သွေးတွင်းအဆီပါဝင်မှု မြင့်မားလာစေနိုင်သည်ဟု ၎င်းသုတေသနပညာရှင်များက စကင်ဒီနေဗီးယန်းပြည်သူ့ကျန်းမာရေးဂျာနယ်တွင် အကြံပြုတင်ပြထားသည်။ သွေးတွင်းအဆီများပြားခြင်းသည် လီပိုပရိုတင်းဓာတ် စိုးရိမ်ဖွယ်အဆင့်ရောက်ရှိစေပြီး ယင်းကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများကို ဖြစ်ပွားစေသည်ဟု ဆိုသည်။

အဆိုပါ စပိန်သုတေသနပညာရှင်တို့က အလုပ်သမား ၉၀၀၀၀ကျော်ဖြင့် သုတေသနပြုရာ အလုပ်ချိန်တွင် မည်မျှစိတ်ခွန်အားစိုက်ထုတ်သည်၊ မည်မျှစိတ်ဖိစီးမှုဒဏ်ခံရသည် စသည်တို့သည် ကျန်းမာရေးဆိုးကျိုး မည်သို့သက်ရောက်စေသည်ကို စိစစ်ခဲ့ခြင်းဖြစ်သည်။

သုတေသနပြုချက်အရ လုပ်ငန်းခွင်စိတ်ဖိစီးမှုသည် အခြားကျန်းမာရေးဘေးဘယဆိုးကိုလည်း ဖြစ်စေနိုင်ကြောင်း၊ ယင်းမှာကိုယ်တွင်း ကိုလက်စထရောပါဝင်မှုကို ဆိုးကျိုးသက်ရောက်စေကြောင်း၊ ဖောက်ပြန်ဆိုးရွားသော ကိုလက်စထရောဟု သတ်မှတ်ထားသည့် LDL ကိုလက်စထရောပါဝင်နှုန်း မြင့်မားစေပြီး တစ်ဖက်တွင်လည်း သင့်တင့်ကောင်းမွန်သည့် ကိုလက်စထရော HDLပါဝင်နှုန်းကို နည်းပါးကျဆင်းစေကြောင်း သိရသည်။

မောင်သံဆင့်-ရေးသည်

# ပထမဆုံးလသွားယာဉ်လွှတ်တင်ခဲ့သည့် ဒုံးပျံလွှတ်စင် နာဆာက ပုဂ္ဂလိကသို့ငှားရမ်းသုံးစွဲခွင့်ပြု

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ သမိုင်းဝင်အာကာသ ဒုံးလွှတ်စင်တစ်ခုအား အာကာသရေးရာ ပုဂ္ဂလိကကုမ္ပဏီများသို့ ငှားရမ်းသွားရန် နာဆာက စီစဉ်နေပြီဖြစ်ကြောင်း မေ ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ အာကာသဒုံးပျံလွှတ်စင်မှာ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်ရှိ ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်စင် Complex 39A ဖြစ်ပြီး အတ္တလန္တစ် အာကာသလွန်းပြန်ယာဉ် ၂၀၁၁ ခုနှစ်က အနားပေးခဲ့ပြီးကတည်းက အသုံးမပြုဘဲ ရှိနေခဲ့ခြင်းဖြစ်သည်။

ယင်းအာကာသ ဒုံးပျံလွှတ်စင်သည် ပထမဆုံးလလေ့လာရေး အာကာသယာဉ် လွှတ်တင်ရာတွင် အသုံးပြုခဲ့သည့် ဒုံးပျံလွှတ်စင်လည်းဖြစ်သည်။ ၎င်းဒုံးပျံစင်ကို အပိုလိုလလေ့လာရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ၁၉၆၀ ခုနှစ်က အာကာသဒုံးပျံလွှတ်စင်နှစ်ခု တည်ဆောက်ခဲ့သည့်အနက် တစ်ခုဖြစ်သည်။

အဆိုပါ အာကာသဒုံးပျံလွှတ်စင်မှ ၁၉၆၇ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ အာကာသဒုံးပျံလွှတ်တင်မှုအကြိမ်ပေါင်း ၉၀ ကျော် လွှတ်တင်ခဲ့သည်။ သို့သော် ယခုအခါ နာဆာ၏ အာကာသလွန်းပြန်ယာဉ် အစီအစဉ်များ လွန်ခဲ့သည့် နှစ်နှစ်ကြာမှ စတင်ရပ်ဆိုင်းခဲ့ပြီးနောက် Complex 39A အပါအဝင် အခြားပစ္စည်းအများအပြားမှာ အပိုဖြစ်နေခဲ့သည်။

ယင်းဒုံးပျံလွှတ်စင်အား ပုဂ္ဂလိကအာကာသကုမ္ပဏီနှစ်ခုခန့်က ငှားရမ်းအသုံးပြုမည်ဖြစ်ကြောင်း နာဆာက ပြောကြားသည်။

အာကာဟိန်း-ရေးသည်

## နိုင်ငံတကာသတင်း

### ဆီးရီးယားအစိုးရဘက်မှ လက်ဘနွန်သူပုန်များဝင်တိုက်

မိမိတို့အနေဖြင့် ဆီးရီးယားတွင်အောင်ပွဲခံလိမ့်မည်ဟု ကတိပြု ပြောကြားလိုကြောင်း ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်ကို ကျောထောက်နောက်ခံပြုသည့် ရှီးယိုက်စစ်သွေးကြွ ဟစ်ဇ်ဘိုလာက လှုပ်ရှားမှုအဖွဲ့ လက်ဘနွန်ခေါင်းဆောင် ဟက်ဆန်နာဆရဲက ပြောကြားကြောင်း မေ ၂၅ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ "ဒီတိုက်ပွဲက ကျွန်တော်တို့ပွဲပါပဲ၊ အနိုင်ရဖို့ကတိပြုပါတယ်"ဟု ၎င်းက တီဗွီမိန့်ခွန်းတစ်ရပ်တွင် ပြောကြားသည်။ ဆီးရီးယားသူပုန်များသည် ဟစ်ဇ်ဘိုလာတို့၏ တိုက်ခိုက်မှုကြောင့် ကွာဆာယာမြို့ကို လက်လွှတ်ခဲ့ရသည်။ လက်ဘနွန်သူပုန်များအနေဖြင့် ဆီးရီးယားအစိုးရကပြည်ပကျောထောက်နောက်ခံသူပုန်များကို တိုက်ခိုက်ရာတွင် အနိုင်တိုက်ပေးရန် ကတိပြုထားသည်။

...........................

### ဘေရွတ်မြို့တောင်ပိုင်းသို့ ဒုံးကျည်နှစ်စင်းဖြင့် တိုက်ခိုက်ခံရ

လက်ဘနွန်နိုင်ငံ မြို့တော်ဘေရွတ်မြို့တောင်ပိုင်းသို့ မေ ၂၆ ရက် နံနက်က ဒုံးကျည်နှစ်စင်းကျရောက်ခဲ့ရာ ဒေသခံသုံးဦးခန့်ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်အရာရှိများနှင့် ဒေသခံများက ပြောကြားသည်။

ဘေရွတ်မြို့တောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသည့်နယ်မြေမှာ ဟစ်ဇ်ဘိုလာအဖွဲ့က ထိန်းချုပ်ထားသည့် ခရိုင်တစ်ခုအတွင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားကြောင်း မီဒီယာများက ဖော်ပြသည်။

...........................

### အာဖရိကကြွေးမြီ သန်း၉၀၀ ဘရာဇီးလျှော်မည်

ဘရာဇီးအစိုးရအနေဖြင့် အမေရိကန်ဒေါ်လာသန်း၉၀၀ နီးပါး (ပေါင်သန်း ၆၀၀) ရှိ အာဖရိကကြွေးမြီများကို လျှော်ပစ်မည်ဟု ကြေညာလိုက်ကြောင်း မေ ၂၅ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝသော တန်ဇန်းနီးယားနှင့် ဇမ်ဘီယာတို့အပါအဝင် အာဖရိက ၁၂ နိုင်ငံကို ဘရာဇီးက ကြွေးမြီများ လျှော်ပစ်မည်ဟုဆိုသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် ကမ္ဘာ့သတ္တမစီးပွားရေးအင်အား အကြီးဆုံး ဘရာဇီးနှင့် အာဖရိကတိုက်အကြား စီးပွားရေးဆက်ဆံမှု တိုးမြှင့်လိုက်ခြင်းပင်ဖြစ်သည်။

မြင့်မောင်စိုး-စုစည်းသည်



ဆောင်းပါး

## သာသည့်မြေသို့ (၃)

# သုံးပွင့်တစ်ခိုင်

တောသားလေး

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့၏ စီစဉ်မှုဖြင့် အကဲဖြတ်အဖွဲ့ဝင်များ၊ အကောက်ခွန်၊ ကုန်သွယ်မှု၊ လူဝင်မှုကြီးကြပ်ရေး၊ ဆိပ်ကမ်းအာဏာပိုင်စသည့် ဌာနဆိုင်ရာများမှ အရာရှိများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် ပညာရှင်များပါဝင်သော လေ့လာရေးအဖွဲ့သည် ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေးနှင့်ပတ်သက်၍ လေ့လာရန် ပြီးခဲ့သည့် မတ်လအတွင်းက ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ သွားရောက်ခဲ့ကြသည်။

ထိုင်းနိုင်ငံသို့ ခရီးရောက်မဆိုက်ပင် လေ့လာရေးအစီအစဉ်နှင့် ပတ်သက်၍ လူကြီးများ တိုင်ပင်ညှိနှိုင်းခဲ့ကြသည်။ ပထမဆုံးအစီအစဉ်မှာ ထိုင်းနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးကို လေ့လာရန်ဖြစ်သည်။ ထိုင်းနယ်စပ်ကုန်သွယ်ရေးကို လေ့လာရန်မှာ နေရာနှစ်နေရာအနက်မှ တစ်နေရာကိုရွေးချယ်ရန်ရှိလာသည်။ ပထမနေရာမှာ ထိုင်း-ကမ္ဘောဒီးယားနယ်စပ်မှ ပွိုင်ပတ် ဖြစ်သည်။ ဒုတိယနေရာမှာ ထိုင်း-မြန်မာနယ်စပ်မှ မဲဆောက်ဖြစ်သည်။ ထိုင်း-ကမ္ဘောဒီးယားနယ်စပ်သည် ဗန်ကောက်မှသွားရေးလာရေးလွယ်ကူသည်။ ခရီးသွားချိန်တိုတောင်းသည်။ ထိုင်း-မြန်မာနယ်စပ်မဲဆောက်မှာမူ ဗန်ကောက်မှခရီးအတန်ငယ်ဝေးသည်။ လေယာဉ်နှင့်သွားလျှင် အချိန်တိုတောင်းသော်လည်း ခရီးစဉ်ကို အချိန်ကပ်၍ စီစဉ်ခဲ့ရခြင်းကြောင့် အဖွဲ့ဝင်အားလုံးအတွက် လေယာဉ်နေရာမရနိုင်သဖြင့် ကုန်းကြောင်းမှ ကားဖြင့်သွားရန်လိုမည်။ ထိုသို့ကားဖြင့်သွားရလျှင် အခြားအစီအစဉ်များနှင့် အံဝင်ခွင်ကျဖြစ်စေရန် မဲဆောက်သို့ နေ့ချင်းပြန်သွားရမည်။ လေ့လာမည့်အချိန်ပါပေါင်းထည့်လျှင် ညတွင်းချင်းထွက်ကာ တစ်ညလုံးကားစီးမှ အချိန်လုံလောက်မည်ဖြစ်သည်။ သို့ရာတွင် ကမ္ဘောဒီးယားနယ်စပ်သို့သွားပါက ထိုင်းနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းစဉ်ကိုသာ လေ့လာနိုင်မည်ဖြစ်ပြီး မြန်မာ-ထိုင်းနယ်စပ် မဲဆောက်သို့သွားပါက ထိုင်းနိုင်ငံ၏ ကုန်သွယ်ရေးလုပ်ထုံး လုပ်နည်းများကိုသာမက မြန်မာနိုင်ငံနှင့် လက်တွေ့ကုန်သွယ်မှုအခြေအနေများကိုပါ လေ့လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပိုမိုအကျိုးရှိသော မဲဆောက်ခရီးစဉ်ကိုသာ အပင်ပန်းခံ၍ သွားကြမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ဆုံးဖြတ်သည့်အတိုင်း ညစာစားပြီး ည ၁၀ နာရီခန့်တွင် ခရီးဝေးဘတ်စ်ကားကြီးဖြင့် မဲဆောက်သို့ထွက်ခဲ့ကြသည်။ ဗန်ကောက်-မဲဆောက် အဝေးပြေးလမ်းမကြီးတစ်လျှောက် ကားများပြတ်သည်ဟူ၍မရှိဘဲ တစ်ညလုံးဥဒဟိုသွားနေကြသည်ကို တွေ့ရသည်။ ကားအမျိုးအစားလည်းစုံသည်။ ကိုယ်ပိုင်ကားငယ်များ၊ ဘတ်စ်ကားများ၊ ကုန်တင်ကားငယ်များ၊ ကုန်သေတ္တာတင်ကားကြီးများကို အမျိုးအစားစုံလင်စွာ တွေ့ရသည်။

စီးလာသည့်ဘတ်စ်ကားသည် အရွယ်ကြီးပြီး တောင်တက်၊ တောင်ဆင်းများသော ခရီးစဉ်၌ ထိန်းထိန်းသိမ်းသိမ်း မောင်းနှင်ရသောကြောင့် မဲဆောက်သို့ မိုးစင်စင်လင်းမှ ရောက်တော့သည်။ မဲဆောက်မြို့အဝင်မှ ဟိုတယ်တွင် ခေတ္တအနားယူ၊ ရေမိုးချိုးသန့်စင်၊ နံနက်စာစောစောစားကြပြီး နယ်စပ်ကုန်သွယ်မှုဂိတ်ပေါက်ဆီသို့ မဲဆောက်ကုန်သည်ကြီးများအသင်းမှ စီစဉ်ပေးသော ကားများဖြင့် ထွက်ခွာလာခဲ့ကြသည်။မဲဆောက်ကုန်သည်ကြီးများအသင်းရုံး၌ မြန်မာဘက်မှ မြဝတီကုန်သည်ကြီးများအသင်းနှင့် ထိုင်းဘက်မှ မဲဆောက်ကုန်သည်ကြီးများအသင်း အမှုဆောင်များ၏ နှစ်နိုင်ငံကုန်သွယ်ရေးအခြေအနေ ရှင်းလင်းပြောကြားချက်များကို နားထောင်ရသည်။

ထို့နောက် နှစ်နိုင်ငံနယ်စပ်ဂိတ်တွင် ကုန်စည် အဝင်-အထွက်၊ လူအဝင်အထွက် ပြုလုပ်နေမှုများကို လက်တွေ့လေ့လာကြသည်။အထူးသဖြင့် ထိုင်းဘက်မှ ဆောင်ရွက်နေမှုများကို လေ့လာခဲ့ကြသည်။ မြန်မာနှင့်စာလျှင် ထိုင်းတို့သည် ကုန်သွယ်မှုလုပ်ငန်းများ၌ များစွာဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ရာ ကုန်သွယ်ရာ၌ အစစအရာရာ အဆင်ပြေအောင် လုပ်ဆောင်နိုင်သည်ကို တွေ့ရသည်။ ပို့ကုန်နှင့်ပတ်သက်၍ ပို့ကုန်တင်ပို့ခွင့်ကို ဗန်ကောက်မှာပင် အွန်လိုင်းမှ တစ်ဆင့် အလွယ်တကူရယူနိုင်ခဲ့ပြီးဖြစ်ကာ နယ်စပ်ဂိတ်ရှိ အကောက်ခွန်စခန်း၌လည်း ယင်းစာရင်းမှာ အင်တာနက်အွန်လိုင်းရှိ ကုန်သွယ်မှုကွန်ရက်မှ တစ်ဆင့် ကွန်ပျူတာတွင် ဝင်နေပြီးသားဖြစ်သည်။ နယ်စပ် အကောက်ခွန်ရုံး၌ တင်ပြရသည်မှာ စာရွက်စာတမ်းသုံးခုသာရှိသည်။ ထို့ကြောင့် ပို့ကုန်အတွက် အကောက်ခွန်စစ်ဆေးမှုမှာ စာရွက်စာတမ်းတင်ပြရှင်းလင်းသည်မှ ယာဉ်ထွက်ချိန်အထိ ၁၀မိနစ်ခန့်သာ ကြာမြင့်သည်ကို တွေ့ရသည်။ ထိုသို့ ကြာမြင့်သည်မှာ ပို့ကုန်များကို အားပေးသည့်အနေဖြင့် VAT ခေါ် တန်ဖိုးဆင့်တိုးအခွန်သက်သာခွင့်ရရှိရေးအတွက် စာရွက်စာတမ်းများ၌ စာရင်းသွင်းမှတ်တမ်းတင်နေရသောကြောင့်ဖြစ်သည်။ အလားတူပင် ထိုင်းလူဝင်မှုကြီးကြပ်ရေးစခန်း၌လည်း ဌာနပိုင်ကွန်ပျူတာကွန်ရက်ဖြင့် လူဝင်လူထွက် လုပ်ငန်းများကို အလွယ်တကူထိန်းသိမ်းကိုင်တွယ်နေသည်ကို တွေ့ခဲ့ရသည်။ နယ်စပ်တံတား၏ ဟိုဘက်ခြမ်းနှင့်သည်ဘက်ခြမ်း ကိုက် ၁၀၀ မျှပင် မဝေးသောနေရာနှစ်ခုတွင် ဒစ်ဂျစ်တယ်ကွာဟမှု (Digital Divide) ကြီးမားနေဆဲဖြစ်သည်ကို စိတ်မကောင်းစွာ တွေ့ခဲ့ရသည်။

နှစ်ဖက်ကွာဟမှုကို ဒစ်ဂျစ်တယ်သတင်းအချက်အလက်နည်းပညာ၌သာမက အခြားသောကဏ္ဍများစွာ၌ တွေ့ရှိရသည်။ အခြေခံအဆောက်အအုံ လမ်းတံတားများနှင့်ပတ်သက်၍ ထိုင်းဘက်တွင် ဗန်ကောက်-မဲဆောက် ၂၄၃မိုင်ခရီးကို ဖြောင့်ဖြူးနေသော အဝေးပြေးလမ်းမကြီးမှ အဆီးအတားအခက်အခဲမရှိ ခြောက်နာရီမျှနှင့်ရောက်ရှိချိန်တွင် ရန်ကုန်-မြဝတီလမ်းကြောင်းမှာမူ ယခုထက်တိုင် အဆင်းတစ်ရက်၊ အတက်တစ်ရက် ယာဉ်တန်းဖြင့်သွားနေရဆဲ၊ မရှောင်သာသော တောင်ပေါ်လမ်းကျဉ်းနေရာများ၌ ကုန်တင်ကားကြီးတစ်စီးပျက်လိုက်ပါလျှင် ကံမကောင်း အကြောင်းမလှပါက နောက်မှပါလာသည့်ယာဉ်အားလုံး နာရီများစွာ ပိတ်ဆို့သောင်တင်သွားနိုင်သည်။ အာရှအဝေးပြေးလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်လာမည့် ဤလမ်းကြောင်းကို ထိုင်း-မြန်မာ-အိန္ဒိယ သုံးပွင့်ဆိုင်စီမံကိန်းအရ ထိုင်းနိုင်ငံ၏ အကူအညီဖြင့် ပြင်ဆင်ဖောက်လုပ်လျက်ရှိရာ ယင်းစီမံကိန်းပြီးစီးသည့်အခါ၌မူ ဤအခက်အခဲများအတန်အသင့် ပြေလည်သွားလိမ့်မည်ဟု မျှော်မှန်းရသည်။

ထိုင်းဘက်ကမူ ငွေကြေးပိုမိုတတ်နိုင်သည့်အလျောက် ဗန်ကောက်-မဲဆောက် မြို့ရှောင်အမြန်လမ်းမကြီးတစ်ခု ထပ်မံဖောက်လုပ်နေသည်ကို တွေ့ခဲ့ရပြီး ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းအမီ အထူးစီးပွားရေးဇုန်တစ်ခုကိုလည်း မဲဆောက်အနီးတွင် တည်ဆောက်မည်ဖြစ်ကာ ဒုတိယမြောက် နယ်စပ်ချောင်းကူးတံတားတစ်စင်းကိုလည်း ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း မဲဆောက်ရှိ ထိုင်းကုန်သည်ကြီးများထံမှ ကြားသိခဲ့ရသည်။

မိမိတို့ဘက်ကလည်း ထိုင်းတို့နှင့်ဆတူလိုက်မမီနိုင်သေးသည့်တိုင် စွမ်းနိုင်သမျှအကောင်းဆုံးဖြစ်အောင် အချိန်မီပြင်ဆင်ထားဖို့လိုပေလိမ့်မည်။ သို့မဟုတ်ပါက မိမိဘက်က အစစအရာရာတစ်ပန်းရှုံးနေပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အောက်တွင် တစ်ဖက်သတ်နစ်နာရသည့် အဖြစ်မျိုးနှင့် ကြုံတွေ့ရနိုင်ဖွယ်ရှိသည်။

လက်ရှိအခြေအနေ၌ပင် ကိုယ့်ဘက်ကအားနည်းချက်ကြောင့် ကုန်သွယ်ရေးအပိုင်းတွင် ထိခိုက်နစ်နာရသည့်ကိစ္စမှာ တရားမဝင်ကုန်သွယ်မှုဖြစ်သည်။ မိမိတို့လေ့လာခဲ့သည့် နယ်စပ်တံတားမှတရားဝင်နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်အပြင် မဲဆောက်တစ်မြို့တည်းဘက်မှပင် မြန်မာဘက်ကမ်းသို့ တရားမဝင်ကုန်သွယ်မှုဝင်ပေါက် ကူးတို့ဆိပ်ပေါင်း ၂၀ခန့်ရှိနေသည်။ ယင်းဝင်ပေါက်များသည် မိမိတို့ဘက်တွင် တရားဝင်မဟုတ်သော်လည်း မဲဆောက်ဘက်တွင်မူ တရားဝင်ဖြစ်သည်။ တရားဝင်ဂိတ်များဖွင့်၍ အနီးတွင်ကုန်လှောင်ရုံကြီးများပင် ဆောက်လုပ်ထားကာ ကားကြီးများဖင်ထိုး၍ ပစ္စည်းများကို သစ်သားလျှောစင်များမှ တစ်ဆင့် ပဲ့ထောင်လှေဝမ်းအတွင်းသို့ လျှောချပို့ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

မြန်မာဘက်တွင် စီးပွားရေးပွင့်လင်းလွတ်လပ်မှု တိုးတက်လာသည်နှင့်အမျှ ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးပမာဏသည်လည်း တစ်နှစ်ထက် တစ်နှစ် တိုးတက်များပြားလာခဲ့သည်။ မဲဆောက်ကုန်သည်ကြီးများအသင်းထံမှ ရရှိသည့်စာရင်းဇယားအရ လွန်ခဲ့သည့်ငါးနှစ်က မဲဆောက်နယ်စပ်ဝင်ပေါက်မှ နှစ်နိုင်ငံကုန်သွယ်မှုသည် ဘတ်သန်းပေါင်း ၁၉၈၁၅သန်း (ခန့်မှန်း အမေရိကန်ဒေါ်လာသန်း ၆၆၀) ခန့်ရှိခဲ့ရာမှ ပြီးခဲ့သည့်နှစ်က ဘတ်သန်းပေါင်း ၃၉၃၃၇ သန်း(ခန့်မှန်းအမေရိကန်ဒေါ်လာသန်း ၁၃၁၀)ခန့် ရှိလာရာ နှစ်ဆခန့်တိုးတက်လာသည့်သဘောဖြစ်သည်။

မြန်မာဘက်မှ တရားဝင်စာရင်းဇယားအရမူ (မြဝတီအပါအဝင်) နယ်စပ်ဝင်ပေါက်အားလုံးအတွက် ထိုင်း-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပမာဏသည် ပြီးခဲ့သည့်နှစ်က ဒေါ်လာသန်း ၅၀၀ခန့်သာရှိသည်။ သို့ဖြစ်ရာ စာရင်းဇယားကွာဟမှုကကြီးမားလှသည်။ ထိုင်းစာရင်းအရ မဲဆောက်(မြဝတီ)ဝင်ပေါက်တစ်ခုတည်းမှာပင် မြန်မာဘက်မှ စုစုပေါင်းကိန်းဂဏန်း၏ နှစ်ဆကျော် ဖြစ်နေသည်။ ကျန်သည့် တာချီလိတ်၊ ကော့သောင်း စသောဝင်ပေါက်များကို ထည့်သွင်းတွက်ချက်ပါက မည်မျှကွာဟချက်ကြီးမားသည်ကို မှန်းဆနိုင်ပေလိမ့်မည်။

မြဝတီ- မဲဆောက်ဝင်ပေါက်တစ်ခုတည်းမှာပင် တရားဝင်ဂိတ်တစ်ခုရှိချိန်တွင် တရားဝင်မဟုတ်သော ဂိတ်က ၂၀ရှိရာ တရားမဝင်ကုန်သွယ်မှု ဂိတ်အရေအတွက်က "တစ်အချိုး နှစ်ဆယ်" ဖြစ်နေသည့်အတွက် ထိုသို့ကွာဟချက်ကြီးမားခြင်းကို ထူးဆန်းလှသည်ဟု မဆိုနိုင်ပေ။

ယင်းတရားမဝင်ဂိတ်များ၌ တရားမဝင်ဟုဆိုသော်လည်း အားလုံးက ပြောင်ပြောင်တင်းတင်းပင် တင်ချပို့ဆောင်နေကြသည်။ ပို့ဆောင်ကုန်သွယ်နေသည့် ကုန်အများစုသည်လည်း တရားဝင်တင်သွင်းခွင့်မရသည့် ကုန်စည်များနှင့် တရားဝင်တင်သွင်းလျှင် အခွန်နှုန်းကြီးမားသည့်ကုန်စည်များ ဖြစ်သည်။

မဲဆောက်ကုန်သည်ကြီးများအသင်း၏ စာရင်းအရ မဲဆောက်မှတစ်ဆင့် ထိုင်းဘက်မှ မြန်မာဘက်သို့ တင်သွင်းသည့်ကုန်စည်များတွင် ဘီယာက ဘတ်သန်းပေါင်း ၂၂၂၃(ခန့်မှန်း အမေရိကန်ဒေါ်လာ ၇၆သန်း)၊ ခေါက်ဆွဲက ဘတ်သန်းပေါင်း ၂၁၇၀(ခန့်မှန်း အမေရိကန်ဒေါ်လာသန်း ၇၀)ခန့်ဖြင့် ရှေ့ဆုံးမှပြေးနေသည်။ ယင်းပစ္စည်းနှစ်မျိုးလုံးသည် မြန်မာဘက်မှ တရားဝင်တင်သွင်းခွင့်မပြုသောပစ္စည်းများဖြစ်သည်။ ခေါက်ဆွဲ၏နောက်တွင် ကပ်၍ပါလာသည်မှာ စားသုံးဆီ(စားအုန်းဆီ)ဖြစ်ပြီး ဘတ်သန်းပေါင်း ၁၂၆၀(ခန့်မှန်း အမေရိကန်ဒေါ်လာသန်း ၄၀) ခန့်ဖြစ်သည်။ နယ်စပ်တွင် ယင်းစားအုန်းဆီပုံးများကို အဝါရောင်တံဆိပ်ကပ်ထားသည့်အတွက် "ပုံးဝါ"ဟုခေါ်ကြသည်။ ထို့အပြင် ပိတ်စနှင့်အဝတ်အထည်က ဘတ် ၉၀၈ သန်း(ခန့်မှန်း အမေရိကန်ဒေါ်လာသန်း ၃၀)ခန့်ဖြစ်ပြီး အတော်များများ ပမာဏမှာ ပြည်တွင်းအထည်ချုပ်လုပ်ငန်းများအတွက်(စာရင်းမဝင်) ကုန်ကြမ်းများဖြစ်ဖွယ်ရှိသည်။ ထို့နောက် ဒီဇယ်ဆီက ဘတ်သန်း ၈၈၄(ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၉သန်း)ခန့်ဖြစ်သည်။ ယင်းမှာ မဲဆောက်၏ ဝင်ပေါက်တစ်ခုတည်းမှုဖြစ်သည်။

မြန်မာဘက်မှပို့ကုန်များ(မဲဆောက်စာရင်းအရ) ကိုကြည့်ပါလျှင်လည်း တရားဝင်ထက် တရားမဝင်ကုန်စည်များက ပို၍များသည်ကိုတွေ့ရသည်။ ပို့ကုန်များ၏ရှေ့ဆုံးတွင် သစ်နှင့်ပရိဘောဂတို့က ဘတ်သန်းပေါင်း ၃၈၈သန်းဖြစ်သည်။ သက်ရှိတိရစ္ဆာန် ကျွဲ၊ နွား၊ ဆိတ်မှာ ဘတ်သန်းပေါင်း ၃၄၀(မြန်မာငွေကျပ်သန်းပေါင်းတစ်သောင်းကျော်)ဖြစ်သည်။ ဗန်ကောက်မှ မဲဆောက်သို့ အလာခရီးစဉ်တွင် မျက်နှာချင်းဆိုင်ယာဉ်ကြောမှ သစ်တင်ကားကြီးများနှင့် နွားတင်ထားသောကားများကို မကြာခဏတွေ့ရလေရာ အဆိုပါငွေပမာဏမှာ လက်တွေ့ မြေပြင်အခြေအနေထက် နည်းနေသလားဟုထင်ရသည်။ မြန်မာဘက်မှ တင်ပို့ကုန်များနှင့် ထိုင်းဘက်က တရားမဝင်သတ်မှတ်ထားသော ကုန်စည်တစ်မျိုးမှာ ဆန်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားပေါင်း နှစ်သန်း၊သုံးသန်းခန့် အလုပ်လုပ်ကိုင်လျက်ရှိရာ ထိုအလုပ်သမားများအတွက် ဈေးသက်သာ၍ အစားခံသော မြန်မာဆန်ကြမ်းညှော်မထလိုင်းကို မြန်မာဘက်မှဝယ်ယူ၍ ရောင်းချခြင်းဖြစ်သည်။ထိုသို့ မြန်မာဘက်မှ ထိုင်းဘက်သို့ သယ်ယူရောင်းချသည့်ဆန်တန်ဖိုး မည်မျှရှိသည်ကိုမူမသိပါ။

ထို့အတူ မြန်မာနှင့်ထိုင်းအကြား တရားမဝင်ကုန်သွယ်မှုပမာဏ မည်ရွေ့မည်မျှရှိသည်ကိုလည်းမည်သူမျှ အတိအကျသိနိုင်မည်မဟုတ်ပါ။ သို့သော် မှန်းဆ၍ ရနိုင်သည့်ကိန်းဂဏန်းအချို့ကိုမူ ရှာဖွေထောက်ချင့်စဉ်းစားနိုင်ပါသည်။ ထိုင်းနယ်စပ်ကုန်သွယ်ရေးကို လေ့လာသုတေသနပြုသည့် ဂျပန်သုတေသနစာတမ်းတစ်စောင်အရ ၂၀၁၀ပြည့်နှစ်တွင် ကန်ချနာပူရီပြည်နယ်ရှိ နယ်စပ်ကုန်သွယ်မှု ဝင်ပေါက်များမှ ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄၀၀ခန့်ရှိသည်ကို ဖော်ပြထားသည်။ မြန်မာဘက်မှ စာရင်းအရ ၂၀၁၀-၂၀၁၁ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၃၀၀ခန့်သာ ဖော်ပြထားရာ မည်မျှကွာဟနေသည်ကို မှန်းဆ၍ရနိုင်မည်ထင်ပါသည်။

ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ရရှိမည့် အခွန်အကောက်များ မည်မျှနစ်နာနေမည်ကိုလည်း စဉ်းစားဖွယ်ဖြစ်လာသည်။ ထို့အတူ အခွန်ကိုရှောင်၍ ဝင်လာသောကုန်စည်များကြောင့် တရားဝင်အခွန်ပေးဆောင်၍ လုပ်ကိုင်နေကြသော ပြည်တွင်းလုပ်ငန်းရှင်များ၏ အမျိုးတူကုန်ပစ္စည်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုတွင် အရေးနိမ့်နေသည့် အရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ ထို့အပြင် အလားတူကုန်ပစ္စည်းမျိုးကို ပြည်ပမှ တရားဝင်အခွန်ဆောင်၍ တင်သွင်းသော မြန်မာသွင်းကုန်လုပ်ငန်းရှင်များအတွက်လည်း များစွာနစ်နာစေလျက်ရှိသည်။ သို့ဖြစ်ရာ ဤအရေးကိစ္စသည် နိုင်ငံ၏ စီးပွားရေးတစ်ခုလုံးအတွက် အလွန်အရေးပါသည့် ကိစ္စတစ်ရပ်ဖြစ်နေပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community) နှင့်အာဆီယံတစ်ခုတည်းသော ပြတင်းပေါက်စနစ် (ASEAN Single Window) စတင်ကျင့်သုံးရတော့မည့် မကြာမြင့်တော့သောကာလတွင် ထိုကဲ့သို့ တရားဝင်ကုန်သွယ်မှုထက် တရားဝင်မဟုတ်သော ကုန်သွယ်မှုက များနေသည့်အခြေအနေမျိုးဖြင့် ဆက်သွားနေ၍ ဖြစ်နိုင်မည်မဟုတ်ပေ။ နယ်စပ်ကုန်သွယ်မှုအားလုံးကို တရားဝင်ကုန်သွယ်ရေးဖြစ်အောင် ပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။

ထိုသို့ ပြုပြင်ပြောင်းလဲရာတွင် ရင်ဆိုင်ရမည့် အခက်အခဲနှင့်စိန်ခေါ်မှုအများအပြားရှိနေမည်မှာ မလွဲဧကန်ဖြစ်သည်။ နိုင်ငံရေးတည်ငြိမ်မှု၊ နယ်မြေအေးချမ်းလုံခြုံမှု၊ တရားဥပဒေစိုးမိုးမှု၊ အခြေခံအဆောက်အအုံ၊ ခေတ်မီသတင်းအချက်အလက်နည်းပညာနှင့် ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်ရေးဝန်ထမ်းအဖွဲ့အစည်းအင်အား၊ ပကတိအခြေအနေနှင့် ကိုက်ညီသော ပို့ကုန် သွင်းကုန်၊ အကောက်ခွန်နှင့် ဘဏ်ဥပဒေလုပ်ထုံးလုပ်နည်းများ၊ မှန်ကန်သော စီမံခန့်ခွဲမှုစနစ်စသည်ဖြင့် များစွာသောအကြောင်းအချက်အလက်များ လိုအပ်နေမည်ဖြစ်သည်။

ဤသို့ များပြားလှသော အကြောင်းအချက်၊ အခက်အခဲ၊ စိန်ခေါ်မှုများကို ဖြေရှင်းရာ၌ ယာယီရေတိုကုစားမှု(Adhoc)နည်းလမ်းများသည် ဝေဒနာကို ခေတ္တသက်သာစေရန် လက်ပူတိုက် ကြပ်ထုပ်ထိုးသည့် ကုထုံးမျှသာဖြစ်ပြီး ရောဂါပျောက်ကင်းစေရေးအတွက်မူ များစွာမျှော်လင့်၍ ရနိုင်မည်မဟုတ်ပေ။ ရေတိုသာမက ရေရှည်နှင့် အလယ်အလတ်ကာလများအတွက် စနစ်တကျတွက်ချက်စဉ်းစားသုံးသပ်ကာ မှန်မှန်ကန်ကန်ဖြေရှင်းနိုင်မှသာ ပြေလည်နိုင်မည်ဖြစ်ပါသည်။

ခြုံ၍ဆိုရပါလျှင် နိုင်ငံတစ်ဝန်းငြိမ်းချမ်းရေးရရှိမှသာ နယ်စပ်ဒေသများတွင် လုံခြုံတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှု ရှိနိုင်ပါမည်။ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံမှုရှိမှသာ လမ်းတံတားစသည့် အဆောက်အအုံပိုင်း၊ ယာဉ်၊ ရထားစသည့်သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားလိုင်း၊ ဆက်သွယ်ရေးစသည်တို့ ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ပြီး အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စသော ဌာနဆိုင်ရာများ၏ လုပ်ငန်းများကို ထိရောက်မှန်ကန်စွာဆောင်ရွက်နိုင်ကာ ကုန်သွယ်မှုအပါအဝင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအောင်မြင်လာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူအားလုံး၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအပေါ် ယုံကြည်အားထားမှု တိုးတက်မြင့်မားလာပြီး အမျိုးသားတစ်ရပ်လုံးစုစည်းညီညွတ်မှု National Integration ကိုရရှိလာကာ အမျိုးသားရေး တည်ဆောက်ထူထောင်မှု၊ Nation Building လုပ်ငန်းအောင်မြင်လာမည်ဖြစ်ပါသည်။ တစ်ဖန် အမျိုးသားထူထောင်မှုလုပ်ငန်းအောင်မြင်မှုသည် နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေးရရှိမှုအတွက် ခိုင်မာသော အာမခံချက်ဖြစ်လာပါလိမ့်မည်။

ဤသို့ဖြင့် နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သည့် နိုင်ငံတော်၏ အဓိကလုပ်ငန်းကြီးသုံးရပ်ဖြစ်သော ငြိမ်းချမ်းရေးတည်ဆောက်မှု၊ နိုင်ငံတည်ဆောက်မှုနှင့် အမျိုးသားတည်ဆောက်မှု(Peace Building, State Building and Nation Building) တို့သည် "သုံးပွင့်တစ်ခိုင်" သဖွယ် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြု၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းအားလုံး၊ နိုင်ငံရေးအင်အားစုအားလုံး၊ လူထုလူတန်းစားအားလုံးပါဝင်သည့်ပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍတွင် အားကြိုးမာန်တက်အပြုသဘော ပါဝင်ဆောင်ရွက်သွားကြမှသာ ပြည်သူအားလုံး မျှော်မှန်းလျက်ရှိသည့် ဒီမိုကရေစီရွှေပြည်တော်သစ်ဆီသို့ ချောမွေ့လျင်မြန်စွာ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ကယ်ဆယ်ရေးစခန်းများသို့ လှည့်လည်ကြည့်ရှုပြီး ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်တွေ မေ ၂၆**

စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနိုင်လင်း၊ ဒေါက်တာကျော့သာစိန် ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်တွေမြို့သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ကွင်းဆင်းသင်တန်းသူများ ပါဝင်သောအဖွဲ့သည် မေ ၂၆ ရက် နံနက်ပိုင်းမှစ၍ စစ်တွေမြို့နယ်ရှိကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာလှည့်လည်ကြည့်ရှုပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

**ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးရာတွင် အသက်တစ်နှစ်အောက် ကလေးစာရင်းကောက်ယူခြင်း၊ အသက်ငါးနှစ်အောက် ကလေးစာရင်း ကောက်ယူခြင်း၊ အသက် ၁၅ နှစ်အောက် စာရင်းကောက်ယူခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများစာရင်းကောက်ယူခြင်းနှင့် အသက် ၆၅ နှစ်အထက်သက်ကြီးများ စာရင်းကောက်ယူခြင်းများကို အဖွဲ့များခွဲကာ ဆောင်ရွက်ခဲ့ပြီး စုရပ်များသို့ လာရောက်သောလူနာများအား ကျန်းမာရေးပညာပေးခြင်းနှင့် ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကယ်ဆယ်ရေးစခန်းတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသွားမှာပါ။ ဒီစခန်းတွေမှာရှိတဲ့သူတွေအနေနဲ့လည်း ကျန်းမာရေးကဏ္ဍနဲ့ သက်ဆိုင်လာရင် ကျွန်မတို့နဲ့ ဆက်သွယ်ပြီး ဆောင်ရွက်ပေးစေချင်ပါတယ်။ တာဝန်ကျဆရာဆရာမတွေကလည်း ဆေးခန်းတွေလာပြီး ဖွင့်ပေးမှာပါ။ အားလုံးကျန်းမာရေး အဆင်ပြေစေဖို့ ကျွန်မတို့ဝန်ထမ်းတွေနဲ့လက်တွဲပြီး ဆောင်ရွက်ပေးကြပါ"ဟု ဒေါက်တာကျော့သာစိန်က စက်ရုံစု ကယ်ဆယ်ရေးစခန်း(၂)တွင် မေ ၂၆ ရက် နံနက်ပိုင်းက ပြောကြားသည်။

စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် မေ ၂၆ ရက်က ဆောင်ရွက်ခဲ့မှုများတွင် ကိုယ်ဝန်ဆောင် ၃၉ ဦးအပါအဝင် စုစုပေါင်းလူနာ ၁၁၂ ဦးကို ဆေးဝါးကုသပေးခဲ့သည်။ နောင်တွင်လည်း ကယ်ဆယ်ရေးစခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူမျိုးမရွေး၊ ဘာသာမရွေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လေးဝတီ ထွန်းစောခိုင်**





# သမဝါယမစီးပွားရေးဗဟိုဌာနကြီးတစ်ခု ဖွင့်လှစ်တော့မည်

ဗဟိုသမဝါယမအသင်းလီမိတက်အနေဖြင့် သမဝါယမအသင်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံတကာအဆင့်မီ သမဝါယမစီးပွားရေးဗဟိုဌာနကြီးတစ်ခုကို မကြာမီ ရက်ပိုင်းအတွင်း ဗဟန်းမြို့နယ်ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ (ယခင် ဆရာစံပလာဇာ) အဆောက်အအုံ၌ ဖွင့်လှစ်တော့မည်ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ သမဝါယမစီးပွားရေးဗဟိုဌာနအတွင်းရှိ Cooperative Souvenir Shop ကို ဖွင့်လှစ်ရခြင်းမှာ ပြည်တွင်းပြည်ပခရီးသွားများအနေဖြင့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများကို တစ်နေရာတည်းတွင် အဆင့်မြင့်စိတ်အေးချမ်းစွာ ဝယ်ယူနိုင်ရေးအတွက် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

စီးပွားရေးဗဟိုဌာနတွင် ငါးထပ်နှင့် ခုနစ်ထပ်အဆောင်နှစ်ခုပါရှိပြီး အဆိုပါအထပ်များတွင် သမဝါယမဘဏ်လီမိတက်၊ ဗဟိုသမဝါယမအသင်းရုံးခန်းများ၊ သမဝါယမအမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ ကုမ္ပဏီရုံးခန်းများ၊ အစည်းအဝေး အခန်းအမျိုးမျိုး၊ နိုင်ငံသားစီးပွားရေးအာမခံ အများပိုင်ကုမ္ပဏီ၊ ဘုရင့်နောင်ဆောက်လုပ်ရေး၊ ရွှေမြန်မာလေကြောင်းလိုင်း ရုံးခန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြေညီထပ်တွင် Century Bright Gold Services Co., Ltd. က နိုင်ငံတကာအဆင့်မီ ကားအရောင်းပြခန်းတစ်ခုကိုပါ ဖွင့်လှစ်သွားမည်ဖြစ်သည်။

စီးပွားရေးဗဟိုဌာနပြန်ကြားရေးတာဝန်ခံဦးဌေးအောင်ကြည်က "အခုဒီနေရာက အချက်အချာကျတဲ့နေရာမှာရှိတဲ့အပြင် ဒီစီးပွားရေးဗဟိုဌာနကြီးကိုလာတဲ့ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ခရီးသွား ဧည့်သည်တွေကို စိတ်ချမ်းမြေ့စွာနဲ့ ဈေးဝယ်နိုင်အောင် စီစဉ်ပေးထားတဲ့အပြင် ရုံးခန်းများကိုပါ ပြည်တွင်း ပြည်ပကုမ္ပဏီကြီးတွေကို ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ သမဝါယမစီးပွားရေးဗဟိုဌာန အဆောက်အအုံ (ဆရာစံပလာဇာ) ဖွင့်ပွဲနှင့်အတူ စတုတ္ထအကြိမ်မြောက် သစ်သားပန်းပုပြိုင်ပွဲဆုချီးမြှင့်ပွဲကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကာ အဆိုပါ အဆောက်အအုံကို ၁၉၉၃-၁၉၉၄ခုနှစ်က စတင်ထည်ထောင်ခဲ့ပြီး ယနေ့အချိန်တွင် သမဝါယမအသင်းပေါင်း ၂၆၈သင်း၏ အစုထည့်ဝင်ငွေများဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုသောကြာ**

# မိုးပွင့်အဆင့် (၅) ကွင်းဆင်းဆောင်ရွက်

**မူဆယ် မေ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် မြို့ပေါ်ရပ်ကွက်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား မိုးပွင့်အဆင့် (၅)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၂၅ ရက်က တော်ရွက်လူငယ်ဇရပ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးမင်းဆွေနှင့် ဝန်ထမ်းရှစ်ဦးက ဆောင်ရွက်ခဲ့သည်။

**လှူဒါန်း**

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံသား ၅၆ ဦး၏ နိုင်ငံသားဖြစ်မှု၊ စိစစ်ရေးကတ်ပြားထုတ်ပေးခြင်း ဓာတ်ပုံခ၊ နိုင်ငံသား(အမတ) စရိတ်ငွေ ၅၆၃၉၂ ကျပ်ကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းငွေငွေက လှူဒါန်းပေးခဲ့သည်။

ယင်းသို့ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ရာတွင် ရပ်ကွက်နေပြည်သူများက အခကြေးငွေကုန်ကျစရိတ်များကို ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကျခံပေးခြင်းနှင့် နေ့ချင်းပြီးဆောင်ရွက်ပေးသည့် သက်ဆိုင်ရာဦးစီးဌာနအား ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြန်လည်ပြောကြားသည်။

**အယ်လ်စိုး**(iprd)

# မြစ်ငယ်(အလယ်)ကားတံတားပေါ်မှ ဖြတ်သန်းခွင့်ပြုစေချင်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့အနီး မြစ်ငယ်မြစ်ပေါ်တွင် တောင်နှင့်မြောက် သွယ်တန်းထားသော တံတားကြီးသုံးစင်းတည်ရှိသည်။ ထိုတံတားကြီးသုံးစင်းမှာ မီးရထားတံတား(ခုံးပါ)၊ ကားတံတား(ခုံးပါ)နှင့် ရန်ကုန်-မန္တလေးကားလမ်းမပေါ် တံတားသစ်ကြီး(ခုံးမပါ)တို့ဖြစ်သည်။

တံတားသစ်ကြီး ဖွင့်လှစ်ပြီးကတည်းက ယခင်ကားတံတား(ခုံးပါ) ပေါ်မှ ဖြတ်သန်းခွင့်မရရှိတော့ပါ။ တံတားသစ်ကြီးပေါ်မှပင် အားလုံးဖြတ်သန်းသွားလာရသည်။

မြစ်ငယ်တံတားများ၏ မြောက်ဘက်ထိပ်သည် အမရပူရမြို့နယ်ဖြစ်၍ တောင်ဘက်ထိပ်သည် စဉ့်ကိုင်မြို့နယ်ဖြစ်သည်။ စဉ့်ကိုင်မြို့နယ် စိတ္တရအင်းလေးခြံ၊ ၁၂ကိုင်းရွာသစ်၊ မြောက်ကိုင်းကျေးရွာများမှ ကျောင်းသားကလေးများမှာ မြစ်ငယ်တံတားကြီးမြောက်ဘက်ရှိ မြစ်ငယ်အထက်တန်းကျောင်းတွင် လာရောက်ပညာသင်ကြားရသည်။

ကျောင်းသို့လာရသော ကျောင်းသား ကလေးငယ်များမှာ အလယ်ကားတံတားကို ဖြတ်သန်းခွင့်မရဘဲ ယာဉ်ကြောရှုပ်ထွေးသော တံတားသစ်ကြီးပေါ်မှ ဖြတ်သန်းရသည့်အတွက် မိဘများစိုးရိမ်ပူပန်နေရသည်။



မြစ်ငယ်တံတားသစ်ကြီး မြောက်ဘက်ထိပ် ၁၂ မိုင်လမ်းဆုံသည် စစ်ကိုင်းမြစ်ငယ်ဖြတ်လမ်းလည်း ဆုံရာဖြစ်၍ ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားသည်။ မြစ်ငယ်အထကမှ အထက်တန်းပြဆရာမ ဒေါ်ခင်မြင့်စိန် မြောက်ကိုင်းကျေးရွာနေသူသည် ယင်းနေရာမှာပင် ယာဉ်မတော်တဆမှုဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။ အလားတူပင် မြောက်ကိုင်းကျေးရွာနေ စပါးစိုက်တောင်သူ ဦးသန်းစိုးမှာလည်း အဆိုပါနေရာ၌ပင် ယာဉ်မတော်တဆမှုဖြင့် သေဆုံးခဲ့ရပြန်သည်။

နိုင်ငံ၏ ပညာရေးဝန်ထမ်းနှင့် စပါးစိုက်တောင်သူတို့ အသက်ဆုံးရှုံးခဲ့ရသဖြင့် ယာဉ်ကြောရှုပ်ထွေးသော ကားတံတားသစ်ရှောင်ကွင်းရာ မြစ်ငယ်အလယ်တံတားပေါ်မှ ကျောင်းသားကလေးငယ်များနှင့် ကျေးရွာသူကျေးရွာသားများအတွက် အလယ်ကားတံတားကို ပြန်လည်ဖွင့်ပေးစေချင်ကြောင်း သိရသည်။ အလယ်ကားတံတားခုံးကိုပါ ဖွင့်ပေးပြီး ဖြတ်သန်းခွင့်ပြုခြင်းအားဖြင့် ပြည်သူများ ယာဉ်မတော်တဆအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

SDEC

International School

Skills Developing Education Centre

An ISO 9001:2008 Certified Organisation

2013 - 2014 အတွက် Nursery - Pre KG, မှစ၍ IGCSE အထိကျောင်းသားအသစ်များစတင်လက်ခံနေပြီ ဖြစ်ကြောင်း။

စနေ၊တနင်္ဂနွေ Weekend Class သင်တန်းများကိုလည်း လက်ခံ အပ်နှံ နိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

Centre (1) - အမှတ်(၃)ရိုးစိန်လမ်းဗဟန်းမြို့နယ်။

Centre (2) - အမှတ်(၅၃/ဘီ)ရိုးစိန်လမ်းဗဟန်းမြို့နယ်။

Centre (3) - အမှတ်(၂၅၃/၂၅၇)(၂၉)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။

Phone: 545681, 430026, 095011117, 095144987, 0973206650.

# ဇင်းကျိုက်ကျေးရွာ အသေးစားရေအားလျှပ်စစ်စက်ရုံ ပုဂ္ဂလိကသို့ လွှဲပြောင်းမည်ဟုသိရ

**မော်လမြိုင် မေ ၂၆**

မွန်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးနိုင်လဝီအောင်သည် ပြည်နယ်မြန်မာ့လျှပ်စစ် ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါပြီး ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာရှိ အသေးစားရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိလာပြီး စက်ရုံဧည့်ခန်းမတွင် မေ ၂၂ ရက် နံနက် ၁၀ နာရီခွဲခန့်က သထုံခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမောင်လန်းနှင့်ဦးချမ်းမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမိုင်းအောင်နေထွန်း၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးက ဇင်းကျိုက်ရေအားလျှပ်စစ်စက်ရုံအား ပုဂ္ဂလိကသို့ လွှဲပြောင်းပေးမည်ဖြစ်၍ လျှပ်စစ်တာဘိုင်များ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ရန် ဆွေးနွေးပြောကြားပြီး သထုံခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်လွင်က (100 KW)တာဘိုင်စက်တစ်လုံးသည် လုံးဝအသုံးပြုမရတော့ကြောင်း (64 KW) တာဘိုင်စက်သုံးလုံးကို ပြန်လည်ပြုပြင်၍ အသုံးပြုနိုင်ကြောင်း၊ စက်ရုံသို့ သွယ်တန်းထားသည့် ရှစ်လက်မရေပိုက်များ ပေါက်နေသဖြင့် ပြန်လည်ပြုပြင်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါစက်ရုံကို ပုဂ္ဂလိကက လွှဲပြောင်းရယူပါက ၎င်းတို့ရုံးချုပ်သို့ မီတာတစ်ယူနစ်လျှင် ၁၅ ကျပ် ပေးသွင်းရမည်ဟု ရှင်းလင်းတင်ပြပြီး ကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးရန်လင်းအောင်က စက်ရုံရှေ့ရှိ မြေနေရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဧည့်ရိပ်သာဆောက်လုပ်ပြီး ရန်ပုံငွေရှာဖွေလိုကြောင်း ပြောကြားသည်။

အဆိုပါ ရန်ပုံငွေများဖြင့် စက်ရုံပြုပြင် ထိန်းသိမ်းပေးသွားမည်ဖြစ်ကြောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းနိုင်က ရေတံခွန်သန့်ရှင်းသာယာလှပရေးအတွက် ရေတံခွန်အနီးရှိ ဆိုင်ခန်းများကို ဖျက်သိမ်းပြီး ပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးရန် စသည်ဖြင့် တင်ပြခဲ့သည်။

**(ထိပ်တင်ထွန်း)**

ပြည်တွင်းသတင်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ နိုင်ငံတော် သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ဂျပန်နိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ဂျပန်နိုင်ငံဝန်ကြီးချုပ်က ၎င်းနှင့်အတူ လိုက်ပါလာကြသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးအေးမြင့်၊ ဒေါက်တာမြအေး၊ ဒေါက်တာကံဇော်၊ ဦးဌေးအောင်နှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင်တို့ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Mikio NUMATA နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့အား နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ် မောင်မယ်များကလည်း နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်းပြီး ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဆွေတော် ဝန်ကြီးချုပ်အနေဖြင့် ၃၆ နှစ်ကြာကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် အစိုးရအဖွဲ့ အကြီးအကဲဖြစ်သည့်အပြင် အဘိုးဖြစ်သူရော၊ ဖခင်ဖြစ်သူပါ အစိုးရတာဝန်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ဖူးသဖြင့် မျိုးဆက်သုံးဆက်တိုင်တိုင် မြန်မာနိုင်ငံအပေါ် ချစ်ခင်ရင်းနှီးစွာ လာရောက်လည်ပတ်နိုင်ခဲ့သည့်အပေါ် လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ စတင်ချိန်ကပင် ကြိုဆိုထောက်ခံခဲ့ခြင်းအတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ဂျပန်နိုင်ငံ ပါဝင်ဆောင်ရွက်နိုင်မည့်အလားအလာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ စတော့ရှယ်ယာဈေးကွက် ပေါ်ပေါက်ရေး၊ အကောက်ခွန်လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေးနှင့် ပြည်သူချင်းဆက်ဆံမှု တိုးမြှင့်ရေး စသည့် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများ၊ ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**ကတိပြုပြောကြား**

အဆိုပါဆွေးနွေးမှုများအတွင်း ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးက ဂျပန်နိုင်ငံအနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စသည့် အဓိကလုပ်ငန်းနယ်မြေ သုံးခုအတွက် ဖွံ့ဖြိုးရေးအကူအညီ ယန်းသန်းပေါင်း ၉၁၀၀၀ အကူအညီပေးအပ်မည်ဖြစ်ကြောင်း ကတိပြုပြောကြားသွားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအေးမြင့်၊ ဦးဝင်းမြင့်၊ ဒေါက်တာမြအေး၊ ဒေါက်တာကံဇော်၊ ဦးဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအစိုးရမှဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံမှ ဆက်လက်ထောက်ခံသွားမည်

▲ ရှေ့ဖုံးမှ

ပေးအပ်သွားရန်ဆုံးဖြတ်ခဲ့ကာ ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ယန်းချေးငွေသစ်နှင့် ထောက်ပံ့ငွေများပေးအပ်ရေး သဘောတူညီမှုစာချုပ်များကို လဲလှယ်ခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် မြန်မာအစိုးရ၏စွမ်းဆောင်နိုင်မှုစွမ်းရည် တည်ဆောက်ရေးနှင့် အဖွဲ့အစည်းဌာနဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဂျပန်နိုင်ငံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း သဘောတူကြပြီး နည်းပညာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန် သန္နိဋ္ဌာန်ချခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မာစေရန် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက် ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အကောင်အထည်ဖော်မှုကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရေး၊ သီလဝါစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးများကို လက်တွဲလုပ်ဆောင်သွားရန် သဘောတူခဲ့ကြသည်။ မကြာသေးမီကစတင်ခဲ့သော 'ဂျပန်-မြန်မာပူးတွဲ ပဏာမခြေလှမ်း' ခေါင်းစဉ်အောက်မှ ဆွေးနွေးမှုများဖြင့် မြန်မာနိုင်ငံတွင် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုများအတွက် ကောင်းမွန်သည့်ဝန်းကျင်တစ်ခု ထူထောင်ပေးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူ့အဖွဲ့အစည်းတို့ကို မထိခိုက်စေရန် လုပ်ဆောင်သွားရေး စသည့်အချက်များကို ထည့်သွင်းစဉ်းစားကာ ဆောင်ရွက်သွားမည်ဟု မြန်မာနိုင်ငံ၏ ကတိကဝတ်ပြုမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ သမ္မတဦးသိန်းစိန်မှ ထပ်လောင်းကတိပြုခဲ့သည်။

**(၃) နှစ်နိုင်ငံပြည်သူအချင်းချင်းနှင့် ယဉ်ကျေးမှုဖလှယ်မှု တိုးမြှင့်ရေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ရှည်လျားသည့်သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များလည်း ရှိကြသည့်အပြင် အစားအစာနှင့် ဘာသာရေးတွင်လည်း တူညီမှုများစွာ ရှိကြသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ထူထောင်မှု အနှစ် (၆၀)ပြည့်မြောက်မည်ဖြစ်ပါသည်။ နှစ်နိုင်ငံအကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံပြည်သူများအကြား နှစ်ပေါင်းများစွာ ကူးလူးဆက်ဆံမှုများမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုကို ဖြစ်ထွန်းစေခဲ့ပြီး ကဏ္ဍအားလုံးတွင် ဆက်လက်တိုးမြှင့်ဆက်ဆံသွားမည်ဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နှစ်နိုင်ငံ JENESYS 2.0 လူငယ်များ အပြန်အလှန်လည်ပတ်မှုအစီအစဉ်ကို ပိုမိုတိုးမြှင့်သွားရေးကို မြင်တွေ့ရန်မျှော်လင့်ကြောင်း ပြောကြားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ သမ္မတဦးသိန်းစိန်မှ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားများ လွယ်ကူစွာလာရောက်နိုင်ရေး ကူညီပေးရန်ရည်ရွယ်ကြောင်း ကတိပြုပြောကြားသည်။



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့၏ မြန်မာနိုင်ငံခရီးစဉ်အပြီး နှစ်နိုင်ငံပူးတွဲကြေညာချက် ထုတ်ပြန်စဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံအကြား သမိုင်းကြောင်းအရ ရှည်လျားသည့် ယဉ်ကျေးမှုနှင့် အားကစား အပြန်အလှန်ဖလှယ်မှုများပြုလုပ်ရန်နှင့် ယဉ်ကျေးမှုနှင့် အားကစားဖလှယ်မှုများကို ပိုမိုမြှင့်တင်ရန် နှစ်နိုင်ငံခေါင်းဆောင်များမှ သဘောတူညီခဲ့သည်။ အထူးသဖြင့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး၌ ကူညီပံ့ပိုးပေးရန် ဝန်ကြီးချုပ် မစ္စတာ အာဘေးမှ ထပ်လောင်းပြောကြားခဲ့သည်။

**(၄) နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုခိုင်မာလာစေရေး**

နှစ်နိုင်ငံခေါင်းဆောင်များမှ အာရှ-ပစိဖိတ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာဒေသအသီးသီး၌ ဒေသတွင်းကိစ္စရပ်များနှင့် လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုများ ပိုမိုတိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များမှ နှစ်နိုင်ငံကာကွယ်ရေး အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အထက်ဖော်ပြပါ ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ခိုင်မာစေရန်အတွက် ဂျပန်နိုင်ငံမှကြေညာထားသည့် အဆိုပါစီမံကိန်းများသည် မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အကျိုးပြုမည်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။ ဂျပန်အစိုးရအပါအဝင် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အထောက်အကူပေးလျက်ရှိသည့် (သို့မဟုတ်) အထောက်အကူပေးရန် ဆောင်ရွက်ဆဲဖြစ်သည့် ဘက်စုံအထောက် အကူပေးရေးစီမံကိန်းများအတွက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် အတည်ပြုခဲ့ကြရာ နှစ်နိုင်ငံခေါင်းဆောင်များမှ ကြိုဆိုခဲ့ကြသည်။

ယခုနှစ်သည် အာဆီယံ- ဂျပန် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး နှစ် (၄၀) ပြည့်မြောက်သည့် အခါသမယဖြစ်ရာ ဂျပန်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ရည်ရွယ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များမှ သဘောတူညီခဲ့ကြသည်။ အဆိုပါသဘောတူညီမှုအရ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ယခုနှစ် ဒီဇင်ဘာလတွင်ပြုလုပ်မည့် ဂျပန်- အာဆီယံ အထူးထိပ်သီးဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်မည်ဟု ကတိကဝတ်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပရာတွင် လိုအပ်သည်များကို ဂျပန်နိုင်ငံမှ အထောက်အပံ့များ ဆက်လက်ပေးအပ်ခြင်းကို ကြိုဆိုသည်။

**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၂၆ ရက်**

ပြည်တွင်းသတင်း

# သယံဇာတကြွယ်ဝသည့်မြန်မာနိုင်ငံနှင့် အတွေ့အကြုံနှင့်နည်းပညာကြွယ်ဝသည့် ဂျပန်နိုင်ငံတို့အနာဂတ်တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်မည်

နေပြည်တော် မေ ၂၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။**

ထိုသို့တွေ့ဆုံစဉ် ရန်ကုန်တက္ကသိုလ်နှင့် နာဂိုယာတက္ကသိုလ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်-မြန်မာဥပဒေရေးရာ သုတေသနဌာန (Japan-Myanmar Legal Center) တည်ထောင်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SMEs) ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍများတွင် ကူညီပံ့ပိုးပေးရေး၊ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာ/အတတ်ပညာ အကူအညီပေးရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများအတွက် အသေးစား ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး မြို့ပြစီမံကိန်းရေးဆွဲမှု၊ မြို့ပတ်ရထားလမ်းခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းရေးနှင့် ရှေးဟောင်း အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာနိုင်ငံတွင် မော်တော်ကားစက်ရုံများ တည်ဆောက်ထုတ်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

## တက်ရောက်အားပေး

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်နှင့် ရန်ကုန်မြို့တော် ရေပေးဝေရေးစနစ် တိုးတက်မြှင့်တင်ရေး စီမံချက်စာချွန်လွှာကို ဒုတိယဝန်ကြီး ဒေါ်ခင်စန်းရီနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Mikio NUMATA တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်အတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ ဂျပန်ယန်း ၅၁ ဒသမ ၀၅၂ ဘီလီယံအား ပေးအပ်ရေးအတွက် လဲလှယ်မှု စာချွန်လွှာ၊ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကြွေးလျှော်ပေးသည့် ၆၀ ရာခိုင်နှုန်းအနက် ကြွေးလျှော်ရန်ကျန်ရှိသည့် ဂျပန်ယန်း ၁၂ ဒသမ ၅ ဘီလီယံအား ကြွေးလျှော်ပေးရေး လဲလှယ်မှုစာချွန်လွှာနှင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ကြွေးလျှော်ပေးသည့် ၆၀ ရာခိုင်နှုန်းအနက် ကြွေးလျှော်ရန်ကျန်ရှိသည့် နောက်ကျကြေး ဂျပန်ယန်း ၁၇၆ ဒသမ ၁ ဘီလီယံအား ကြွေးလျှော်ပေးရေး လဲလှယ်မှုစာချွန်လွှာတို့ကို ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဂျပန်နိုင်ငံသံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

## တိုးတက်ခိုင်မြဲလာ

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မိမိ၏ ဖိတ်ကြားချက်ဖြင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မြန်မာနိုင်ငံသို့ သုံးရက်ကြာချစ်ကြည်ရေးခရီးရောက်ရှိနေခြင်း ဖြစ်ပါကြောင်း၊ ဤခရီးစဉ်သည် ဂျပန်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် လွန်ခဲ့သော ၃၆ နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် ဖြစ်သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် အားသစ်လောင်းသည့် သမိုင်းဝင်ခရီးစဉ် တစ်ခုဖြစ်၍ မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ၁၉၅၄ ခုနှစ်က စတင်ပြီး သံတမန်အဆက်အသွယ် ပြုလုပ်ခဲ့ပါကြောင်း၊ ယင်းအချိန်မတိုင်မီ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ကာလကတည်းက မြန်မာ-ဂျပန် ဆက်ဆံရေးသည် ထူးခြားသည့် ဝိသေသများဖြင့် အခြေတည်ပြီး တိုးတက်ခိုင်မြဲလာခဲ့ခြင်း ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ်ပေါ်ထွန်းလာပြီး နောက်ပိုင်းတွင် နှစ်နိုင်ငံဆက်ဆံရေးမှာ စာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် ဂျပန်အစိုးရနှင့် ပြည်သူများ၏ ထောက်ခံအားပေးမှုများကို မြန်မာအစိုးရနှင့် ပြည်သူများက အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ၂၀၁၂ခုနှစ် ဧပြီလတွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအနက် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ Consortium အဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် ရည်ရွယ်ပြီး Myanmar-Japan Joint Initiative တစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်ကိုလည်း ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

## အတည်ပြုပြောကြား

ယနေ့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို အခိုင်အမာ ဆက်လက်ထောက်ခံရပ်တည်သွားမည့် အကြောင်းကို အတည်ပြုပြောကြားခဲ့ပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အကူအညီပိုမိုပေးအပ်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည့်အတွက် မြန်မာပြည်သူများကိုယ်စား များစွာကျေးဇူးတင်ရှိပါကြောင်း။

မိမိနှင့် ဝန်ကြီးချုပ် မစ္စတာအာဘေးတို့သည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးကိစ္စ၊ နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီကြီးများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမို လုပ်ဆောင်သွားရေးအတွက် အခွင့်အလမ်းနှင့် အလားအလာများကိုလည်း ဆွေးနွေးခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်ရှိသည့် ကြွေးမြီများ ရှင်းလင်းရေးကို အကောင်အထည်ဖော်ခဲ့ပြီး ယန်းချေးငွေသစ်နှင့် ထောက်ပံ့ငွေများပေးအပ်ရန် ဂျပန်အစိုးရကဆုံးဖြတ်ပေးခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံအစိုးရအနေဖြင့် ဒီမိုကရေစီဖော်ဆောင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြုပြင်ပြောင်းလဲမှုများကို အားထုတ်ကြိုးပမ်းနေသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဂျပန်အစိုးရက ရော၊ ပုဂ္ဂလိကကဏ္ဍကပါ ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် ဆန္ဒရှိပါကြောင်း၊ ယင်းသဘောထားကို ရှင်းလင်းပြောကြားနိုင်ရန်အတွက်ရည်ရွယ်၍ ယခုခရီးစဉ်ကို လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ခရီးစဉ်တွင် မိမိနှင့်အတူ ကဏ္ဍပေါင်းစုံ စီးပွားရေးအဖွဲ့အစည်းပေါင်းစုံက အဖွဲ့ဝင်များပါရှိပါကြောင်း၊ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး အားထုတ်မှုများကို ဂျပန်အစိုးရအနေဖြင့် ထပ်မံကူညီပေးမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး၊ ပြည်သူတို့၏ လူမှုဘဝမြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ်စသည့်ကဏ္ဍများစွာတွင် ကျယ်ကျယ်ပြန့်ပြန့် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် ယန်းငွေ သန်း ၉၁၀၀၀ ဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင်လည်း နိုင်ငံရေး၊ လုံခြုံရေး၊ ယဉ်ကျေးမှုအပါအဝင် အဘက်ဘက်မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံနှင့် အတွေ့အကြုံနှင့် နည်းပညာကြွယ်ဝသည့် ဂျပန်နိုင်ငံတို့အနေဖြင့် အနာဂတ်တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**



## တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးနေကြစဉ်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြစဉ်။**
(သတင်းစဉ်)

---

*✻ ကျောဖုံးမှ*

ပိုက်တွေက ရေအောက်ကြမ်းပြင်အထိ ငါးတွေကို အကုန်သဲ့ယူနိုင်တယ်။ ကျန်တဲ့ငါးဖမ်းပိုက်တွေလည်း ခေတ်မီလာတော့ စိုးရိမ်ရတယ်။ အခုတော့ လိပ်သောင်တွေပေါ်မှာ ရာသီဥတုဖောက်ပြန်မှုတွေ၊ လူ့ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မှု လျော့ကျလာတာရယ်။ ကျွန်းတွေပေါ်မှာ လူတွေအခြေချနေထိုင်လာမှုကြောင့် လိပ်သောင်တွေ ပျောက်သွားနိုင်ပါတယ်”ဟု ဆိုသည်။

ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိနေပြီး ပင်လယ်လိပ်များသည် ဒီရေတောကို အမှီသဟဲပြုကာ လိပ်သောင်များပေါ်သို့ တက်ရောက်၍ ဥချလေ့ရှိကြောင်း ယင်းဌာန၏ သုတေသနပြုချက်များအရ သိရသည်။ ပင်လယ်လိပ်မများ အများဆုံးဥချရာ လိပ်သောင်များဖြစ်သည့် ဂတုံးလေးနှင့် ကယက်ကြီးကျွန်းများအား ဒီရေတောရှိသည့်အတွက် ၁၉၉၇ ခုနှစ်မှစ၍ ထိန်းသိမ်းလာသော်လည်း လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍သစ်ခုတ်ယူမှုများရှိခဲ့သည်။ ဒီရေတော အလျား ငါးမိုင်၊ အနံ မိုင်ဝက်ခန့်ရှိသော ဂတုံးလေးကျွန်းနှင့် အလျားခုနစ်မိုင်၊ အနံမိုင်ဝက်ခန့် ရှိသော ကယက်ကြီးကျွန်းများတွင် သစ်ထုတ်ယူမှုများကြောင့် ဒီရေတော ၆၀ ရာခိုင်နှုန်းလောက် ဆုံးရှုံးသွားပြီဟု အဆိုပါဌာနမှသိရှိရသည်။

“ဒီမိုကရေစီနိုင်ငံမှာ ဥပဒေနဲ့ စကားပြောရတာဆိုတော့ ကျွန်တော်တို့အနေနဲ့ ပြောရခက်၊ ထိန်းသိမ်းရခက်ဖြစ်နေပါတယ်။ ပိုင်ဆိုင်တာက သစ်တောဦးစီးဌာနက ထိန်းသိမ်းရမယ့် ဧရိယာနှင့်ကာကွယ်ရမယ့်ဒေသက ကျွန်တော်တို့ လက်ထဲမှာ။ ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဒီထက်ပိုပြီး ထိထိရောက်ရောက် ကာကွယ်မယ်။ အောင်မြင်အောင်လုပ်မယ် ဆိုရင်တော့ထိန်းသိမ်းရမယ့် conservation ဧရိယာအနေနဲ့ ဥပဒေတစ်ခု သတ်မှတ်ပြဌာန်းပြီး ဥပဒေနဲ့အကာအကွယ်ပေးမယ်ဆိုရင်တော့ ပိုပြီးတော့ ထိရောက်အောင်မြင်အောင် လုပ်နိုင်ပါမှာ” ဟု ဦးဖုန်းမော်က ထပ်မံပြောကြားသည်။

ကမ္ဘာပေါ်တွင် ပင်လယ်လိပ်မျိုးစိတ်ခုနစ်မျိုးရှိပြီး အရှေ့တောင်အာရှနိုင်ငံများတွင် မျိုးစိတ်ခြောက်မျိုးရှိ ကာ မြန်မာနိုင်ငံတွင် လိပ်မျိုးစိတ်ငါးမျိုးရှိသည်။ မြန်မာနိုင်ငံတွင်ရှိသော ပင်လယ်လိပ်ငါးမျိုးမှာ လိပ်ခွေး (Loggerhead Turtle)၊ လိပ်စောင်းလျား (Leatherbak Turtle)၊ လိပ်ကြက်တူရွေး (Hawkssbill Turtle)၊ ပြင်သာလိပ် (Green Turtle)၊ လိပ်လှောင်း (Green Turtle) တို့ ဖြစ်ကာ လိပ်ခွေးမှာ မြန်မာနိုင်ငံတွင် ပျောက်ကွယ်သွားသော မျိုးစိတ်တစ်ခုဖြစ်ပြီး လိပ်စောင်းလျားမှာ ၂၀၁၀ ခုနှစ်တွင် တစ်ကြိမ်သာတွေ့ရှိရတော့ကြောင်း သိရှိရသည်။

*❖ ကျောဖုံးမှ*

တမူး- ပုဂံ-မြဝတီ/ မဲဆောက်လမ်းနှင့် ဆက်စပ်ချိတ်ဆက်နိုင်သည့်လမ်းလည်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုအပြင် ခရီးသွားလာရေးအတွက်လည်း ကွန်ရက်သဖွယ် ချိတ်ဆက်သွားလာ၍ရသည့် လမ်းပိုင်းဖြစ်သည်။

ရိဒ်-တီးတိန်လမ်းပိုင်း အဆင့်မြှင့်တင်တိုးတက်ပြုပြင်ရေးအတွက် ကြိုးကြပ်ရန် ယခင်က အိန္ဒိယနိုင်ငံမှ RITES ကုမ္ပဏီအား ညှိနှိုင်းဆောင်ရွက်ပေးရေး တာဝန်ပေးခဲ့သဖြင့် မြန်မာနိုင်ငံပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

ယခုအခါ အိန္ဒိယအစိုးရဘက်မှ M/S IRCON International Ltd အား အဆိုပါလမ်းပိုင်းလုပ်ငန်းများ ဆောင်ရွက်ရန် လွှဲပြောင်းတာဝန်ပေးခဲ့သဖြင့် ယင်းကုမ္ပဏီမှအဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှတာဝန်ရှိသူများနှင့်အတူ လမ်းအခြေအနေအား ကွင်းဆင်းစစ်ဆေးမှုများ ထပ်မံပြုလုပ်ခဲ့ကြပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံမှ M/S IRCON ကုမ္ပဏီသည် လမ်းတိုင်းတာပုံထုတ်ခြင်းလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ကာ လမ်းတည်ဆောက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်သည်။ရိဒ်-တီးတိန်လမ်းပိုင်း တည်ဆောက်အကောင်အထည်ဖော်ရန်အတွက် ငွေကြေးကုန်ကျမှု အမေရိကန်ဒေါ်လာသန်း ၆၀ ကုန်ကျမည်ဖြစ်ရာ ယင်းငွေကြေးကို အိန္ဒိယအစိုးရမှ ကျခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းစီမံကိန်းနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်စီစဉ်နေပြီဖြစ်ရာ မြန်မာနှင့် အိန္ဒိယတာဝန်ရှိသူများ အသေးစိတ်ညှိနှိုင်းဆွေးနွေးပြုလုပ်လျက်ရှိသည်။

ရိဒ်-တီးတိန် လမ်းပိုင်းသည် အာဆီယံလမ်းမ-၁ ဖြစ်သည့် မြဝတီမှ တမူးအထိလမ်းနှင့် အာဆီယံလမ်းမ -၂ ဖြစ်သော တာချီလိတ်မှ တမူးမြို့အထိရှိသည့်လမ်းနှင့်လည်း ဆက်စပ်လျက်ရှိရာ မြန်မာနိုင်ငံအနာဂတ်ကာလ၌ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုစေမည့် လမ်းပင်ဖြစ်သည်။

ထို့အတူ ရိဒ်-တီးတိန်လမ်းပိုင်းသည် အာရှလမ်းမကြီးအမှတ်-၁ (AH-1)နှင့်အာရှလမ်းမကြီး အမှတ် -၂ (AH-2) တို့နှင့်လည်း ဆက်စပ်သွားလာနိုင်သည်ဖြစ်ရာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသာမက ဒေသတွင်းနိုင်ငံများနှင့်ပါ ကွန်ရက်သဖွယ် ကုန်သွယ်ကူးသန်းသွားလာနိုင်သည့် လမ်းလည်းဖြစ်သည်။ ထို့ကြောင့်မြန်မာ့ဖွံ့ဖြိုးမှုပုံရိပ်ကိုပိုပြင်စွာ ဖော်ဆောင်ပေးနိုင်မည့် အကျိုးပြုလမ်းပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း



# မြန်မာအမျိုးသမီးအသင်း အာရှခြေစစ်ပွဲအောင်ပြီ

**ရန်ကုန်　မေ　၂၆**

၂၀၁၄ အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲခြေစစ်ပွဲအုပ်စု(၁၀) ပွဲစဉ်များကို ယမန်နေ့ညပိုင်းက ပါလက်စတိုင်းနိုင်ငံတွင် ဆက်လက်ကျင်းပခဲ့ရာ မြန်မာအသင်းက တရုတ်(တိုင်ပေ)အသင်းကို ဂိုးမရှိသရေကစားပြီး ခြေစစ်ပွဲအောင်မြင်သွားသည်။ **(အပေါ်ပုံ)**

မြန်မာအမျိုးသမီးအသင်းသည် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိဖြင့် အာရှဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ပါလက်စတိုင်းအသင်းကို ကိုးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့ပြီး တရုတ်(တိုင်ပေ)နှင့် သရေကျကာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်ခုနစ်မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် တရုတ်(တိုင်ပေ)အသင်းနှင့် အမှတ်တူခဲ့သော်လည်း ဂိုးကွာခြားချက်အသာရခဲ့သောကြောင့် အုပ်စုပထမရခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲကို လေးကြိမ်မြောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# မြန်မာနိုင်ငံအမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌဖလား အမှတ်ပေးဟော်ကီပြိုင်ပွဲ ကာကွယ်ရေးလူငယ်အသင်းဗိုလ်စွဲ

**ရန်ကုန်　မေ　၂၆**

၂၀၁၃ ခုနှစ် ဒသမအကြိမ် မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌဖလား အမှတ်ပေး ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ညနေ ၃နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီကွင်း၌ကျင်းပရာ ကာကွယ်ရေးလူငယ်အသင်းနှင့် တပ်မတော်(ရေ)အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးလူငယ်အသင်းက တပ်မတော်(ရေ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ ပွဲစဉ်(၃၆)တွင် အကောင်းဆုံးဆု (Man of the match) ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဝေမောင်မောင်အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးကလည်းကောင်း၊ တတိယဆုရရှိသော နန်းမြို့ဟော်ကီအသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုကို မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်ကလည်းကောင်း၊ ဒုတိယဆုရရှိသော တပ်မတော်(ရေ) အသင်းအား တစ်ဦးချင်းဆုများကို အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက လည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးလူငယ်အသင်းအား တစ်ဦးချင်းဆုများကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစောလုလုထော်ကလည်းကောင်း၊ အတိုးတက်ဆုံးဆုဖလားကို တပ်မတော်(ရေ)အသင်းအား ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်ကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် အသန့်ရှင်းဆုံးဆုရရှိသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား ဂုဏ်ပြုဆုဖလားကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဇော်ဝင်းက လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုများကို ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် တပ်မတော်(ရေ) အသင်းအား ငွေသားဆုနှင့် ဆုဖလားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင် ဦးခိုင်မောင်ရည်ကလည်းကောင်း၊ ပထမဆုရရှိသည့် ကာကွယ်ရေးလူငယ်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်ကလည်းကောင်း ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

သတင်းနှင့် ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)



# မြန်မာယူ – ၂၃ အသင်းနှင့် စင်ကာပူလက်ရွေးစင် အသင်း ခြေစမ်းမည်

**ရန်ကုန်　မေ　၂၆**

သတင်း – ညီမြတ်သော်တာ
ဓာတ်ပုံ – စိုးညွန့်

ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် မြန်မာယူ-၂၃ ဘောလုံးအသင်းသည် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ လက်ရှိတွင်လည်း ပဏာမလက်ရွေးစင်ကစားသမား ၃၀ ကို ရွေးချယ်ကာ တောင်ကြီးမြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သည် ဇွန် ၄ ရက်တွင် အဖွဲ့ဝင်နိုင်ငံများအားလုံးကို ခြေစမ်းပွဲကစားရန် သတ်မှတ်ပေးထားပြီး ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃အသင်းနှင့်ခြေစမ်းကစားရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) က စင်ကာပူလက်ရွေးစင်အသင်းကို ဖိတ်ကြားခဲ့သည်။ ယင်းကမ်းလှမ်းမှုကို စင်ကာပူဘောလုံးအဖွဲ့ချုပ်ကလက်ခံကြောင်း အကြောင်းပြန်ခဲ့သဖြင့် မြန်မာယူ-၂၃ အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို ဇွန် ၄ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းငွေကျပ် ၁၀၀၀၊ ရိုးရိုးတန်းငွေကျပ် ၅၀၀ သတ်မှတ်ထားပြီး လာရောက်ကြည့်ရှုအားပေးမည့်ပရိသတ်များ အပြန်ခရီးတွင် အဆင်ပြေစေရန်အတွက် မထသနှင့်ပူးပေါင်းကာ ကားများစီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့သည် ၂၀၁၂ ခုနှစ် စက်တင်ဘာလက နောက်ဆုံးတွေ့ဆုံခဲ့ဖူးပြီး ယင်းပွဲသည် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲအဖြစ် တွေ့ဆုံခဲ့ခြင်းဖြစ်ကာ တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာယူ-၂၃ အသင်းသည် စင်ကာပူနှင့် ခြေစမ်းပွဲပြီးပါက ဗီယက်နမ်နိုင်ငံသို့သွားရောက်၍ ဇွန် ၉ ရက်တွင် ဗွိလိဂ်ကလပ်ဒေါင်နိုင်းအသင်း၊ ဇွန် ၁၁ ရက်တွင် ဗီယက်နမ်ယူ-၂၃ အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။



မြန်မာနှင့်စင်ကာပူအသင်းတို့ သုဝဏ္ဏကွင်း၌ ခြေစမ်းကစားစဉ်။

# ဖျာပုံမြို့ မြောက်ပိုင်း ရွာမကျောင်းဝင်းအတွင်း မီးလောင်မှုဖြစ်ပွား

**ဖျာပုံ　မေ　၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့မြောက်ပိုင်း(၁)ရပ်ကွက် ချောင်းတွင်းလမ်းမကြီးရှိ ရွာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိကိုးဦးဇရပ်(ခေါ်) မြောက်ပိုင်းဂေါပကအဆောင်တွင် မေ ၂၅ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)** အဆိုပါမီးလောင်မှုဖြစ်စဉ်တွင် ဖျာပုံမြို့နယ်မှ မီးသတ်ကားသုံးစီး၊ သန္နေမီးသတ် ၁၃ဦး၊အရန်မီးသတ် ၄၀၊ ရဲတပ်ဖွဲ့ဝင်အရာရှိ ငါးဦးအပါအဝင် တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် ပြည်သူ၊ ရဟန်းသံဃာဦးရေ ၂၀၀ ကျော်ခန့်တို့က ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ မီးလောင်မှုကို ထိန်းသိမ်းနိုင်ပြီး မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လုံးဝမီးညွှန့်ကျိုးပြီး မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ မီးလောင်ရာတွင် ကိုးဦးဇရပ်(ခေါ်) မြောက်ပိုင်းဂေါပကအဆောင်၏ လေးပင်သုံးခန်း သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အဆောက်အအုံတစ်ခု လုံးမီးလောင်ကျွမ်းပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်နှစ်သိန်းခန့်ရှိကာ လူနေထိုင်ခြင်းမရှိဘဲ သော့ခတ်ထားခြင်းဖြစ်သည်။ မီးသည်အဆောက်အအုံ၏အလယ်မှ စတင်လောင်ကျွမ်းခြင်းဖြစ်သည်။ လျှပ်စစ်ဝိုင်ယာရှော့မှ မီးလောင်ကျွမ်းခြင်းဖြစ်နိုင်ကြောင်း စုံစမ်း သိရှိရပြီး မီးလောင်မှုဖြစ်စဉ်တွင် တာဝန်ရှိသူကို အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ**





(၃၈)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် စွယ်စုံတံခွန်စိုက်ဆုရရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က စွယ်စုံတံခွန်စိုက် ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မြစ်သားမြို့တွင် မီးလောင်မှုဖြစ်ပွား

**မြစ်သား　မေ　၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့တွင် မြို့မအနောက်ရပ်ကွက် ဦးသိန်းဟန်(TEC) ကျူရှင်စာသင်ဆောင်တွင် မေ ၂၅ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ မြို့မအနောက်ရပ်ကွက်နေ ဦးသိန်းဟန် ပိုင်ဆိုင်သော အိမ်ဝိုင်းအတွင်းတွင် ၃×၂ ခန်း ငါးပေပတ်လည်သွပ်မိုး၊ ထရံကာ မြေစိုက်အတွင်း ထားရှိသည့် မဖောက်ထုံး(ထုံးစိမ်း) တစ်ကျင်းခန့်သိုလှောင်ထားရှိရာမှ မဖောက်ထုံးအပူရှိန်ကြောင့် ထရံကို မီးစတင်လောင်ကျွမ်းရာမှအနီးရှိ ၆×၃ ခန်း ဝါးကပ်မိုးထရံကာ (၁၅× ၄၅)ပေပတ်လည် ဦးသိန်းဟန်ဖွင့်လှစ်ထားသော(TEC) ကျူရှင်စာသင်ဆောင်နှင့် စက်ဘီးခုနစ်စီး၊ ဆိုင်ကယ်နှစ်စီး၊ အနီးရှိ မြို့မအနောက်ရပ်ကွက်အမက ကျောင်းဆောင်သစ်ပြတင်းပေါက် ငါးပေါက်နှင့် အပေါ်မျက်နှာကြက် ၁၂ ခန်းတို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းငွေကျပ် ၂၇၅၀၀၀၀ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့သဖြင့် နံနက် ၅ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားသော မဖောက်ထုံး(ထုံးစိမ်း)ကို မဆင်မခြင်ပေါ့လျော့စွာသိုလှောင်ထားရှိ၍ မီးလောင်မှုဖြစ်ပွားသဖြင့် ပိုင်ရှင်ဦးသိန်းဟန်အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **ထွန်းထွန်းနိုင်**

# မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မော်လမြိုင်　မေ　၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် ဝတ်ကြီးဘုရားလမ်းရှိ သန်းချို (၄၂နှစ်)၏ နေအိမ်အောက်ထပ်တွင် မေ ၂၀ ရက် ညနေ ၅ နာရီမိနစ် ၄၀ ခန့်က မီးအားမြှင့်စက်အပူရှိန်လွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းက သန်းချိုအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ထိပ်တင်ထွဋ်(မော်လမြိုင်)**

# ဘိုင်ယန်မြူးနစ်တို့ ချန်ပီယံလိဂ်ဖလား ဆွတ်ခူး

ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအဖြစ် အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်းမှာ မေ ၂၆ ရက် နံနက်က ဒေါ့မွန်နဲ့ ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ကစားတဲ့အခါ ရော့ဘင်ရဲ့ နောက်ကျဂိုးနဲ့ ဘိုင်ယန်မြူးနစ်တို့က နှစ်ဂိုး-တစ်ဂိုး ရလဒ်နဲ့ ချန်ပီယံလိဂ်ဖလားကို ငါးကြိမ်မြောက် ကိုင်မြှောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ဂျာမနီထိပ်တန်းကလပ်နှစ်သင်းရဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲဖြစ်တာမို့ အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကောင်းတစ်ပွဲလည်းဖြစ်ခဲ့ပါတယ်။ ဒေါ့မွန်အသင်းဟာ လီဝမ်ဒေါစကီး၊ ရီအက်စ်၊ ဂရော့စ်ကတ်ဇ်၊ ဂန်ဒိုဂင်၊ ဘင်ဒါစတဲ့ ကစားသမားတွေနဲ့ အဓိကထား ပွဲထွက်လာခဲ့သလို ဘိုင်ယန်မြူးနစ်အသင်းကလည်း ရော့ဘင်၊မန်ဇူကစ်၊ ရှဝိန်းစတိန်ဂါ၊ မူလာ၊ မာတီနက်ဇ်၊ ရစ်ဘာရီစတဲ့ အမာခံကစားသမားတွေနဲ့ ကစားခဲ့ပါတယ်။

နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားခဲ့ပေမယ့် ပထမပိုင်းပွဲချိန်အတွင်းမှာ ဂိုးမသွင်းယူနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်းပွဲချိန် မိနစ် ၆၀ မှာ



မန်ဇူကစ်က ဘိုင်ယန်မြူးနစ်အတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ဒေါ့မွန်တို့က ချေပဂိုး ရရှိရေးကြိုးစားခဲ့တာမို့ ပွဲချိန် ၆၇ မိနစ်မှာ ပယ်နယ်တီရရှိပြီး အဲဒီ ပယ်နယ်တီကို ဂန်ဒိုဂင်က ကန်သွင်းယူခဲ့တာမို့ ဒေါ့မွန်တို့ ချေပဂိုး ရရှိသွားခဲ့ပါတယ်။ အဲဒီနောက် နှစ်သင်းစလုံး အနိုင်ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ပေမယ့် ပွဲချိန် မိနစ် ၉၀ ပြည့်တော့မယ့် အချိန်အတွင်းမှာပဲ ရော့ဘင်က ဂိုးသွင်းယူခဲ့တာမို့ ပွဲအပြီးမှာ ဘိုင်ယန်မြူးနစ်တို့ နှစ်ဂိုး- တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဒီပွဲမှာ ဒေါ့မွန်တို့က ဂိုးသွင်းခွင့် ၁၂ ကြိမ်ရရှိခဲ့သလို ဘိုင်ယန်မြူးနစ်တို့ကလည်း ၁၅ ကြိမ် ရရှိခဲ့ပါတယ်။ ဒေါ့မွန်က စုစုပေါင်း ရှစ်ကြိမ် ဂိုးပေါက်တည့်တည့် ကန်သွင်းနိုင်ခဲ့ပါတယ်။ ဒေါ့မွန်က ထောင့်ကန်ဘော ခြောက်ကြိမ်ရရှိပြီး ဘိုင်ယန်တို့က ရှစ်ကြိမ်ရရှိခဲ့ပါတယ်။ ဒါပေမယ့် နောက်ဆုံးအချိန်အထိ ကစားအားတင်ထားခဲ့တဲ့ ဘိုင်ယန်မြူးနစ်တို့က အောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အတွက် ပွဲချိန်နောက်ဆုံးစက္ကန့်မှာ အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ ရော့ဘင်ဟာ ချယ်လ်ဆီး ကစားသမားဘဝနဲ့ ၂၀၀၅ ခုနှစ်၊ ၂၀၀၇ ခုနှစ်တွေရဲ့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာ လီဗာပူးကို ရှုံးခဲ့ရသလို ဘိုင်ယန်မြူးနစ် ကစားသမားဘဝနဲ့လည်း အင်တာမီလန်၊ ချယ်လ်ဆီးအသင်းတွေကို နောက်ဆုံးဗိုလ်လုပွဲတွေမှာ ရှုံးပွဲတွေကြုံခဲ့ရတဲ့အတွက် အခုပွဲမှာ အနိုင်ဂိုးသွင်းကာ အောင်ပွဲခံနိုင်ခဲ့တာမို့ ဝမ်းသာဝမ်းနည်းမှုတွေနဲ့အတူ မျက်ရည်တွေ ကျဆင်းခဲ့ပါတယ်။

ဘိုင်ယန်မြူးနစ်ဟာ အခုချန်ပီယံလိဂ်ဖလားဆုရရှိခဲ့တာဟာ ငါးကြိမ်မြောက်ဖြစ်တာမို့ ချန်ပီယံလိဂ်သမိုင်းမှာ လီဗာပူးအသင်းနဲ့အတူ ဆုဖလား ငါးကြိမ်စီရရှိခဲ့တဲ့ အသင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**မိုးမြင့်လင်းလက်-ရေးသားသည်**

## ဘောလုံးသတင်းအတိုအထွာ

**မောင်ချစ်ကြည်**

- မန်ယူတိုက်စစ်မှူး ရွန်းနေ၏ အခြေအနေ ပြောင်းလဲမှုအပေါ် ပီအက်စ်ဂျီ၊ မိုနာကိုနှင့် ချယ်လ်ဆီးတို့က ခေါ်ယူရန် အသင့်စောင့်ဆိုင်းနေလျက်ရှိသည်။
- မန်ယူနည်းပြသစ် ဒေးဗစ်မိုယက်စ်က အသက် ၂၅ နှစ်အရွယ်ရှိ အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီကို ခေါ်ယူရန် ဆန္ဒရှိနေသည်။
- ချယ်လ်ဆီးနည်းပြဖြစ်လာမည့် မော်ရင်ဟိုက စပါးကစားသမားဟောင်းလူကာမိုဒရစ်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ပေး၍ ခေါ်ယူရန် စီစဉ်မည်ဖြစ်သည်။
- ချယ်လ်ဆီးသည် ယခုနှစ်ဘောလုံးရာသီ၌ ၃၂ ဂိုးသွင်းယူပေးထားသော ဂါလာတာစာရေးအသင်းမှ တိုက်စစ်မှူး ဘာရက်ယီလ်မက်စ်ကို ခေါ်ယူမည်ဖြစ်သည်။
- လီဗာပူးအသင်းသည် ပေါ်တိုတောင်ပံကစားသမား ခရစ်စတင်းအက်စူကို ပေါင်သုံးသန်းပေး၍ ခေါ်ယူမည်ဖြစ်သည်။
- ရီးရဲမက်ဒရစ်အသင်းသည် လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကို ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- နာပိုလီတိုက်စစ်မှူး ကာဗာနီကို မန်စီးတီးက ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် ဆက်သွယ်လျက်ရှိသည်။
- လီဗာပူးနည်းပြရော်ဂျာက ဆဲလ်တာဗီဂို တိုက်စစ်မှူး လာဂိုအက်ဖ်ပက်စ်ကို ခေါ်ယူမည်ဖြစ်သည်။

**အားကစားသတင်းနှင့်ကြော်ငြာ**

## ကားလ်ဖရော့ချ် အမှတ်ဖြင့်နိုင်

နေ့တင်ဟမ်လက်ဝှေ့သမား ကားလ်ဖရော့ချ်နှင့် ဒိန်းမတ်လက်ဝှေ့သမား မိုက်ကယ်ကက်စလာတို့သည် မေ ၂၅ ရက်က လန်ဒန်မြို့ $O_2$ အားကစားရုံ၌ IBF စူပါမစ်ဒယ်ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ ကားလ်ဖရော့ချ်က အမှတ်ဖြင့်နိုင်ပြီး ၎င်း၏ ချန်ပီယံခါးပတ်ကို ပြန်လည်ရယူနိုင်ခဲ့သည်။ ကားလ်ဖရော့ချ်သည် ဒိုင်လူကြီးသုံးဦး၏ ဆုံးဖြတ်ချက်အမှတ်များဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ကားလ်ဖရော့ချ်သည် ယင်းအနိုင်ပွဲကြောင့် အမေရိကန်လက်ဝှေ့သမား အင်ဒရီဝက်နှင့် စိတ်မကျေပွဲ ပြန်လည်ထိုးသတ်လာနိုင်သည်။

## အဂူရိုအား မန်စီးတီးထပ်မံစာချုပ်

မန်စီးတီးတိုက်စစ်မှူး အဂူရိုအား ယင်းကလပ်က တစ်နှစ်ထပ်မံ၍ စာချုပ်သက်တမ်းတိုးလိုက်သည်။ အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး အဂူရိုသည် ၂၀၁၁ ခုနှစ်က အက်သလက်တီကိုမက်ဒရစ်မှ ရောက်လာပြီး မန်စီးတီးက ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသည်။ ၎င်းသည် စာချုပ်သစ်ကြောင့် ၂၀၁၇ ခုနှစ်အထိ မန်စီးတီးတွင် ဆက်လက်ကစားရမည်ဖြစ်သည်။ အဂူရိုသည် ၂၀၁၁-၂၀၁၂ ပရီမီယာလိဂ်ရာသီတွင် မန်ယူနှင့် ဖလားဆွတ်ခူးရန် အပြိုင်ဖြစ်နေချိန် ကျူပီအာအသင်းဘက်သို့ လေလွင့်ချိန် အနိုင်ဂိုးသွင်းယူပေးပြီး မန်စီးတီးကို ပရီမီယာလိဂ်ဖလားရယူပေးခဲ့သည်။

## ဘက်ခမ်း၏ ဘောလုံးသမားဘဝ တရားဝင်ပြီးဆုံး

ဘောလုံးလောကတွင် နှစ် ၂၀ ကြာ ကစားခဲ့သော အင်္ဂလန်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းသည် ပီအက်စ်ဂျီနှင့်ကစားသည့်ပြိုင်ပွဲတွင် ၎င်းနာမည်မပါဝင်ခြင်းဖြင့် ဘောလုံးသမားဘဝကို တရားဝင်အဆုံးသတ်လိုက်ပြီဖြစ်သည်။ ဘက်ခမ်းသည် ပြီးခဲ့သည့် သီတင်းပတ်က ပီအက်စ်ဂျီအတွက် နောက်ဆုံးကစားပေးခဲ့သည်။ အသက် ၃၈ နှစ်အရွယ်ရှိ ဘက်ခမ်းသည် အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၁၁၅ ပွဲ ကစားပေးခဲ့သည်။ ၎င်းသည် မန်ယူ၊ ရီးရဲမက်ဒရစ်၊ ဂလက်ဆီနှင့် အေစီမီလန်တို့တွင်လည်း ကစားခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့် ဇန်နဝါရီလက ပီအက်စ်ဂျီတွင် ငါးလစာချုပ်ဖြင့် ကစားခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**


# အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်

**Aung Thitsa Oo Insurance Company Limited**

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦးအာမခံပါ"

ကျယ်ပြန့်သောအကာအကွယ်၊ သင့်တင့်မျှတသော ပရီမီယံ၊ မှန်ကန်မြန်ဆန်သော ဝန်ဆောင်မှုတို့ဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါပြီ။

လက်ခံဆောင်ရွက်ပေးမည့်အာမခံအမျိုးအစားများမှာ

၁။ မီးနှင့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးအာမခံ
၂။ အလုံးစုံမော်တော်ယာဉ်အာမခံ
၃။ ပြည်သူ့ပြည်သားအသက်အာမခံ
၄။ စုပေါင်းအသက်အာမခံ
၅။ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ ငွေပို့ငွေသယ်အာမခံ
၈။ ငွေသားလုံခြုံမှုအာမခံ
၉။ သမာဓိအာမခံ

ဆက်သွယ်ရန်လိပ်စာ

အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်
အမှတ်(၁၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
အခန်း(၆၀၂/၆၀၄)၊ မြဝတီဘဏ်လပ်ဇူရီကွန်ပလက်စ်၊
(၈)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - (+၉၅၁)၂၃၀၁၄၀၉
ဖက်စ်/ဖုန်းနံပါတ် - (+၉၅၁)၂၃၀၁၄၀၇
အီးမေးလ် - aungthitsaooins@gmail.com

ကြော်ငြာ

awba

# မဟာဩဘာအများပိုင်ကုမ္ပဏီလီမိတက်

## Maha Awba Public Company Limited

## အများပိုင်ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးကြောင်းကြေညာခြင်း

မဟာဩဘာအများပိုင်ကုမ္ပဏီလီမိတက် (Maha Awba Public Company Limited) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်အမှတ် - ၄၀၇/၂၀၁၃ - ၂၀၁၄ ဖြင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးကြီးသောလုပ်ငန်းများဖြစ်သည့် -

- လူနှင့် ပတ်ဝန်းကျင်အတွက် အန္တရာယ်နည်းပါးသည့် ခေတ်မီနည်းပညာမြင့် စိုက်ပျိုးရေးဆေးများတင်သွင်း ထုတ်လုပ်ဖြန့်ဖြူးခြင်း၊
- မြန်မာ့ရေမြေ စိုက်ပျိုးသီးနှံများ နှင့် ကိုက်ညီသည့်နည်းပညာမြင့် ဓာတ်မြေဩဇာများတင်သွင်း ထုတ်လုပ်ဖြန့်ဖြူးခြင်း၊
- ထွက်နှုန်းမြင့် မျိုးစေ့များစိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း၊
- တောင်သူဦးကြီးများအတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- တောင်သူကြီးများနှင့် အကျိုးတူ ခေတ်မီလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

အစရှိသည့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်၊ တောင်သူလယ်သမားဦးကြီးများနှင့် ကုမ္ပဏီ၏ရှယ်ယာဝင်များ သုံးဦးသုံးဖလှယ် အကျိုးမျှတတိုးတက်စေရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တရားဝင်လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for Commencement of Business) ရရှိသည့်အခါ ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသည့် မိဘပြည်သူများသို့ အစုရှယ်ယာများဖိတ်ခေါ်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Comet™

ALARM®

Maha Awba Public Company Limited

အမှတ်(၃၃)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Phone: 01- 538231, 538097, 527082, 504864, Fax: 01-500025

ဆောင်းပါးနှင့်နယ်သတင်း

# မင်းဘူး(စကု)မြို့နယ်က မပုပ်မသိုး ရဟန္တာအရှင်သူမြတ်

ထေရဝါဒ သာသနာတော်ထွန်းကားသော မြန်မာနိုင်ငံ၌ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူသော ပုဂ္ဂိုလ်ထူးကြီးများ၏ ထူးခြားကြည်ညိုဖွယ် အကြောင်းအရာများမှာ သမိုင်းသာဓကအဖြစ် များပြားစွာရှိခဲ့သည်။ မျက်မှောက်ခေတ်အထိတိုင်လည်း ရဟန္တာပုဂ္ဂိုလ်ထူးများ၏ ကြည်ညိုဖွယ် သတင်းဆန်းများ ကြားသိ၊ ဖတ်ရှုရလျက်ရှိသည်။

စာရေးသူတို့ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင်လည်း ငါးနှစ်တိုင်တိုင် ရုပ်ကလာပ်တော် မပုပ်မသိုးသော ရဟန္တာကြီးတစ်ပါးကို ဖူးတွေ့နိုင်ပါသည်။ မင်းဘူး-ရွှေစက်တော် ကားလမ်းနံဘေး စကုမြို့နယ် ဆင်ခေါင်းကျေးရွာ ကန်ဆွယ်ကျောင်းသို့ ဝင်ရောက်လိုက်ပါက ရဟန္တာအရှင်သူမြတ်ကြီး ဆရာတော် ဦးဣန္ဒောဘာသ၏ မပုပ်မသိုးသော ရုပ်ကလာပ်တော်ကိုဖူးတွေ့ရမည်ဖြစ်ပါသည်။ **(အောက်ပုံ)** ဆရာတော် ဦးဣန္ဒောဘာသ၏ ရုပ်ကလာပ်တော်သည် ငါးနှစ်တိုင်ကြာမြင့်သည်အထိ အနံ့အသက် မထွက်ရှိခြင်း၊ ယိုယွင်းပျက်စီးမှု မရှိခြင်း၊ ထူးခြားဆန်းကြယ်သောလက္ခဏာတော်များ ပေါ်ပေါက်ခြင်းစသဖြင့် အံ့သြကြည်ညိုဖွယ်ရာများ တွေ့ရှိရပါသည်။



ရဟန္တာအရှင်သူမြတ်ကြီး ဆရာတော် ဦးဣန္ဒောဘာသသည် ဆင်ခေါင်းကျေးရွာ (တောင်ပိုင်း)နေ ခမည်းတော် ဦးဖိုးစေ-မယ်တော်ဒေါ်ဒေါင်းဥတို့မှ ၁၂၈၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့ နံနက် ၃ နာရီ ၄၅ မိနစ်အချိန်တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။ ဆရာတော် လောင်းလျာသည် ငယ်နာမည် မောင်အေးကြည်ဖြစ်ပြီး အသက် ၅နှစ်သားအရွယ်မှစ၍ ဆင်ခေါင်းကျေးရွာ ကန်ဆွယ်ကျောင်းတိုက်တွင် သာသနာ့ဘောင် ဝင်ရောက်ခဲ့သည်။ သက်တော် ၂၀ အရွယ်တွင် ကန်ဆွယ်ကျောင်းမှ ဆရာတော် ဦးနေမိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။



ဆရာတော်ဦးဣန္ဒောဘာသ

သက်တော်၂၁ နှစ် သိက္ခာတော် ၁ ဝါမှစ၍ စလင်းမြို့၊ မကွေးမြို့၊ ပခုက္ကူမြို့၊ အထက်မင်းလှမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့ကြီးများ၌ ကျမ်းကြီးဖောက်ပညာများ သင်ကြားခဲ့သည်။ သက်တော် ၃၄ နှစ်၊ သိက္ခာတော် ၁၄ ဝါအရတွင် မင်းဘူးမြို့ (သာစည်ရိပ်သာ)တွင် တရားပြဆရာတော်အဖြစ် တရားဓမ္မများ ဟောကြားပြသခဲ့သည်။ သက်တော် ၃၆ နှစ် သိက္ခာတော် ၁၆ ဝါတွင် ဆင်ပေါင်ဝဲမြို့ သာစည်ရိပ်သာကို ထူထောင်၍ ခြောက်နှစ်တိုင်တိုင် တရားဓမ္မများ ဟောကြားခဲ့ပြီးနောက် သက်တော် ၄၂ နှစ်တွင် လူထွက်၍ သက်တော် ၆၆ နှစ်တွင် ဆင်ဖြူခြင်ကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေ ဝတ်ခဲ့သည်။

ထို့နောက် ဘဘုန်းကြီးဆရာတော် ဦးသီဟတောရဆောက်တည်ခဲ့ဖူးသော ဆင်ခေါင်းရွာအနောက်ဘက် လိပ်ဖျက်ကန်အနီး မြရွှေဂူတောရကျောင်းနေရာ၌ ကျောင်းဆောက်၍ သာမဏေဘဝဖြင့် တောရဆောက်တည်ခဲ့သည်။ သက်တော် ၆၇ နှစ်တွင် ဆင်ခေါင်းကျေးရွာ ကန်ဆွယ်ကျောင်းဆရာတော် ဦးနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုပြီးလျှင် ကျောင်းထိုင်လစ်လပ်နေသည့်အတွက် ကန်ဆွယ်ကျောင်း၌ပင် ကျောင်းထိုင်အဖြစ်လက်ခံတော်မူခဲ့သည်။ ၁၆ နှစ်ကြာသည်အထိ ဆင်ခေါင်းကျေးရွာ ကျေးရွာသူ၊ ကျေးရွာသားများအား တရားရေအေးအမြိုက် ဆေးတိုက်ကျွေးဆုံးမတော်မူပြီး သက်တော် ၈၃ နှစ် သိက္ခာတော် ၁၆ ဝါ၊ ၁၃၇၀ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ရဟန္တာအရှင်သူမြတ်ကြီး ဆရာတော် ဦးဣန္ဒောဘာသသည် သက်တော်ထင်ရှားရှိစဉ်အခါကပင် ဝိပဿနာတရားကို ပြင်းထန်စွာ ရှုမှတ်ကျင့်ကြံခဲ့သည်။ ဆရာတော်ကြီး တရားမှတ်ရာဂူတိုက်ခန်းကလေးသည် ယနေ့ထက်တိုင် ကန်ဆွယ် ကျောင်းတိုက်၌ တည်ရှိနေပါသေးသည်။ ဆရာတော်ကြီး သက်တော် ထင်ရှား ရှိစဉ်အခါက ဝေယျာဝစ္စ ပြုလုပ်၍ ကုသိုလ်ယူခဲ့သော ဒေသခံတစ်ဦးက "တစ်ခါက ဆရာတော်ကြီး တရားရှုမှတ်ခဲ့တဲ့ဂူထဲက ထန်းရွက်ခြောက်တွေ ရှင်းလင်းရင်းနဲ့ မြွေပွေးကြီးတစ်ကောင်ကို တွေ့တော့ ရိုက်မောင်းခြောက်လှန့်ဖို့ လုပ်တဲ့အခါ ဆရာတော်ကြီးက တားမြစ်တယ်။ ဆရာတော်ကြီးကိုယ်တိုင် အဲဒီဂူထဲမှာ မြွေကြီးနဲ့အတူ တရားထိုင်ဖူးတယ်။ မြွေကြီးက ဆရာတော်ကြီးကို ဘာအန္တရာယ်မှ မပေးတာ ထူးထူးဆန်းဆန်းတွေ့ရတယ်။ ဆရာတော်ကြီးရဲ့ ထူးခြားကြည်ညိုဖွယ်ရာ တွေကတော့ ပြောလို့ကုန် မှာ မဟုတ်ပါဘူးဗျာ"ဟု သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ထူးခြားအံ့အားသင့်ဖွယ်ရာများကို ပြောပြသွားသည်။ ယခုအခါ ဆရာတော်ကြီး၏ မပုပ်မသိုးဥတုဇ ရုပ်ကလာပ်တော်ကို မကွေး၊ မင်းဘူး၊ မင်းလှ၊ ပဒါန်း..စသဖြင့် မြို့ရွာများမှ ဒေသခံများ လာရောက်ဖူးမြော်မှု များပြားလာခဲ့သည်။ ဆရာတော်ကြီး သီတင်းသုံးရာ ကန်ဆွယ်ကျောင်းတိုက်၌လည်း ထိုက်သူစံ ဣန္ဒာသယ စေတီတော်မြတ်ကြီးကို တည်ထားလျက်ရှိပြီး ၁၃၇၅ ခုနှစ် ကဆုန်လပြည့် (သောကြာနေ့)၌ ထီးတော်တင် အခမ်းအနားကို ကျင်းပခဲ့သည်။

**ပိုင်ဇေ(မကွေး)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ခွေးရုပ်ကျေးရွာ ရှင် ၃၉ ပါး အလှူမင်္ဂလာပွဲ

**ကလော မေ ၂၆**

ရဟန်း၊ ရှင်သာမဏေ နားသ မင်္ဂလာ မဆင်ယင်မကျင်းပနိုင်သော ရဟန်းလောင်းရှစ်ပါး၊ ရှင်သာမဏေလောင်း ၂၁ ပါး၊ နားသ ၁၀ ပါး စုစုပေါင်း ၃၉ ပါးတို့အား ညောင်ရွှေမြို့ ခေါင်တိုင်ကျေးရွာ အင်းလေးလိတ်ဗျူး၊ စန္ဒာဟိုတယ်ကုမ္ပဏီမိသားစု အလှူ့ဒါယိကာမဒေါ်ခင်စန္ဒာဝင်းက ခွေးရုပ်ကျေးရွာ အောင်မင်္ဂလာဘုန်းတော်ကြီး ဆရာတော်နှင့်ရပ်မိရပ်ဖများကို အမျှုထား၍ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာ အမှန် မြတ်နိဗ္ဗာန်ကို ရည်သန်သမ္မာအာရုံပြုလျက် ဥပသမ္ပဒကံဆောင် ရဟန်းဘောင် ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေ ကဏ္ဍဝိဇ္ဇနနားသဆင် မင်္ဂလာပွဲများကို မေ ၂၅ ရက် နံနက် ၁၀ နာရီက သိမ်ဆင်းမင်္ဂလာ ကျင်းပသည်။ အခမ်းအနားတွင် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရပ်ဝေးရပ်နီးမှ အထူးဖိတ်ကြားထားသော မိတ်ဆွေသင်္ဂဟအပေါင်းတို့ကို ဧည့်ခံကျွေးမွေး တရားတော်နာရေစက် သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရှိရသည်။

**ဇော်သိန်းရည်**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)နှင့် အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများ (ကျောင်းသုံးဖြတ်စ၊ ရိုက်ပျက်၊ Duplex Board ဖြတ်စ၊ ရိုက်ပျက်)တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို ၂၇-၅-၂၀၁၃ရက်မှ ၃၀-၅-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း နေပြည်တော်(ရုံးချုပ်)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)နှင့် အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာများကို ၃၀-၅-၂၀၁၃ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်တင်သွင်းရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၈၊ ၀၆၇-၄၁၂၃၇၄၊ ၀၂-၆၂၈၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)နေပြည်တော်**

## ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## အဆောက်အအုံပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းနှင့် လမ်းခင်းခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၏ လမ်းခင်းခြင်းလုပ်ငန်းနှင့် အဆောက်အအုံ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ ပြုလုပ်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် လုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၂၇-၅-၂၀၁၃ ရက်မှ ၃၁-၅-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၆-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

**တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**
**ဖုန်း-၅၉၀၂၆၃၊ ၅၉၀၂၅၃**

**အမည်ပြောင်း**

ဦးမျိုးမင်းဝင်း-ဒေါ်ဥမ္မာဟန်တို့၏သမီး နေပြည်တော် တပ်ကုန်းမြို့ အထက-၁၊ ဆဋ္ဌမတန်းမှ မချမ်းဆင့်ဟန်အား မမြင့်မြတ်စိုးဟု ခေါ်ပါရန်။

## တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး အထွေထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်တွင် အောက်ပါ အဆောက်အအုံများတည်ဆောက်လိုပါ၍ ကုမ္ပဏီများသည် သတ်မှတ်အချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်-

(က) တိုင်းဒေသကြီးတိုးချဲ့ နှစ်ထပ်ဆောင်ဆောက်လုပ်ခြင်း

(ခ) တိုင်းဒေသကြီးအတွင်းရှိ ခြောက်ခရိုင် ၁၃ မြို့နယ်တွင် လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် ၁၃ လုံး ဆောက်လုပ်ခြင်း

(ဂ) တိုင်းဒေသကြီးရုံး ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ တစ်လုံးနှင့် မြို့နယ်လေးမြို့နယ်တွင် ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ လေးလုံးဆောက်လုပ်ခြင်း

(ဃ) ပုသိမ်နှင့်ရေကြည်မြို့နယ်တွင် ဒုဦးစီးမှူးနေအိမ်နှစ်လုံးဆောက်လုပ်ခြင်း

၂။ ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် ကော်မတီကသတ်မှတ်ထားသောဒီဇိုင်း ပုံစံနှင့်ပါရှိရမည့်အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ် ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန်နှင့် Profile တင်ပြရမည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂၇-၅-၂၀၁၃ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၅-၆-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများအား ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၄၂-၂၅၀၆၉၊ ၂၃၈၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးအထွေထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်းပြင်ဆင်ချက်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ သံကူကွန်ကရစ်အဆောက်အအုံများအား အဆောက်အအုံ ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တည်နေရာနှင့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **တည်နေရာ**
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီအနောက်တိုးချဲ့မြို့ကွက်သစ် (Face-2) အကွက်အမှတ် (၂၄)

(ခ) **လုပ်ငန်းများ**
(၁) ခြောက်ခန်းတွဲ နှစ်ထပ် (၁၂)ခန်း (RC) စုစုပေါင်းဧရိယာ •၈၁၁၂၈တုရန်းပေ
(၂) ၁၂ခန်းတွဲ တစ်ထပ် (၁၂)ခန်း (အပျို/လူပျိုဆောင်)၊ စုစုပေါင်းဧရိယာ •၄၀၈၀၈တုရန်းပေ
(၃) **တင်ဒါရောင်းချမည့်ရက်နှင့်အချိန်** - ၁၃-၅-၂၀၁၃ရက် -နေ့စဉ် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ
(၄) **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** - ၁၄-၆-၂၀၁၃ရက် ၁၆း၀၀နာရီ

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်အား သီးခြားကြော်ငြာမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သောလိုအပ်သည့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၈၆၅**

## စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၏ ဘိလပ်မြေစက်ရုံများအား အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း(Expression of Interest)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၃၁)အကြီးစားစက်ရုံ(သရက်)၊ အမှတ် (၃၂)အကြီးစားစက်ရုံ(ကြံခင်း)နှင့် အမှတ် (၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်)တို့အား ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest-EOI) အား စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့ လိပ်မူလျက် ၂၀၁၃ခုနှစ် ဇူလိုင် ၅ရက် ညနေ ၃နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည် ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ EOI ပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများအား မိမိတို့၏ကုမ္ပဏီဆိုင်ရာ အထောက်အထားများယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၃-၆-၂၀၁၃ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**ကုမ္ပဏီဆိုင်ရာအထောက်အထား**

- သက်တမ်းရှိကုမ္ပဏီ မှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့်နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈)

## အသိပေးကြေညာချက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ(ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များတွင် ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခွင့် ရယူထားပြီး စီမံချက်ပါ နှစ်စဉ်လျာထားချက်နှင့် သတ်မှတ်စည်းကမ်းနည်းလမ်းများနှင့်အညီ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်နှင့် ဒေသခံပြည်သူများသည် (၁၅)ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနသို့ သွားရောက်ဆက်သွယ်၍ ဆွေးနွေးရှင်းလင်းကြပါရန်နှင့် ဤကဲ့သို့ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ပုဂ္ဂလိကစိုက်ခင်းတည်ထောင် လုပ်ကိုင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် မြန်မာ့အလင်းသတင်းစာမှ အသိပေးကြေညာခဲ့ပါသည်။

ပုဂ္ဂလိကစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုကို စိစစ်ရာ ယနေ့အထိ လုံးဝစိုက်ပျိုးခြင်းမရှိသော ဧရိယာအား အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | စိုက်ခင်းအမျိုးအစား | လုံးဝစိုက်ပျိုးခြင်းမရှိသည့်ဧရိယာ(ဧက) |
|---|---|---|
| ၁။ | သစ်တောစိုက်ခင်း(ကျွန်း၊သစ်မာမျိုးစုံ) | ၃၄၉၈၉ |
| ၂။ | ရော်ဘာ၊ဆီအုန်း၊စက်မှုကုန်ကြမ်းစိုက်ခင်း | ၄၄၆၂၄၉ |

သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ(ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များတွင် ပုဂ္ဂလိကစိုက်ခင်း တည်ထောင်လုပ်ကိုင်ခွင့်ရရှိထားပြီး လုံးဝစိုက်ပျိုးခြင်းမရှိသော တိုင်းရင်းသားကုမ္ပဏီလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများသည် ၁၁-၆-၂၀၁၃ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနသို့ ပြန်လည်အပ်နှံဆောင်ရွက်ရန်နှင့် အပ်နှံခြင်းမရှိပါက ပုဂ္ဂလိကစိုက်ခင်း တည်ထောင်လုပ်ကိုင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## တာချီလိတ်၌ ကျောင်းအပ်လက်ခံပြီ

**တာချီလိတ် မေ ၂၆**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ တာချီလိတ်မြို့အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားများ လက်ခံမည့်အချိန်၊ ပုံနှိပ်စာအုပ်များ ထုတ်ပေးသည့်အချိန်၊ ကျောင်းလခနှင့် ပုံနှိပ်စာအုပ်တန်ဖိုးများကို မေ ၂၄ ရက်က တာချီလိတ်မြို့တွင်းသို့ အသံချဲ့စက်ဖြင့် လှည့်လည် အသိပေးကြေညာပေးသည့်အပြင် **(ယာပုံ)** ကျောင်းသား မိဘများနှင့်ကျောင်းသားကျောင်းသူများ မြန်မာ့ရိုးရာနှင့် ကိုက်ညီသော ဝတ်စားဆင်ယင်မှုများဖြင့် ကျောင်းအပ်နှံမှုပြုပါရန် တိုက်တွန်းနှိုးဆော်ပေးသည့်အတွက် နှစ်ပေါင်း၅၀ကျော်ကာလအတွင်း ပညာရေးဝန်ကြီးဌာန၏ ပွင့်လင်းမြင်သာသော ဆောင်ရွက်မှု တစ်ရပ်အဖြစ် ပြည်သူများက ဝမ်းမြောက်ဝမ်းသာ အားပေးကြကြောင်း သိရသည်။

**မောင်ယဉ်ကျေး (တာချီလိတ်)**



## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

**လှိုင်ကော် မေ ၂၆**

ဒုတိယအကြိမ် တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကို မေ ၂၁ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပခဲ့သည်။

ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်က လယ်ယာမြေလုပ်ပိုင်ခွင့်ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်၏ အခွင့်အလမ်းနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ထို့နောက် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးက ဒေသခံတောင်သူများ၏လက်ဝယ်အရောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## ကျေးရွာအရောက် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်

**ချောက် မေ ၂၆**

မိုးပွင့်စီမံချက်အဆင့်(၅)အရ ချောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ရာနှင့်ဝန်ထမ်းများသည် မေ ၂၃ ရက်က လက်ပံကျွန်းကျေးရွာအုပ်စုရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၀၃ ဦးကို နေ့ချင်းပြီးအခမဲ့ ဆောင်ရွက်ပေးခဲ့ပြီး မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦးက လာရောက်ကြည့်ရှုအားပေးပြီး ကတ်ပြားများကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝသန်(မကွေး)**

## မဟာအောင်တော်မူစေတီတော် အသစ်ပြန်လည် တည်ထားကိုးကွယ်

**ထားဝယ် မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ညင်းထွေးကျေးရွာအုပ်စု ကျောက်ဆိပ်ကုန်းကျေးရွာရှိ နှစ်ပေါင်းများစွာ မြေလျက်ရှိသော မဟာအောင်တော်မူစေတီတော်ကို ကဆုန်လပြည့်နေ့ နံနက်က တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦး-ဒေါ်မူယာဆွေဆွေလွင်တို့က ဦးစီးလျက် အသစ်ပြန်လည်တည်ထားလှူဒါန်းပြီး ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ ဌာပနာသွင်းခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(ခရိုင် ပြန်/ဆက်)**

## ဗိမာန်သစ် စာကြည့်တိုက် စစ်ကိုင်း၌ဖွင့်

**စစ်ကိုင်း မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ရှည်ကျေးရွာရှိ "ဗိမာန်သစ်"စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၄ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းနှင့်ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များ၊ ပြည်သူများ တက်ရောက်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

**ဆောက်လုပ်ခဲ့**

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၅ ပေရှိပြီး နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ အလှူရှင် ဦးသိန်းဆောင်-ဒေါ်မွေးကြည်မိသားစုက ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် ၃၅သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ဇော်မြင့်နိုင်**

## စစ်ကိုင်းဂစ်တာများ အိန္ဒိယ-မြန်မာ ကုန်စည်ပြပွဲ၌ ပါဝင်ပြသမည်

**စစ်ကိုင်း မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ကုန်စည်ပြပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အကြံပြုချက်အရ စစ်ကိုင်းမြို့၏ နာမည်ကျော်ဂစ်တာလုပ်ငန်းများမှ ထုတ်လုပ်သည့် ဂစ်တာအမျိုးမျိုးကို ပြသရောင်းချပေးမည် ဖြစ်သည်။

ဂစ်တာအကောင်းဆုံးပြသရောင်းချနိုင်ရေးအတွက် ဂစ်တာထုတ်လုပ်သူများ စုစည်း၍ အဖွဲ့ငယ်တစ်ခုဖွဲ့စည်းကာ ပြပွဲ၌ပြသနိုင်ရေးပြင်ဆင်နေပြီဖြစ်သည်။ အဆိုပါပြပွဲကို မေ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

**(၁၄၀)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
### နေပြည်တော်
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ဌာနအဖွဲ့အစည်းများတွင်အသုံးပြုရန်အတွက် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | ပစ္စည်းအမျိုးအမည် | ပစ္စည်းအရေအတွက် | တင်ဒါပိတ်ရက် |
|---|---|---|---|
| (က) | ကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းများ | (1057)Items | ၂၄-၆-၂၀၁၃ မွန်းတည့် ၁၂နာရီ |
| (ခ) | Video Camera နှင့် ဆက်စပ်ပစ္စည်းများ | (58) Items | ,, |
| (ဂ) | ဘဏ်လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ | (268)Items | ,, |
| (ဃ) | ရုံးသုံးစက်ကိရိယာများ | (5696) Items | ,, |

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**
**ရုံးအမှတ် (၂၆)နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၁၉၁**

### ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ (JP¥)ဖြင့် ဝယ်ယူလိုပြီး လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| (က) | ၂၀/မမ/ CME(YUG)(Kyat) | Spare Parts for China Locomotive (155) Items |
| (ခ) | ၂၁/မမ/ CME(YUG)(Kyat) | Machinery & Equipment (26) Items (Centrifugal Pump , GI Pipe , Welding Machine , Over Head Crane , Electric Hand Tools , Measuring Instruments) |
| (ဂ) | ၂၂/မမ/ S&T(Kyat) | ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း(17) Items (12 V Battery , GI Wire , Solar Panel , 12 V DC Changer, OFC UG /OH Cable & Accessories) |
| (ဃ) | ၂၃/မမ/ CME(Kyat) | ရန်ကုန် နှင့် မန္တလေး အခြေစိုက် လူစီးတွဲများအား ပိုးမွှား ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်၊ |
| (င) | 1/MR/Rail Bus (JP¥) | Inservice Rail Bus (RBE) (20) Nos With Roof Mounted Air Condition |

တင်ဒါပိတ်မည့်နေ့/အချိန် -အမှတ်စဉ်(က)မှ(ဃ) - ၂၇.၆.၂၀၁၃(ကြာသပတေးနေ့)(၁၂:၀၀)နာရီ
-အမှတ်စဉ်(င) - ၁၂.၇.၂၀၁၃(သောကြာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၇. ၅ .၂၀၁၃ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း
နှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-294352,291985, 291994.

### မြေကွက်ရောင်းမည်

နေပြည်တော်၊ ရွှေကြာပင်ရပ်ကွက်နှင့် သပြေကုန်းရပ်ကွက်(ပေ ၆၀) ပတ်လည် နေရာကောင်းများ ရောင်းရန်ရှိသည်။

**ဖုန်း-၀၉-၈၅၀၀၂၇၅၊ ၀၁-၆၅၁၅၉၁၊ ၀၄၃-၂၃၅၂၄**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### စက်မှုဝန်ကြီးဌာန
### စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
### စက္ကူစက်ရုံ(ရေနီ)နှင့် ပေါင်းစပ်ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက္ကူစက်ရုံ(ရေနီ) နှင့် ပေါင်းစပ်ဆောင်ရွက်လိုသူ လုပ်ငန်းရှင်များအား ၅-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရန် ဖိတ်ခေါ်အပ်ပါသည်။

စက်ရုံ၏ အချက်အလက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၃၊ ၀၆၇-၄၀၈၁၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တည်နေရာ - ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**
**အကျယ်အဝန်း - ၂၀၅၁ ဒသမ ၉၇ ဧက**


BIS ဒေါ်နီလာဘာရာဒွါဂျာ ဦးစီးသော
Bharadwaj International School
Nursery & Pre KG (Age 3 to 4 yrs)
KG to IGCSE (Mon to Fri)
Weekend Classes (9:00 to 12:00)
No. 621, 2nd Floor, United Condo, Bo Ywe Street,
Latha Township, Yangon. Tel : 01-243978
Mobile : 09-5501141, 09-8537403, 09-73123665
ကျောင်းအပ်လက်ခံပါပြီ


### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းရပ်ကွက်နေ ဦးတင်ဦး ၉/မသန(နိုင်)၀၂၂၈၉၅ ၏သား မောင်ပြည့်ဖြိုးဦး ၉/မသန(နိုင်)၀၈၁၇၈၆ (ခေတ္တ-မြိတ်)သည် မိဘတို့၏ ဆိုဆုံးမတားမြစ်မှုတို့ကိုလက်မခံဘဲ မိမိသဘောအတိုင်း ပြုလုပ်သွားပါသဖြင့် ၎င်း၏ ပြုမူချက်များကို အသိအမှတ်မပြုသလို ယနေ့မှစ၍အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးတင်ဦး**
**၄/၉၉၊ အနန္တသူရိယလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကုန်**

### ဘားအံစက်မှုဇုန်မြေနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံရန် အဆိုပြုသူများအား မြေကွက်များလျာထားသတ်မှတ်၍ နေရာချထားပေးရာ ဇုန်(၁)တွင် ကုမ္ပဏီနှစ်ခုအား မြေကွက်(၃၈)ကွက်၊ ဇုန်(၂)တွင် ကုမ္ပဏီခြောက်ခုနှင့် လုပ်ငန်းရှင် ၃၉ ဦးတို့အား မြေကွက် ၁၉၁ ကွက်၊ ဇုန်(၃)တွင် ကုမ္ပဏီနှစ်ခုနှင့် လုပ်ငန်းရှင် ၄၁ ဦးအား မြေကွက် ၆၉ ကွက်၊ ဇုန်(၄)တွင် လုပ်ငန်းရှင် ၂၅၆ ဦးတို့အား မြေကွက် ၃၂၄ကွက်များ အသီးသီးချထားခဲ့ပါသည်။ ယခုအခါ မြေကွက်နေရာလျာထားပြီး နေရာချထားခြင်းခံရသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်အချို့တို့အနေဖြင့် သတ်မှတ်အရစ်ကျပေးသွင်းရမည့် ကျသင့်ငွေများအား ပေးသွင်းခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ ယနေ့အထိ မြေကွက်တန်ဖိုး ပထမအရစ် မပေးသွင်းသေးသော ကုမ္ပဏီ၊ လုပ်ငန်းရှင်တို့အနေဖြင့် ၂၀၁၃ခုနှစ် ဇွန် ၃၀ရက် နောက်ဆုံးထား၍ ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက ချထားပေးသော မြေကွက်များအား အလိုအလျောက် ပြန်လည်ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော် အကြောင်းကြားအပ်ပါသည်။

**ဘားအံစက်မှုဇုန်ကြီးကြပ်ရေးကော်မတီ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများအား ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Electrical Spare Parts | 1 Lot |
| ၂။ | V-Belt & Oil Seal | 1 Lot |
| ၃။ | Lubricant | 1 Lot |
| ၄။ | Ordinary Kiln Hanging Chain | 2 Items |
| ၅။ | Ordinary & Heat Resistance Conveyor Belt | 5 Items |

၂။ တင်ဒါအား ၂၈-၅-၂၀၁၃ရက် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၂၈-၆-၂၀၁၃ရက် ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှတင်ဒါကိုသာ လက်ခံပါမည်။

**(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၂၉၈)**

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

## ကျေးရွာချင်းဆက် ကွန်ကရစ်တံတားသစ်ဖွင့်

**ကျိုက်ထို မေ ၂၆**

ကျိုက်ထိုမြို့နယ် အဘိုင်းကျေးရွာနှင့် သရက်ကုန်းကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ကိုယ့်အားကိုယ်ကိုး အဘိုင်း-သရက်ကုန်းကွန်ကရစ် တံတားသစ်ဖွင့်ပွဲကို မေ ၂၃ ရက် နံနက် ၈နာရီကကျင်းပရာ အဓိဋ္ဌာန်တောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိဓဇ၊ သံတံတားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခေမိန္ဒနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကျေးရွာသူ ကျေးရွာသားများအနေဖြင့်လည်း ယခုကဲ့သို့ကျေးရွာချင်းဆက်သွယ်ထားသည့် တံတားကြောင့် အလွယ်တကူသွားလာနိုင်သကဲ့သို့လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များ ယခင်ကထက် ပိုမိုတိုးတက်လာနိုင်ပြီး ကျေးရွာအချင်းချင်း စည်းလုံးမှု ပိုမိုခိုင်မာမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြသည်။ တံတားသည် အလျားပေ ၆၀၊ အကျယ် ၁၃ ပေ ရှိသည့် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ကျပ်သိန်း ၂၅၀ ကုန်ကျပြီး အဘိုင်းကျေးရွာနှင့် သရက်ကုန်းကျေးရွာအကြား စီးဆင်းလျက်ရှိသည့် အဘိုင်းချောင်းကို ဖြတ်၍ တံတားတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ဖိုးကုန်းမြို့နယ်ရှိ မြသိန်းတန်ဘုရား မဟာဗောဓိညောင်ပင်တွင် ကဆုန်လပြည့်နေ့က ဌာနဆိုင်ရာများ အပါအဝင် မြို့နယ်လုံးကျွတ် ညောင်ရေသွန်းပွဲကို အတူဆင်နွှဲကြစဉ်။

(မြို့နယ်ပြန်/ဆက်)

## တီးတိန်မြို့လမ်းဆုံများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**တီးတိန် မေ ၂၆**

ချင်းပြည်နယ်(မြောက်ပိုင်း) တီးတိန်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းဆုံလမ်းကွေ့ နေရာများတွင် အချက်ပြမီးပွိုင့်များ၊ နောက်ပြန်ကြည့် စတီးမှန်ဝိုင်းခုံးကြီးများကို ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ တပ်ဆင်ထားကြောင်း သိရသည်။

**ပြောကြားချက်**

အဆိုပါ အချက်ပြမီးပွိုင့်များနှင့် မှန်ဝိုင်းကြီးများကို ခရစ်ယာန်ဂိုဏ်းပေါင်းစုံအသင်းကြီးက မတည်လှူဒါန်းထားခြင်းဖြစ်ပြီး လွယ်ဘွား(ရ်) ရပ်ကွက်တွင်တစ်ခု၊ မြို့မရပ်ကွက်တွင်နှစ်ခု၊ စကောလမ်းဆုံတွင်တစ်ခု တပ်ဆင်ထားကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မီးပွိုင့်များနှင့်မှန်ဝိုင်းကြီးများ တပ်ဆင်ထားခြင်းကြောင့် တီးတိန်မြို့နယ်တွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းသွားကြောင်း၊ မြို့၏ အစည်ကားဆုံး လမ်းမကြီးဖြစ်သော ကမ်းဟောက်လမ်းမကြီးသည် မီးပွိုင့်များ တပ်ဆင်ထားခြင်းကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု မရှိသလောက်ပင် လျော့နည်းသွားကြောင်း၊ တီးတိန်မြို့သည် တောင်ပေါ်မြို့ဖြစ်သည့်အားလျော်စွာ အတက်အဆင်းလမ်းများဖြင့် အကွေ့များပေါများခြင်းကြောင့် တစ်လမ်းမောင်းစနစ် ကျင့်သုံးသည့် လမ်းများဖြစ်ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

**(သျှင်နေမင်း)**

## မီးဘေးရှောင်မလောင်ခင်တား ညီနောင်သွေးချင်းများ

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ



မော်လမြိုင်ကျွန်းလောကသကျမာရဇိန်ဘုရားရှေ့ မဟာဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းလောင်းနေစဉ်။ (မော်ကျွန်း-မြင့်အောင်)



(၁၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲကို ကျောက်မဲမြို့ အမှတ် ၉ ရပ်ကွက် တိလင်ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ရန် မြို့တွင်း၌ လှည့်လည်နေစဉ်။ (ကျောက်မဲ-မောင်မောင်)


## မွေးနေ့မင်္ဂလာဆုတောင်း

၂၇-၅-၂၀၁၃ရက်တွင်ကျရောက်သော ချစ်သမီးလေး မအိအိရှင်မိုး (ME စာတမ်းနှစ်၊ IT)မွေးနေ့မင်္ဂလာမှသည် နှောင်နှစ်ပေါင်းများစွာ ကျန်းမာပျော်ရွှင် ပညာပြည့်ဝပြီး မောင်းလေးများရဲ့ အနာဂတ်မှာ လင်းလက်တောက်ပသော လမ်းပြကြယ်အဖြစ် ဦးဆောင်နိုင်သော သမီးရတနာဖြစ်ပါစေ။

မောင်လေး - မောင်ရှင်းခန့်ရှင်မိုး တတိယနှစ်(MP)
မောင်ချစ်လွှန်းရှင်မိုး ပထမနှစ်(MP)
မောင်ဆုထူးရှင်မိုး၊ ဒေါ်နှင်းနှင်းမော်
အလွတ်ပညာသင်ကျောင်း
ဘဘ - ဦးမြင့်သိန်း အရာခံဗိုလ်(ငြိမ်း)
ဘွားဘွား - ဒေါ်ခင်မေကြည်
၂၀/၆၊ ပြည်ထောင်စုလမ်းမကြီး၊ အောင်သပြေ၊ တောင်ကြီးမြို့


**အမည်ပြောင်းလဲခေါ်ပါရန်**

ဦးကျော်ဝေ၏သမီး အထက (၂) လယ်ဝေး၊ တက္ကသိုလ်ဝင်တန်း(B)မှ မဇင်မာလွင်အား မရွှေယွန်းအိမ်ဟု ပြောင်းလဲခေါ်ပါရန်။

မရွှေယွန်းအိမ်

## တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ် ၃၇ စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Prado | ၁ စီး |
| (ခ) | Toyota Mark II | ၁ စီး |
| (ဂ) | Toyota caldina | ၉ စီး |
| (ဃ) | Toyota Corolla Van | ၂၆ စီး |

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂၇-၅-၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၅-၆-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများအား ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၄၂-၂၅၀၆၉၊ ၂၃၆၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| | **Tender No. 08/DHPI/Transmission Line/2013-2014** | |
| 1. | 36KV Current Transformer | 1 Set |
| 2. | 36KV $SF_6$ Gas Circuit Breaker | 1 Set |
| 3. | 36 KV Disconnecting Switch (with earth switch) | 1 Set |
| 4. | 36KV Voltage Transformer | 1 Set |
| 5. | 36KV Lightning Arrester | 1 Set |
| 6. | 36KV GCB Control and Relay Panel | 1 Set |
| 7. | 11/0.4KV, 50KVA Transformer | 1 No |
| 8. | 12KV Vacuum Circuit Braker | 1 Set |
| 9. | Battery and Battery Charge (110V, DC) | 1 Set |
| 10. | Earthing System | 1 Lot |
| | **Tender No.09/DHPI/Spare Parts/2013-2014** | |
| 1. | Spare Parts for Geological Machinery | 1 Lot |

၂။ ပစ္စည်းများ၏ Technical Specification များအား ၂၇-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၇ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရုံးအမှတ် ၃၈၊ နေပြည်တော်၊**
ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁


ဦးမောင်မောင်အုန်းမြိုင် (ဆရာအုန်း)၏
အင်္ဂလိပ် ⟺ မြန်မာ ဘာသာပြန်ဆိုနည်းသီးသန့်သင်တန်း
ဘာသာပြန်ဆိုခြင်းအတတ်ပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုနိုင်အောင် သင်ကြားပေးမည်။
ဝန်ထမ်းများတက်ရောက်နိုင်ရန် တန်းခွဲ (၄)ခု ဖွင့်ထားပါသည်။
၉၉၊ အနော်ရထာလမ်း၊ ရန်ကုန်။ ဖုန်း-၀၉၄၃၀၇၄၈၁၅

ပညာလိုလားသူများအားလုံး တက်ရောက်နိုင်သည်
April သင်တန်း၌ ရာနှုန်းပြည့်(၃)ဦးနှင့် (၉၀)အထက် အားလုံးရရှိသော
ဦးအောင်စိုးဦး
WIPO DL 101 မူပိုင်ခွင့်အခြေခံသင်တန်း
ဆွစ်ဇာလန်နိုင်ငံဂျနီဗာမြို့ WIPO ဌာနချုပ်မှအောင်လက်မှတ်များချီးမြှင့်မည်
ACETOP ACADEMY တစ်ထိပ်တန်းပညာ့ဗိမာန်
အမှတ် ၂၄၅ (ပ)ထပ်၊ ၃၇လမ်း အ-ထ-က (၁)ရှေ့၊ ကျောက်တံတား ရန်ကုန်၊ ဖုန်း
၀၉ ၇၃၂၂၄၁၄၃, ၀၁ ၂၄၉၁၆၃
ဇွန်လ ၁ ရက် သင်တန်းစတင်ဖွင့်လှစ်ပြီ


## သာသနာရေးဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ကွန်ပျူတာအပိုပစ္စည်းများ
(ခ) လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ရုံးသုံးကွန်ပျူတာနှင့် အခြားရုံးသုံးပစ္စည်းများ
(ဃ) ရုံးသုံးပရိဘောဂများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၆-၂၀၁၃ရက်မှစတင်၍ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဝယ်ယူမည့် ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၆-၂၀၁၃ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ကိုယ်တိုင် ဤဝန်ကြီးဌာန၊ စုပေါင်းခန်းမ၊ တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင် ထည့်ရမည်၊ သတ်မှတ်ချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါချိန်ကုန်ဆုံးပြီးနောက် တင်ဒါတင်သွင်းသူများနှင့် ပစ္စည်းတင်ဒါကြီးကြပ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါများဖွင့်လှစ်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ကြေညာမည်ဖြစ်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်၍ အနိမ့်ဆုံးဈေးပေးသွင်းသူအား ရွေးချယ်၍ စာချုပ်ချုပ်ဆိုဝယ်ယူမည်ဖြစ်ပါသည်။

**သာသနာရေးဦးစီးဌာန**
**ရုံးအမှတ် (၃၁)၊ နေပြည်တော်**
**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇**

**အမည်ပြောင်း**

ကမာရွတ် အထက (၃) အဌမတန်းမှ ဗိုလ်ကြီးမြင့်ကျော်(ငြိမ်း)၏သမီး မဖူးငုံမြင့်ကျော်အား ယနေ့မှစ၍ မလင်းသီရိမြင့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မလင်းသီရိမြင့်ကျော်


**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

မြေအကျယ်လိုချင်သော လုပ်ငန်းရှင်များ ဆက်သွယ်ပါ။ မ/၁၊ (၃၃) ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်းမ၊ ပေ (၁၀၀×၆၀)။

ဖုန်း-၀၉-၅၀၄၉၇၂၄၊ ၅၁၄၃၉၀၉

ကလေးနာမည်ပေး
ကွန်ပျူတာပုရောဟိတ်
ဗေဒင်ကျမ်းစာစစ်ပြီးကလေးနာမည်(၁၅၀)ကျော်
ဟောစာတမ်း(၃၄)မျက်နှာဖုန်းသာဆက်လိုက်ပါ
0931079394 095179128
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

၁။ နေပြည်တော်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးသောင်းစိန်(ဘ)ဦးဖိုးခွေး ၁၂/ဥကတ(နိုင်)၀၄၈၁၃၈အမည်ဖြင့် ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ပေါင်းလောင်း(၂)၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ ၂၃လမ်း၊ မြေကွက်အမှတ် (၃၂၃၊ ၃၂၄၊ ၃၂၅)အား ၄-၃-၂၀၁၁ရက်စွဲပါ စာအမှတ် ၅၄၂/၁၈-၁/နဝတ/မြေ/ယာဖြင့် အမည်ပြောင်းမိန့် ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ဦးသောင်းစိန်(ဘ)ဦးဖိုးခွေး ၁၂/ဥကတ(နိုင်)၀၄၈၁၃၈က အဆိုပါမြေကွက်အမှတ် (၃၂၃၊ ၃၂၄၊ ၃၂၅) အမည်ပြောင်းမိန့်မူရင်း ပျောက်ဆုံး၍ အမည်ပြောင်းမိန့်မိတ္တူမှန် ထုတ်ယူခွင့်ပြုရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ၃-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်တွင်းသတင်းနှင့်မှုခင်း

## ရွှေပြည်သာ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ထူးချွန်ဆုများပေးအပ်

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၂၉)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင် ဂုဏ်ပြုဆုနှင်းသဘင်ပွဲ အခမ်းအနားကို မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက ရွှေပြည်သာမြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အစီအစဉ်အရဆရာတော်သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က အခမ်းအနားကိုနမောတဿသုံးကြိမ် ရွတ်ဆို၍ ဘုရားကန်တော့ ဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒကထာ တရားနာကြားကြသည်။ **(ယာပုံ)** မြို့နယ်အတွင်းရှိ ယဉ်ကျေးလိမ္မာသင်တန်းဌာန ၁၁ ခုတို့မှ သင်တန်းသားကျောင်းသား ကျောင်းသူများထံမှ ဘာသာစုံမြို့နယ် ထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ သုံးဦးနှင့် တစ်ဘာသာ၊ နှစ်ဘာသာဂုဏ်ထူးပါ ၂၈၉ ဦးတို့အား မြို့နယ်ဗုဒ္ဓဘာသာယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများက အောင်လက်မှတ်ကတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

ရွှေပြည်သာမြို့နယ်သံဃနာယကအဖွဲ့နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုကော်မတီသည် မေ၂၅ ရက်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ သတ်မှတ် ပြဋ္ဌာန်းသည့် အကြိမ် (၃၀) မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**(၁၆၆)**



## မွန်ပြည်နယ် ၁၀မြို့နယ်ရှိ အလယ်တန်းကျောင်းများ အထက်တန်းကျောင်းခွဲ များအဖြစ် တိုးမြှင့်မည်

**မော်လမြိုင် မေ ၂၆**

ပညာရေးဝန်ကြီးဌာနနှင့်မွန်ပြည်နယ်အစိုးရအဖွဲ့တို့၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့်မွန်ပြည်နယ်၁၀မြို့နယ်ရှိ အခြေခံပညာအလယ်တန်း ၄၉ ကျောင်းကို အထက်တန်းကျောင်းခွဲများအဖြစ် ယခုနှစ်၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးသွားမည်ဖြစ်သည်။

၂၀၁၂-၂၀၁၃ခုနှစ် ပညာသင်နှစ်တွင် မွန်ပြည်နယ် ၁၀မြို့နယ်ရှိ အလယ်တန်းကျောင်းများတွင် အဋ္ဌမတန်းအဆင့် ဖြေဆိုအောင်မြင်သူများက ကျောင်းပြောင်း၍ ဆက်လက်သင်ကြားတော့မည့်ဆဲဆဲတွင် မူလအလယ်တန်းကျောင်းများကိုအထက်တန်းကျောင်းခွဲများအဖြစ် နဝမတန်းနှင့်ဒသမတန်းအထိ တိုးမြှင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသဖြင့် ကျောင်းသားကျောင်းသူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှိကြကြောင်းသိရသည်။

**(၁၀၇)**

## စိတ်ကြွရူးသွပ်ဆေးပြားများ တောင်ငူတွင်ဖမ်းမိ

**တောင်ငူ မေ ၂၆**

မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက တောင်ငူမြို့ မင်းကြီးညိုရပ်ကွက် ခပေါင်းလမ်းမတော် လမ်းထိပ်၌ ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာတောင်ငူမူးယစ်မှု ပူးပေါင်းအဖွဲ့သည်သတင်းအရတောင်ငူမြို့ မင်းကြီးညိုရပ်ကွက် ခပေါင်းလမ်းမတော်လမ်းထိပ်၌ အသင့်စောင့်ဆိုင်းနေစဉ် လိုင်စင်မဲ့လော်ဂျားအနက်ရောင် မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ ညွန့်သောင်း (၅၇ နှစ်)ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်း၏ ဝဲဘက်အိတ်ကပ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား အပြား ၃၀၀ ကာလတန်ဖိုးငွေကျပ် ၁၅ သိန်းကျော်ခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ညွန့်သောင်း၏ အစစ်ခံချက်အရ တောင်ငူမြို့ (၂) ရပ်ကွက် ရွှေဟင်္သာတိုးချဲ့ရပ်ကွက်နေ အောင်လွင်ထွန်း(ခ) ဘိုနီ (၅၀ နှစ်)ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု စစ်ဆေး ပေါ်ပေါက်ချက်အရ အောင်လွင်ထွန်း၏ နေအိမ်သို့ သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါး မတွေ့ရှိရသော်လည်း အားပေးကူညီမှုဖြင့် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ အမှုနှင့်ပတ်သက်၍ ညွန့်သောင်းနှင့် အောင်လွင်ထွန်း(ခ) ဘိုနီတို့ကို တောင်ငူမြို့ အမှတ်(၁) ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောပြစ်မှုဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**(၁၂၃)**

## ရေမဆေးကျောက် ရှာသူများ မြေစာပြိုကျ၍ သေဆုံးဒဏ်ရာရ

**ဖားကန့် မေ ၂၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း တူးဖော်မှုရပ်နားထားသည့် ခိုင်လုံကျောက်မျက်ကုမ္ပဏီလုပ်ကွက်၌ မြေစာပုံအောက်ခြေတွင် ရေမဆေးကျောက် ရှာဖွေနေသူများ မေ ၂၃ ရက် နံနက် ၉ နာရီက မြေစာပိသေဆုံးဒဏ်ရာရမှု ဖြစ်ပွားခဲ့သည်။ အမြင့်ပေ ၄၀ခန့်ရှိသော မြေစာပုံဟောင်းမှ မြေစာများ ရုတ်တရက် ပြိုကျသဖြင့် အောင်ကျော်ညွန့် (၄၂ နှစ်)သည် ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့ပြီး ခင်မောင်ထွေး (၃၀နှစ်)တွင် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သည်။ သေဆုံးသူ၏ အလောင်းနှင့် ဒဏ်ရာရရှိသူ ခင်မောင်ထွေးတို့ကို လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ဖားကန့် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၀၆၄)**

## အပေါင်ဆိုင်၌ရွှေဆွဲကြိုးအတုပေါင်နှံသူ ဖမ်းဆီးအရေးယူ

**အိမ်မဲ မေ ၂၆**

မေ ၁၆ ရက် နံနက် ၈ နာရီခွဲက အိမ်မဲမြို့ အိမ်မဲကြီးရပ်ကွက် ဒေါ်ခင်ချိုဝင်း (၄၂နှစ်)သည် ၎င်း၏ အမိန့်ရအပေါင်ဆိုင်တွင်ရှိနေစဉ်အမျိုးသမီးတစ်ဦးသည် ရွှေဆွဲကြိုး တစ်ကုံးလာရောက်ပေါင်နှံသဖြင့် စစ်ဆေးမေးမြန်းရာအဆိုပါပေါင်နှံသူ၏အမည်မှာဒေါ်ခင်အေး၊ အစုကြီး ပန်းတနော်ဟုဆိုသဖြင့် ရွှေဆွဲကြိုးကိုစမ်းသပ်စဉ် ရွှေအတုဖြစ်နေကြောင်း သိရသည်။ ထို့ကြောင့် ဆွဲကြိုးအတုပေါင်နှံသူကို မေးမြန်းစစ်ဆေးရာ ၎င်း၏ အမည်မှန်မှာ ဒေါ်ထွေး(၄၅နှစ်)ဖြစ်ကြောင်း သိရသဖြင့် ယင်းနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ဒေါ်ခင်ချိုဝင်း၏ တိုင်တန်းချက်အရ အိမ်မဲရဲစခန်းက ရွှေဆွဲကြိုးအတုပေါင်နှံသူ ဒေါ်ထွေးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ပုသိမ်လှကြည်**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### သာသနာရေးဝန်ကြီးဌာန
### သာသနာရေးဦးစီးဌာန
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ နေပြည်တော်၊ ရန်ကုန်၊ မကွေး၊ ဘားအံ၊ ညောင်ရွှေမြို့နယ်တို့တွင် သာသနာရေးမှူးရုံးများ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်မည်ဖြစ်ပါ၍ ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | မြို့နယ် | အဆောက်အုံအမျိုးအစား |
|---|---|---|
| (က) | မကွေး | သာသနာရေးမှူးရုံးအဆောက်အအုံ(RC-တစ်ထပ်) (၅၀'× ၂၆'× ၁၂') |
| (ခ) | ဘားအံ | သာသနာရေးမှူးရုံးအဆောက်အအုံ(RC-နှစ်ထပ်) (၃၆'× ၂၀'× ၂၀') |
| (ဂ) | နေပြည်တော် | သာသနာရေးမှူးရုံးအဆောက်အအုံ(RC-နှစ်ထပ်) (၄၀'× ၆၅'× ၂၂') |
| (ဃ) | နေပြည်တော် | အရာရှိအိမ်ရာအဆောက်အအုံ(RC-နှစ်ထပ်) (၄၀'× ၅၅'× ၂၂') |
| (င) | နေပြည်တော် | နှစ်ခန်းတွဲ အရာရှိ အိမ်ရာအဆောက်အအုံ(RC-တစ်ထပ်) (၄၀'× ၁၁၀'× ၁၂') |
| (စ) | နေပြည်တော် | ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(RC-နှစ်ထပ်) (၃၈'× ၉၄·၅'× ၂၀') |
| (ဆ) | မရမ်းကုန်း | ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာသုံးလုံးအဆောက်အအုံ (RC-နှစ်ထပ်) (၃၈'× ၉၄·၅'× ၂၀') |
| (ဇ) | ညောင်ရွှေ | သာသနာရေးမှူးရုံးအဆောက်အအုံ (အုတ်ညှပ်-တစ်ထပ်) (၃၆'× ၃၀'× ၁၀') |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဗိသုကာပုံစံများကို ၅-၆-၂၀၁၃ရက်မှ စ၍ လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၁-၆-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ သာသနာရေးဦးစီးဌာန(ငွေစာရင်း) ရုံးအမှတ်(၃၁)၊ နေပြည်တော်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်၊ အချိန်ထက်ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့်လျှောက်လွှာပုံစံများကို သာသနာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

---

ကျစ်လစ်သွယ်လျ၊ အဆင်းလှဖို့ 'မင်္ဂလာ' ကို သုံးကြစို့

**မင်္ဂလာ အဆီကျဆေး**

[ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၃၀၉ YR ၀၀၃၈၁၅] Ph: 01 565322, 0973078272

**အမည်မှန်**

အထက၊ အေးသာယာ၊ ပထမတန်းအောင်မှ မသဲဆုသစ္စာ၏ အမည်မှန်မှာ မသည်းစုသစ္စာဖြစ်ပါကြောင်း။ **မသည်းစုသစ္စာ**

---

### အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ခြင်း
### သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန ကုမ္ပဏီလီမိတက်က ဆောက်လုပ်ထားသော အောက်ဖော်ပြပါ စီးပွားရေးအဆောက်အအုံတစ်ခုလုံး(Commercial Centre)ကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်သော နိုင်ငံတကာစံချိန်စံညွှန်းညီသည့် ခေတ်မီတိုးတက်မှုလုပ်ငန်းများကို ပေါ်လွင်စေရေးကို ရည်ရွယ်၍လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍လည်းကောင်း၊ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအား နှစ်စဉ်စီမံခန့်ခွဲမှုသဘောတူညီချက်(Annual Management Service Agreement) စာချုပ်ဖြင့် ၁၅ နှစ် ငှားရမ်းလုပ်ကိုင်ရန် အိတ်ဖွင့်တင်ဒါဈေးနှုန်း ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၁။ ငှားရမ်းမည့်အဆောက်အအုံနှင့် တည်နေရာလိပ်စာ
သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန(Forest Joint Venture Commercial Centre)၊ အမှတ် ၄၂၂၊ ၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၂၈-၅-၂၀၁၃ရက်မှ ၆-၆-၂၀၁၃ ရက်အထိ အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်းတိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်နှင့် တင်ဒါစည်းကမ်းချက်များကို အထက်အပိုဒ်(၁)ပါ လိပ်စာနှင့် ဖုန်း-၀၁-၂၀၁၈၃၉ တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

'အမေ့ဆေး' အမှတ်တံဆိပ်



မှတ်ပုံတင်ပြီး

**ဆီးချို သွေးချို သောက်ဆေး**

**ပင်ရင်း** - အမှတ် (၃၁)၊ (၁၂၂)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁-၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉-၇၃၂၀၀၉၇၀

---

### သိက္ခာထပ်၊ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ ကျေးဇူးတင်လွှာ

သာယာဝတီခရိုင်၊ အိုးသည်ကုန်းမြို့၊ ညောင်ဝင်းကျေးရွာ ကျောင်းတိုက်ကျောင်းတွင် ၁၈-၅-၂၀၁၃ရက် ကျင်းပပြုလုပ်သော သိက္ခာထပ် ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဦးဆောင်ပါဝင်ဆောင်ရွက်ပေးကြသော ဆရာတော် ဦးပဏ္ဍိတနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးမိသားစုများ၊ ကျေးရွာသူ ကျေးရွာသားများ၊ သူငယ်ချင်းအပေါင်းအသင်းများအား အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**ဗိုလ်ကြီးအောင်ငွေး-ဒေါ်ခင်စန်းမြင့် မိသားစု**

---

### လက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့နေ ဦးကျော်စိုး-ဒေါ်စန်းစန်းမာ (အောင်ဝေဖြိုး-ဆိုင်ကယ်ပြုပြင်ရေးနှင့် အပိုပစ္စည်းအရောင်းဆိုင်)တို့၏သားထွေး

**မောင်ဖြိုးသူအောင်**

**(ACCA -Singapore) Hin Thar Trading Ltd. Singapore**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် (၂၂၉/ခ)နေ ဦးအောင်နိုင်-ဒေါ်သက်သက်အေး (win unity hotels) တို့၏ တစ်ဦးတည်းသောသမီး

**မစုသဉ္ဇာအောင်**

**(LL.B-Law) P-Serve Pte Ltd, Changi Experience Agent, Changi Airport Singapore**

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူခွင့်ပြုချက်အရ ၂၆-၅-၂၀၁၃ရက်တွင် တောင်ဥက္ကလာပမြို့နယ်တရားသူကြီး ဦးချစ်ကိုကို၏ရှေ့မှောက်၌ လက်မှတ်ရေးထိုးလက်ထပ်ပြီး မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပပြုလုပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဖြိုးသူအောင်-မစုသဉ္ဇာအောင်**

---

LCCI မကျခေရ၊ ကျလျှင်အောင်သည်အထိ ကျူရှင်ကြေး ထပ်ပေးရန်မလိုပါ။

WEBS World-class English & Business School
A World-class Learning Experience

တိုက် - 03 (3-A)၊ လှည်းတန်းလမ်းမကြီး၊(ဂ)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ စိန်ဂေဟာအနီး၊ လှည်းတန်း။ ဖုန်း - 09 - 5151398

# စက်ခေါင်း၊ တွဲနှင့် သံလမ်းများ အဆင့်မြှင့်တင်လျှင် ရထားခရီးစဉ်များ ယခုထက်မြန်ဆန်လာနိုင်

သတင်း-မောင်ကျေးသား
ဓာတ်ပုံ-
တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံတစ်ဝန်း ပြေးဆွဲလျက်ရှိသော မီးရထားခရီးစဉ်များကို စက်ခေါင်း၊ တွဲနှင့် သံလမ်းများ တစ်ပြိုင်တည်း အဆင့်မြှင့်တင်ပေးနိုင်လျှင် ရထားခရီးစဉ်များ ယခုထက် ပိုမိုမြန်ဆန်လာနိုင်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးစဉ်များ ခုတ်မောင်းပြေးဆွဲရာတွင် ပုံမှန်အနေအထားသာ ခုတ်မောင်းပြေးဆွဲလျက်ရှိပါတယ်။ အကယ်၍ မီးရထားစက်ခေါင်းများ၊ မီးရထားတွဲများနဲ့ သံလမ်းများကို တစ်ပြိုင်တည်းကောင်းအောင် ပြုပြင်ပေးလိုက်မည်ဆိုလျှင် မီးရထားစီး ခရီးသည်များ ပိုမိုများပြားလာနိုင်ပါတယ်ဟု အဆိုပါ ရထားအရာရှိတစ်ဦးက ပြောသည်။

လက်ရှိ ရထားခရီးစဉ်များတွင် ရန်ကုန်-မန္တလေး ၁၅ နာရီ၊ ရန်ကုန်-နေပြည်တော် ၉ နာရီ၊ ရန်ကုန်-ပုဂံ ၁၆ နာရီနှင့် ရန်ကုန်-မော်လမြိုင် ၁၀ နာရီကြာ ပြေးဆွဲပေးနေကြောင်းသိရသည်။

အထက် ဖော်ပြပါအတိုင်း မြန်မာ့မီးရထားကို အဆင့်မြှင့်တင်ပေးလိုက်မည်ဆိုပါက ရထားခရီးစဉ်များ ယခုထက် ပိုမိုမြန်ဆန်လာပြီး ရထားစီးသူ များပြားလာမည်ဟု ယုံကြည်ရသည်။

ယခုအခါ ခရီးသည်ယာဉ် Express များ၏ ဝန်ဆောင်မှုကောင်းမွန်လာခြင်း၊ ခရီးကြာချိန်များ တိုတောင်းလာခြင်းတို့ကြောင့် Express ကားစီးသူ များပြားလာသည်။ ရထားအထူးလက်မှတ်ခနှင့်Express ကားခတို့မှာလည်း ကွာဟမှုနည်းပါးလာသည်။

ရန်ကုန်-နေပြည်တော် ရထားခ အထူးတန်း လက်မှတ်တန်ဖိုးမှာ တစ်စောင် ၅၆၀၀ကျပ်ရှိပြီး ကားခမှာ ကျပ် ၆၀၀၀ရှိသည်။ တန်ဖိုးချင်း ကွာဟမှုနည်းလာ၍ ရထားမှ ကားကို ပြောင်းစီးလာကြသည်။ သို့သော် ရထားကို အဆင့်မြှင့်တင်လိုက်ပါက ရထားစီးသူများပြန်လည် မြင့်တက်လာနိုင်သည်။ ဂျပန်၊ တရုတ်စသောနိုင်ငံများတွင် ခရီးသည်များအနေဖြင့် ကားထက်ရထားကို ဦးစားပေး စီးနေကြကြောင်းသိရသည်။

မြန်မာ့မီးရထားအနေဖြင့် ယခုအခါ ခရီးသည် ၃၅၀၀ မှ ၄၀၀၀ ကြား နေ့စဉ် ဝန်ဆောင်မှုပေးလျက်ရှိပြီး လွန်ခဲ့သည့် သင်္ကြန်ကာလအတွင်း အမြင့်ဆုံးခရီးသည် ၅၀၀၀ အထိ နေ့စဉ်ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသည့်မြို့ပတ်ရထားကို တွေ့ရစဉ်။



သတင်းခေါင်းပါးနှင့်ကြော်ငြာ

## တန်ဖိုးနည်း ဆင်းကတ်ကြောင့် ဟန်းဆက်များအရောင်းသွက်

**ရန်ကုန် မေ ၂၆**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ CDMA-800 စနစ်သုံး တန်ဖိုးနည်း Simcard များကို ဧပြီ ၂၄ ရက်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ မေ ၂၀ ရက်တွင် ဒုတိယအကြိမ်ဖြင့်လည်းကောင်း ပြည်သူများအား ငွေကျပ် ၁၅၀၀ဖြင့်ရောင်းချပေးခဲ့သည်။

တန်ဖိုးနည်း Simcard များ ထွက်လာသည်နှင့် တစ်ပြိုင်နက်တည်း CDMA-800 MHz သုံး တန်ဖိုးနည်း Handset များသည်လည်း ဈေးကွက်အတွင်း ပေါများစွာဝင်ရောက်လာခဲ့သည်။ Samsung၊ Huawei အစရှိသည့် Key-pad သုံး Handset များမှာ လူကြိုက်များလာခဲ့သည်။ ဈေးနှုန်းမှာလည်း သုံးသောင်းကျော်၊ ငါးသောင်းဝန်းကျင်သာရှိ၍ ဈေးနှုန်းလည်းသက်သာ၊ ဒီဇိုင်းကလည်းလှပသေသပ်၍ ဝယ်သူအကြိုက်ဖြစ်ခဲ့သည်။ ကျွန်တော်က ပထမလကမပေါက်ဘူး၊ ဒုတိယလမှပေါက်တာ၊ ကိုယ်ကတခြားသူတွေလို Handset ကိုဈေးကြီးကြီးပေးပြီးမဝယ်နိုင်ဘူးလေ။ Key-pad သုံး (ခလုတ်နှိပ်၍ သုံးနိုင်သောဖုန်း) Handset ကိုပဲ ဝယ်လိုက်တယ်၊ ငွေကျပ် ၃၅၀၀၀ပေးရတယ်၊ သုံးရတာလည်း အဆင်ပြေတယ်၊ ကျွန်တော်တို့လို မရှိတဲ့သူအတွက် အဆင်ပြေပါတယ်ဟု ရှင်းပြသည်။

**မောင်စိုးဝင်း**

## နိုင်ငံတကာအဆင့်မီ ဝက်ဘ်ရေးသားနည်းဆိုင်ရာ သင်တန်းဖွင့်မည်

**ရန်ကုန် မေ ၂၆**

ကျောင်းသားလူငယ် စီးပွားရေးနယ်ပယ်များအတွက် ဝက်ဘ်ရေးနည်းပညာဆိုင်ရာ ဒေါ့နက်အထူးပြု အပလီကေးရှင်းရေးသားနည်းဆိုင်ရာ သင်တန်းကို မြန်မာအင်ဖိုတက်ခ်အတွင်းရှိ M3WI မှ မေ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဒေါ့နက်အပလီကေးရှင်းပညာရှင်တစ်ယောက်ဖြစ်ရန် အွန်လိုင်းဆော့ဝဲများ ဖန်တီးရေးသားနည်းဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်စွာ ပြန်လည်အသုံးချနိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်ရာ သင်တန်းကာလအတွင်း ဉာဏ်စမ်းမေးခွန်းများ၊ စာမေးပွဲများ၊ လက်တွေ့ပြုလုပ်မှုများ ပြုလုပ်ခြင်းဖြင့် စာတွေ့လက်တွေ့ ကျွမ်းကျင်ကာ အိုင်တီနည်းပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိလိုပါက အဆောင် ၅၊ အခန်း ၄၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်မြို့နယ်၊ ရန်ကုန် ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**တင်တင်ဝင်း(မြန်မာ့အလင်း)**

## စည်သူ (၆၈)မှ သူငယ်ချင်းများသို့

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၈)၊ စည်သူတပ်ခွဲ၏ (၂၈)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်အထိမ်းအမှတ် ဝတ္ထုငွေလှူဒါန်းခြင်း၊ သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ ဆရာကန်တော့ခြင်း၊ မိတ်ဆုံညစာစားပွဲပြုလုပ်ခြင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲများကို အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး တက်ရောက်ပါဝင်ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်-

(က) ၃၁-၅-၂၀၁၃ရက် (သောကြာနေ့) ၁၈း၃၀နာရီမိတ်ဆုံညစာစားပွဲ Ten Mile Cuisine Restaurant (၁၀)မိုင်ကုန်း၊ ပြည်လမ်း၊ ရန်ကုန်။

(ခ) ၁-၆-၂၀၁၃ရက် (စနေနေ့) ၀၉း၃၀နာရီတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(ကမ္ဘာအေး)တွင် သံဃာတော် အပါး(၂၀၀)အား ဆွမ်းကပ်လှူဒါန်းခြင်း၊ (ဗိုလ်ကြီးကျော်ကျော်ဦး-ငြိမ်း)၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းစိန် သား မောင်သူရဦး၊ မောင်ကျော်ရဲဟိန်း မိသားစုမှ ကူညီပံ့ပိုးပါသည်။ ကျဆုံး၊ သေဆုံးသွားသော သူငယ်ချင်းများ အားရည်စူး၍ တရားနာ၊ ရေစက်ချ၊ အမျှပေးဝေခြင်း၊ ဆရာကန်တော့ပွဲ ပြုလုပ်ခြင်း၊ (သူငယ်ချင်းအားလုံး မိသားစုများပါ ကြွရောက်ကြပါရန်)

(ဂ) ၁-၆-၂၀၁၃ရက် (စနေနေ့) ၁၂း၃၀နာရီတွင် တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)၌ ဂေါက်သီးရိုက်ပြိုင်ပွဲပြုလုပ်ပြီး ၁၈း၃၀နာရီတွင် ဆုချီးမြှင့်ပွဲ နှင့် ညစာစားပွဲအား Ten Mile Cuisine Restaurant (၁၀)မိုင်ကုန်း၊ ပြည်လမ်း၊ ရန်ကုန်။

(ဃ) ၂-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ၀၉း၃၀နာရီ အောင်ဇေယျာမင်းပရဟိတ ဘုန်းတော်ကြီးသင်ပညာရေး(မူလွန်)ကျောင်း(ငွေပင်လယ်စက်မှုဇုန်အနီး) အလယ်ရွာ၊ လှိုင်သာယာမြို့နယ်ရှိ မိဘမဲ့ကလေး ၂၀၀နှင့် ကျောင်းသူ ကျောင်းသား ၁၅၀၀ အတွက် အထွေထွေအရပ်ရပ် အသုံးပြုရန် ဝတ္ထုငွေလှူဒါန်းခြင်း။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၂၂၈၆၉၅၊ ၀၉-၅၁၉၄၈၀၄၊ ၀၉-၅၀၂၁၅၈၄၊ ၀၉-၇၃၀၄၆၂၇၁**

**အမည်ပြောင်း**

ဦးဝင်းရှိန် ၁၂/မဂဒ(နိုင်)၀၁၀၂၁၇ ၏ သမီး နေပြည်တော် အထက(၁၁) ပထမတန်းမှ မဂုဂူးဖြူ(ခ)မငွေနှင်းဖြူအား မသွန်းနေဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသွန်းနေဇင်**

**အမည်ပြောင်း**

ဦးဇော်မြင့်ထွန်း၏သား အထက(၂) တပ်ကုန်း ဆဋ္ဌမတန်းမှ မောင်စည်သူရအား မောင်သီဟနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သီဟနိုင်**

**အမည်မှန်**

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ မုဆိုးခြုံ အလက စတုတ္ထတန်းမှ ဦးရာကျော်၏သား မောင်ရာသက်ပန်၏ အမည်မှန်မှာ မောင်ဝင်းမင်းခန့်ဖြစ်ပါသည်။

**မောင်ဝင်းမင်းခန့်**

## ချင်ရှင်းအင်ဒတ်စထရီးကုမ္ပဏီလီမိတက်
## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
## (မြန်မာနိုင်ငံကုမ္ပဏီများ နည်းဥပဒေအပိုဒ်-၁၁၃)

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံး တွဲဖက်ခရိုင်တရားသူကြီးရုံး၏ တရားမအထွေထွေအမှုအမှတ်၅၆/၂၀၁၃အမှုတွင် ချင်ရှင်းအင်ဒတ်စထရီးကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ၁၆၂အရ တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန် ၆-၅-၂၀၁၃ရက်၌ အမိန့်ချမှတ်ခဲ့ပြီးဖြစ်၍ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးဝင်းအောင် B.Com.(A.A), C.P.A လက်မှတ်ရပြည်သူ့စာရင်းကိုင် တိုက်(၂)၊ အခန်း(၅၀၁)၊ ရွှေထီးအိမ်ရာ၊ သမိုင်း(၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏အမည်၊ လိပ်စာနှင့် ရရန်ရှိကြွေးမြီ (သို့မဟုတ်) ရရန်ရှိသူများနှင့်ပတ်သက်သော အကြောင်းအရာများနှင့် မိမိတို့၏တရားလွှတ်တော်ရှေ့နေ(သို့မဟုတ်) အထက်တန်းရှေ့နေ(ရှိက)လိပ်စာကို ၂၁-၆-၂၀၁၃ရက်တွင်ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ ပေးပို့ရမည်။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်း အရာရှိက လိုအပ်လျှင် စာဖြင့်အကြောင်းကြားပြီး ကြွေးမြီ(သို့မဟုတ်) ရရန်ရှိကို ထင်ရှားအောင် ပြသနိုင်ရန် ချိန်းဆိုသည့်အခါ လူကိုယ်တိုင်ဖြစ်စေ၊ တရားလွှတ်တော်ရှေ့နေ (သို့မဟုတ်) အထက်တန်းရှေ့နေဖြစ်စေ လာရောက်ရမည်။

ပျက်ကွက်ပါက ကြွေးမြီများပေးဆပ်ချိန်တွင် အခွင့်အရေးရရှိလိမ့်မည် မဟုတ်ကြောင်း သိစေအပ်ပါသည်။

**နေ့စွဲ ၂၀၁၃ခုနှစ် မေ ၂၃ ရက်**

**ဦးဝင်းအောင် B.Com.(A.A), C.P.A**
**လက်မှတ်ရပြည်သူ့စာရင်းကိုင်**
**တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ချင်ရှင်းအင်ဒတ်စထရီးကုမ္ပဏီလီမိတက်**
**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**



## မင်္ဂလာဦးဆုတောင်း

**မောင်ချမ်းငြိမ်း** B.E(Electronics) နှင့် **မအေးအေးထွန်း** B.C.Sc (Hons:) တို့၏ ၂၃-၅-၂၀၁၃ရက်တွင် ပြုလုပ်သည့် မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၀၀ တိုင်အောင် ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာဖြင့် သာသနာ့အကျိုး၊ လူမှုရေးအကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

**မန္တလေးကွန်ပျူတာတက္ကသိုလ်မှ သူငယ်ချင်းများ**

## အာစရိယပူဇော်ပွဲ ကျေးဇူးတင်လွှာ

ကယားပြည်နယ်၊ လွိုင်ကော်မြို့ St. Joseph High School, အထက(၃) ယခု အထက(၂)၏ ၂၀၁၃ခုနှစ် မေ ၁၉ရက်တွင်ကျင်းပခဲ့သော အာစရိယပူဇော်ပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမ အားလုံးကို အစစအရာရာ လိုလေသေးမရှိအောင် ကျွေးမွေးပြုစုပြီး အဘက်ဘက်မှကူညီခဲ့ကြသော အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအားလည်းကောင်း၊ ဒေသခံ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအားလည်းကောင်း၊ ကျောင်းသား ကျောင်းသူဟောင်းကြီးများ အားလည်းကောင်း၊ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ရွှေရာဇာခရီးသည်ပို့ဆောင်ရေးမှ ကူညီခဲ့ကြသော တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ရန်ကုန်မှ ကန်တော့ခံဆရာ ဆရာမများ**

### မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်တိုက်အတွင်းရှိ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက်မှ နယုန်လဆန်း ၃ရက် (၅-၆-၂၀၁၃ရက်မှ ၁၁-၆-၂၀၁၃)ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများသည် မြတ်တံခွန်စာသင်တိုက်သို့ စာရင်းပေးသွင်းနိုင်ကြပါသည်။

(ဆွမ်းစရိတ် ဓမ္မဒါနပြုပါမည်)

မြတ်တံခွန်စာသင်တိုက်တွင် ခြောက်ထပ်သိမ်ကျောင်းနှင့် ဓမ္မာရုံတော်ကြီး ဆောက်လုပ်ပါမည်။ ၃၁၅၇၃ စတုရန်းပေရှိပါမည်။ တစ်စတုရန်းပေလျှင် ၂၅၀၀ဝိ/နှုန်းဖြင့် အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

**မြတ်တံခွန်စာသင်တိုက်**
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

## ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် ပင်လယ်ကိုးသွယ်ကုမ္ပဏီဥက္ကဋ္ဌဦးအောင်သန်းဦးသည် နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု(**စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု**)အား ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရပါကြောင်း၊ လယ်သမားများအကျိုး ပိုမိုဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပုလဲသွယ်စိုက်ပျိုးသူ တောင်သူလယ်သမားများ**
**ရန်ကုန်တောင်ပိုင်းခရိုင်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲတွင် တန်ဖိုးမြှင့် ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရရှိပြီး ကျောက်ဆည်ခရိုင် လေးမြို့ပေါ်ရှိ သံဃာကုန်ဆွမ်းဟင်း စတီးသပိတ်လှူဒါန်းခြင်း၊ သာသနိကအဆောက်အအုံများဆောက်လုပ်ခြင်း၊ လမ်းများခင်းခြင်း၊ ထိုထိုစာသင်တိုက်ငါးတိုက်ရှိ သံဃာတော်များ နေ့စဉ်အရဏ်ဆွမ်းကပ်လှူသာသနာပြုနေသော **ဦးဝင်းမောင် (မြဘုရင်နို့ချက်စက်ရုံ)**အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ရှေ့ဆက်၍လည်း တိုင်းပြည်နှင့် သာသနာ့အကျိုး ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**လေးမြို့နယ်ဆွမ်းလောင်းအသင်းများကိုယ်စား**
**စဥ့်ကိုင်မြို့**

## လှိုက်လှဲစွာ အထူးဝမ်းမြောက် ဂုဏ်ယူခြင်း

ဦးဝင်းကြိုင် ရွှေဘုံသာလမ်း (စိန်ကုန်သည်) မိသားစုမှ ပညာရေးဒါနအဖြစ် ၂၀၁၀ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (နှစ်ထပ်ကျောင်းဆောင်သစ်)ကို ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ယခု ၁၄-၅-၂၀၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းတိုက်နယ်၊ ဆေးရုံသစ်ကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပြီး နောင်နှစ်ပေါင်းများစွာတိုင်အောင် လူမှုရေးနှင့် သာသနာရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးမောင်စိန် (M.D)**
**GOLDEN EVEREST CO., LTD.**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ၃၀-၄-၂၀၁၃ရက်တွင် ပထမဆုံးအကြိမ်ချီးမြှင့်အပ်နှင်းသည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးပွဲမှ **တန်ဖိုးမြှင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်** ချီးမြှင့်ခြင်းခံရသော **အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရွှေဖောင်ဒေးရှင်း-နာယက သုဓမ္မဇောတိကဓဇ ဦးဝင်းမောင်(မြဘုရင်-နို့ချက်စက်ရုံ)**အား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်နှစ်များတွင်လည်း နိုင်ငံ့အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးနှင့် မြို့နယ်အကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

၁။ **ဦးအောင်ရွှေ-ဒေါ်ခင်ညိမ်း** (ရွှေငွေငွေ-နို့ချက်စက်ရုံ)မိသားစု၊ ကျောက်ဆည်မြို့။
၂။ **ဦးငွေမောင်-ဒေါ်သန်းလှ** (စိန်သန်းငွေ-နို့ချက်စက်ရုံ) မိသားစု၊ ကျောက်ဆည်မြို့။
၃။ **ဦးစန်းယု-ဒေါ်ခင်ငွေ** (ထွန်း-နို့ချက်စက်ရုံ) မိသားစု၊ ကျောက်ဆည်မြို့။
၄။ **ဦးစိန်မောင်သန်း** (သန်းတစ်ရာ-နို့ချက်စက်ရုံ)မိသားစု၊ ကျောက်ဆည်မြို့

### လုံးချင်းအိမ်ရောင်းရန်

ဗန္ဓုလတံတားအနီးရန်ပြေ၊ ၁၉လမ်း၊ ပေ(၂၀×၆၀) အုတ်ညှပ်နှစ်ထပ်အိမ်ခြံဝင်း ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေ၊ နှစ် ၆၀ ဂရန်၊ AC ပါပြီး။

ဖုန်း-၀၉-၅၅၈၈၈၁၁၊ ၀၉-၅၁၃၉၆၇၁

### ရောင်းမည်

ထောက်ကြန့်မြောက်ပိုင်း၊ ပြည်လမ်းအနီးရှိ
(၁) အဆင့်မြင့်တည်းခိုခန်း
(ငွေကျပ်သိန်း၂၈၅၀)
(၂) မြေ ပေ၂၀×ပေ၆၀ပေါ်အိမ် (၁၈ပေ×၄၅ပေ)
(ငွေကျပ်သိန်း၈၀) ဖုန်း-၀၉-၅၁၇၁၀၉၃

### ကန်ထရိုက်အလိုရှိသည်

ရန်ကုန်မြို့တွင်းPAE စနစ်ဖြင့်
**လုံးချင်းများ ဆောက်လုပ်ရန်-**
ဖုန်း - ၀၉-၄၂၁၀၂၅၆၈၀

## ပုလဲမြို့သစ်၊ ပုလဲ(၂)ရပ်ကွက် ရခိုင်ကျောင်းလမ်း

ပေ(၆၀×၈၀)
မြေချပါမစ်
VIP မြေကွက်
ပွဲစားမလို ရောင်းမည်။

**ဖုန်း-၀၉-၇၃၀၇၆၁၆၂၊ ၀၉-၅၁၆၀၇၇၈၊ ၀၉-၅၀၈၉၉၄၅**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၆၊ မြေကွက်အမှတ် ၁၀၉၁/ခ၊ မြေကွက်တည်နေရာအမှတ်(၁၀၉၁/ခ)၊ အောင်သီတာလမ်း၊ (၁၀၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်စိန်မြ ၁၂/လမန(နိုင်)၁၂၃၂၆၁ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ကွယ်လွန်သဖြင့် ချန်ကီဟွာ(ခ)ဒေါ်စိန်မြက မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပြင်ဆင်ရုံးတော်၌ ဆိုင်ဆိုရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှု လျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ

ကရင်ပြည်နယ်တရားလွှတ်တော်
၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅

| | | |
|---|---|---|
| ၁။ ဒေါ်ရီရီချို(၂မှ ၇အထိ အခွင့်ရကိုယ်စားလှယ်) | **နှင့်** | ၁။ ဒေါ်အေးကြည်(၄င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်ကေသီစိုး) |
| ၂။ ဒေါ်သိန်းသိန်းချို | | ၂။ ဦးအောင်မြင့် |
| ၃။ ဦးခင်စိုး | | ၃။ ဦးသန်းထွန်းလေး ၄။ ဦးသန်းထိုက်စိုး |
| ၄။ ဒေါ်မြင့်မြင့်ချို ၅။ ဒေါ်စန်းစန်းချို | | |
| ၆။ ဦးသန်းစိုး ၇။ ဒေါ်ခိုင်ခိုင်ချို | | |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

၂။ ဦးအောင်မြင့်၊ ၃။ ဦးသန်းထွန်းလေး၊ ၄။ ဦးသန်းထိုက်စိုး မြို့မရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ရွှေဂွန်းကျေးရွာ လှိုင်းဘွဲမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ဘားအံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၅/၂၀၁၁တွင် ၂၄-၄-၂၀၁၃ရက်က ချမှတ်သော ကြားဖြတ်အမိန့်ကို ဒေါ်ရီရီချိုပါ ခုနစ်ဦးက ပြင်ဆင်မှုလျှောက်ထားရာ၌ ဤရုံးတော်တွင် မှတ်ပုံတင်သွင်းပြီး၍ ထိုပြင်ဆင်မှုကို ၁၄-၆-၂၀၁၃ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၆ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြု၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့ပြင် သင်က ပြင်ဆင်နိုင်ခွင့်ရှိသော အမှုတွင် ချိန်းဆိုထားသည့်အချိန်တွင် ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤပြင်ဆင်ရုံး၌ အကြောင်းကြားစာ အစီရင်ခံစာ သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမြိုင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းမြင့် ၁၂/လသန(နိုင်)၀၁၀၆၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ၂၂လမ်း၊ အမှတ်(၁၂၃)၊ ခုနစ်လွှာ၊ (ပေ၁၂½×ပေ၅၀)ဟုခေါ်တွင်သောတိုက်ခန်းအား ဦးသိန်းမြင့် CJ-၀၃၆၇၅၆ [၁၂/လမတ(နိုင်)၀၁၀၃၀၇]ထံမှ ၆-၉-၂၀၁၀ရက်ကတည်းက တရားဝင်ဝယ်ယူ လက်ရောက်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက ဖော်ပြပါတိုက်ခန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ယာ/အုံ)ဌာနတွင် တရားဝင်အမည်ပေါက်လျှောက်ထားမည်ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော သက်သေခံစာချုပ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက တည်ဆဲဥပဒေ၏လုပ်ထုံး လုပ်နည်းနှင့်အညီ အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုလှိုင်ထွန်း(စဉ်-၆၉၁၅)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၅) လေးလွှာ၊ ၂၁ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၈၇၃၀၂၊ ၀၉-၅၃၉၆၅၂၇**

# ကြော်ငြာ

## အကော်ဒီယံအုန်းကျော် (ဟသ်ာတ)

**လူမှုထူးချွန်ဆု ဒုတိယဆင့်**

**မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌဟောင်း (၁၉၉၁-၂၀၀၅)ခုနှစ်**

**အသက်(၇၅)နှစ်**

ဟသ်ာတမြို့နေ(ဦးမြမောင်-ဒေါ်သီခ)တို့၏သား၊ (ဦးကျော်ဝ-ဒေါ်အေးစိန်)တို့၏သားသမက်၊ ဒေါ်စောရီ၏ခင်ပွန်း၊ဦးကျော်စိုး-ဒေါ်ချစ်သန်းတို့၏ညီ/မောင်၊ ဦးထွန်းလှိုင်-(ဒေါ်အမာ)-ဒေါ်သင်းသင်း၊ (ဦးတင်ဝင်း)-ဒေါ်သန်းကြည်၊ ဦးမြင့်စိုး-ဒေါ်ရီရီမိုး၊ ဦးကျော်ကျော်ထွန်း-ဒေါ်မေယဉ်ယဉ်မြင့်တို့၏အစ်ကို၊ ဦးခင်မောင်သန့်ဇင်-ဒေါ်ဖြူသာယာကျော်၊ ဒေါ်သူဇာ၊ ဦးစိုးမိုး-ဒေါ်ဖြူဖြူဝင်း(မေစတူဒီယို)၊ ဦးအမ်ပယ်လီယို-ဒေါ်နေရီရီတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၅-၅-၂၀၂၃ရက်(စနေနေ့)မွန်းလွဲ ၂း၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၂၊ ဓမ္မဒါနလမ်း၊ မေစတူဒီယို၊ တာမွေမြို့နယ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## အကော်ဒီယံအုန်းကျော် (ဟသ်ာတ)

**(ဂီတစာဆို၊ တေးသံရှင်) (လူမှုထူးချွန်ဒုတိယဆင့်)**

**မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌဟောင်း) (၁၉၉၁-၂၀၀၅)**

**အသက်(၇၅)နှစ်**

ဟသ်ာတမြို့နေ (ဦးမြမောင်-ဒေါ်သီခ)တို့၏သား၊ (ဦးမောင်ကျော်-ဒေါ်သန်း)တို့၏သားသမက်၊ အမှတ် ၇၈၇၊ ဇဗ္ဗူလ ၄လမ်း၊ ၁၆/၁ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မြတ်မွန်၏ခင်ပွန်း၊ ဦးကျော်စိုး-ဒေါ်ချစ်သန်းတို့၏ညီမောင်၊ ဦးထွန်းလှိုင်-(အမာ)-ဒေါ်သင်းသင်း၊ (ဦးတင်ဝင်း)-ဒေါ်သန်းကြည်၊ ဦးမြင့်စိုး-ဒေါ်ရီရီမိုး၊ ဦးကျော်ကျော်ထွန်း-ဒေါ်မေယဉ်ယဉ်မြင့်တို့၏အစ်ကို၊ ကိုရန်နိုင်ဝင်း-မသက်ငုံဖူး၊ ကိုဇာနည်မောင်-မဇင်မမအောင်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၅-၅-၂၀၂၃ရက်(စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၂၃ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## အကော်ဒီယံအုန်းကျော် (ဟသ်ာတ)

**အသက်(၇၅)နှစ်**

(U.S.A, SAN FRANCISCO, DAILY CITY) အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကို၊ ဒေးလီးစီးတီးနေ ဒေါ်စောရီ၏ခင်ပွန်း၊ ဦးခင်မောင်သန့်ဇင်-မဖြူသာယာကျော်၊ မစ္စတာအမ်ပယ်လီယို၊ မနေရီရီတို့၏ဖခင်၊ မပွင့်ဖြူသန့်ဇင်(BLISS)၊ မောင်သီဟသန့်ဇင်(ZINBA)၊ မောင်ကျော်ထင်ထွန်း(JJ)၊ အင်ဒရူး(ANDREW)တို့၏အဘိုး အကော်ဒီယံအုန်းကျော်(ဘိုးဘိုးကြီး) ကွယ်လွန်သွားပါသဖြင့် အဝေးရောက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လသာ(၂)ကျောင်းသူဟောင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်မေ

ဆရာမကြီး ဒေါ်ဝေဝေကြည် (အချိန်ပိုင်းပါမောက္ခ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏မိခင် ဒေါ်တင်မေ(စာကြည့်တိုက်မှူး၊ ပညာရေးတက္ကသိုလ်၊ ငြိမ်း)၊ အသက်(၉၇)နှစ်သည် ၂၁-၅-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥပဒေပညာဌာန**
**ရန်ကုန်တက္ကသိုလ်**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးဝင်းမောင် (မန်နေဂျင်းဒါရိုက်တာ)

**DIAMOND DRAGON INDUSTRY CO., LTD.**

**အသက်(၇၀)**

ဦးဝင်းမောင် အသက်(၇၀) ပုသိမ်မြို့သည် ၂၂-၅-၂၀၂၃ရက် နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဖေဝင်း-ဒေါ်သန်းသန်း မိသားစု**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များစီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဒေါ်သာရာဘီ(ခ) ဒေါ်နုနုသွင်

**ရန်ကုန်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်**

**ကထိက(ငြိမ်း)၊ ဓာတုဗေဒဌာန**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊အမှတ် ၂၈၊ ၁၂၄ လမ်း၊ မြေညီထပ်နေ (ဦးစံထွန်း-ဒေါ်ရာမက်ဘီ)တို့၏သမီးကြီး၊ဒေါ်အေးအေးသွင်၏အစ်မ ဒေါ်သာရာဘီ(ခ)ဒေါ်နုနုသွင် (MLA INTERNATIONAL SCHOOLဝင်္ကဘာလမ်း)သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာန၌ ၂၃-၅-၂၀၂၃ရက်(ကြာသပတေးနေ့)ည၁၀း၃၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၄-၅-၂၀၂၃ရက်(သောကြာနေ့) ဂျုမ္မာနာမဇ်အပြီးတွင် ရေဝေးစွန္နီ ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်မကြီး

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၂၃၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (အငြိမ်းစား ဗိုလ်မှူးကြီးစည်သူလှအောင်)၏ဇနီး၊ ဦးအောင်သာ-ဒေါ်မေမြတ်ဖြူတို့၏မိခင်၊ မောင်သုခအောင် Sec.3 (ILBC)၊ မောင်ဉာဏအောင် Sec.1 (ILBC)၊ မောင်သုတအောင် P.6 (ILBC) တို့၏အဘွား ဒေါ်တင်တင်မကြီးသည် ၂၅-၅-၂၀၂၃ရက်(စနေနေ့)ည ၁၁း၁၀နာရီတွင် ပါရမီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်မကြီး

**အသက်(၉၃)နှစ်**

(ဦးဖူးညို၊ အခွန်ဝန်-ဒေါ်တင်တင်)တို့၏သမီးကြီး၊ ဦးတင်မောင်ကြီး (ဒုတိယအထွေထွေမန်နေဂျာ၊ သစ်လုပ်ငန်း၊ ငြိမ်း) - (ဒေါ်သန်းသန်းလှ)တို့၏ညီမ၊ [ဗိုလ်မှူးကြီးလွင်(ငြိမ်း)၊ ဒုတိယဝန်ကြီးချုပ်(ငြိမ်း) - ဒေါ်တင်တင်မလေး]၊ [ဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း)၊ အငြိမ်းစားသံအမတ်ကြီး-ဒေါ်ခင်လေးတင်]တို့၏အစ်မကြီးသည် ၂၅-၅-၂၀၂၃ရက်(စနေနေ့) ည ၁၁း၁၀နာရီတွင် ပါရမီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယိကာမကြီး**

## ဒေါ်သန်းအိ (ငှက်တို့ကျေးရွာ၊ သထုံမြို့နယ်)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၆လမ်း၊ အမှတ် ၃၅၉နေ (ဦးအုန်းရွှေ)၏ဇနီး၊ ဦးစိုးမြင့်-ဒေါ်စောအေး၊ ဦးဝင်းမြင့်(ဒုရဲမှူးကြီး၊ ငြိမ်း)-ဒေါ်နန်းအေးငြိမ်း၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်အေး(အေးမိတ္တူ၊ ဓာတ်ပုံ)၊ ဆရာမဒေါ်စန်းစန်းဝေ(မ-၁၁၊ ဒဂုံတောင်)၊ ဦးစိုးမင်း-ဒေါ်စန်းစန်းနွယ်(မှူခင်းသတင်းဂျာနယ်၊ အယ်ဒီတာ)တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၂၆-၅-၂၀၂၃ရက် နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၂၃ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အမာရီ (ကွမ်းခြံကုန်း)

**ဆောက်/လျှပ်၊ကုန်သွယ်ရေး(ငြိမ်း)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၂၆၈၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေညီထပ်နေ (ဦးဘစံ-ဒေါ်စောလှ)တို့၏ ဒုတိယသမီး၊ (အငြိမ်းစား ဗိုလ်မှူးကြီး တင်ထွဋ်)-ဒေါ်ရီရီစံတို့၏ညီမ၊ (ဦးတင်မြင့်)-ဒေါ်နီနီစံ၊ ဦးမျိုးသိုက်ထွန်း(ခ) ဦးဇော်ဝိတ်-ဒေါ်ယုယုတင့်(မင်္ဂလာဈေး) တို့၏အစ်မသည် ၂၅-၅-၂၀၂၃ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၂၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်သင်း

**(ဘရေ၊ ငြိမ်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ပုဂံ ၂၈လမ်း၊ အမှတ် ၆၁၀ နေ (ဦးဘချစ်-ဒေါ်ကြီးကြီး)တို့၏သား၊ ဒေါ်တင်တင်လှ၏ခင်ပွန်း၊ ဦးမျိုးသင်း၊ ဦးသန်းဇော်ဦး-မနီနီသင်း၊ ဦးနေထွန်းသင်း-ဒေါ်လွင်မာသန်း၊ ဦးသန့်စင်သင်းတို့၏ဖခင်၊ မောင်ဟိန်းထက်နိုင်၊ မောင်ကျော်ထက်နိုင်၊ မောင်ခေတ်မင်းခန့်တို့၏အဘိုးသည် ၂၆-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၅-၂၀၂၃ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၂၃ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မောင်မောင်မျိုးသွယ်(ခ) ဖိုးသား

**အထက(၂)ဗဟန်း ကျောင်းသားဟောင်း၊ ရေကြောင်းပညာသိပ္ပံကျောင်း၊ အပတ်စဉ်(CE-23)**

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အောင်သိဒ္ဓိလမ်း၊ မဥ္ဇူလမ်းသွယ်၊ အမှတ် ၂၂၂ နေ ဦးမောင်မောင်တင်-ဒေါ်မြင့်မြင့်ရီတို့၏သား၊ (ကိုကျော်စိုး)၊ (ကိုစိုးမိုး)၊ ကိုလှမိုး-မမြင့်မြင့်သိန်း၊ မခင်မျိုးတင့်၊ ကိုစိုးမြင့်လှိုင်-မပုလဲ၊ ကိုဇော်မင်းလွင်-မလဲ့ရီရီတင်၊ ကိုတင်မောင်ညွှန့်-မသိမ့်စန္ဒီတင်၊ မသဥ္ဇာမြင့်အောင်၊ မဆုမွန်အောင်၊ ဒေါက်တာဟိန်းထက်ဇော်၊ မခိုင်သော်နှင်း၊ မောင်အောင်ဟိန်းဦး၊ မောင်ပိုင်ခန့်၊ မောင်ရှိန်းကိုကိုဦး၊ မောင်သော်ဇင်ဟန်၊ မောင်ပြည့်ဖြိုးသော်တို့၏ညီ/မောင်/အစ်ကိုသည် ၂၃-၅-၂၀၂၃ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမောင်နှမများ

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Pi Zam Chhungi

**ဖလမ်းအသင်း(ရန်ကုန်)**

**အသက်(၇၅)နှစ်**

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ခေါ်ပွိချစ်ရွာနေ (ဒုတပ်ကြပ် ထကြီး၊ ငြိမ်း)၏ဇနီး၊ Pi Hma Chhawn Thangi, Pi Lian Kumgi-ဦးတက်လူ၊ Pi Khuang Bual Chhungi-Pu Ngun Za Kim, Pu Than Thuama-Pi Rem Zuali, Pi Lal Hmung Liani - ဦးကျော်ဇေယျ၊ Pu Lai Ram Hnaia - ဒေါ်မပြည့်တို့၏မိခင်၊မြေး ၁၄ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၅-၂၀၂၃ရက် နံနက်၉း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၇-၅-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီးဂူသွင်းသင်္ဂြိုဟ်ပါမည်။[အမှတ် ၁၃၃၊ သုခပန်းခြံ ၁လမ်း၊(၈)ရပ်ကွက်၊ရွှေပြည်သာ၊ ဓမ္မာနွေလဘုရားကျောင်း၊ မြောက်ဒဂုံကျောင်းလမ်းမှတ်တိုင်မှတစ်ဆင့် ၄၆ မှတ်တိုင်နှင့်ထန်းပင်ကုန်း(UPC)ဘုရားကျောင်းတို့မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

**တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်နာယကကြီး**

## ဒေါ်တင်တင်မကြီး

**အသက်(၉၃)နှစ်**

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက် အဖွဲ့ချုပ်၏ဖခင်ကြီး (ဗိုလ်မှူးကြီး လှအောင်)၏ဇနီး၊ တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်း၏ ဂုဏ်ထူးဆောင်နာယကကြီး ဆရာမကြီး ဒေါ်တင်တင်မကြီး အသက်(၉၃)နှစ်သည် ၂၅-၅-၂၀၂၃ ရက်(သောကြာနေ့) ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်အားလုံး လိုက်ပါပို့ဆောင်ကြပါရန်။(ရန်ကုန်တက္ကသိုလ်စာတိုက်ဝင်းမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

**ဘုရား၊ သိမ် ဒါယကာကြီး**

## ဗိုလ်မှူးလှအောင် (ငြိမ်း)

**(ကြည်း-၈၂၈၅)**

**လွတ်လပ်ရေးမော်ကွန်းဝင်တတိယဆင့်**

**ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ(ငြိမ်း)၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ(ငြိမ်း)**

**အသက်(၈၉)နှစ်**

ကျုံပျော်မြို့နယ်၊အင်းမကျေးရွာ(ဦးဘခိုင်-ဒေါ်မယ်ကျင်)တို့၏သား၊(ဦးမောင်သော်-ဒေါ်အေးညွန့်)တို့၏ သားသမက်၊ (ဒေါ်ရီရီသော်)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးစိုးလင်း(ငြိမ်း)-ဒေါ်မြင့်မြင့်ဦး၊ ဦးသန့်ဇင်-ဒေါ်ခင်ငွေရီ၊ ဒေါ်ကြူကြူအောင် (မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လှိုင်မြို့နယ်)၊ ဦးအောင်မိုး၊ ဦးအောင်စိုး - ဒေါ်ခင်ပပကျော်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၄-၅-၂၀၂၃ရက် (သောကြာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အခန်းအမှတ် ၂၅၊ တိုက် ၁၈၂/၂၀၂၊ ၃၄လမ်း(အထက်ဘလောက်) ကျောက်တံတားမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းသန်းဝင်း

**(ကန်တော်ကလေး)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အမှတ် ၆၊ ၉၁ ဖြတ်လမ်းနေ ဦးချစ်လှိုင်-(ဒေါ်ငြိမ်းမြ)တို့၏သမီး၊(ဦးလှထွန်း-ဒေါ်အေးကြည်)တို့၏သမီးချွေးမ၊ ဦးနေဝင်းထိန်(Ex, Bosun GEWIN )၏ဇနီး၊ (ဦးစံလွင်-ဒေါ်မြမြဝင်း)၊ ဦးနီတွတ်(ဒီဇိုင်း)-ဒေါ်လှလှဝင်း (ထွေ/အုပ်၊ ငြိမ်း)တို့၏ညီမ၊ ဦးငွေဝင်း၊(ဦးချိုလွင်-ဒေါ်ခင်ဆွေဝင်း)၊ ဦးခင်မောင်ဝင်း - ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်မ၊ Mr. Ogura Kazushi-ဒေါ်ဝါဝါဝင်းခိုင်(ခေတ္တ-ဂျပန်)၊ ဒေါ်နွယ်နီဝင်းထိန်(ခေတ္တ-ဂျပန်)၊ ဦးသန့်ဇင်ဦး-ဒေါ်ဒါလီဝင်းထိန်(ခေတ္တ-ဂျပန်)၊ ဒေါ်နေနွယ်ဝင်းထိန် (ခေတ္တ-ဂျပန်)တို့၏မိခင်၊ တူ၊တူမ ၁၀ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၃-၅-၂၀၂၃ရက် (ကြာသပတေးနေ့) ည ၇း၄၅နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၅-၂၀၂၃ရက်(တနင်္လာနေ့)ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဗုဒ္ဓနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တကောဝိဒ

**မင်္ဂလာစက်ကုန်းကျောင်း ဦးစီးပဓာနဆရာတော် (ဘိုကလေး)**

**သက်တော်(၆၀)၊ သိက္ခာတော်(၄၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ မင်္ဂလာစက်ကုန်းကျောင်း ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တကောဝိဒ(နဘတ်ရွာ၊ မြောင်မြို့နယ်)သည် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁၅ရက်) (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဗုဒ္ဓနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (ကဆုန်လပြည့်ကျော် ၄ရက်) နံနက် ၈နာရီတွင် စံကျောင်းတော်သို့ ပင့်ဆောင်၍ (ကဆုန်လပြည့်ကျော် ၆ရက်) ၃၀-၅-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် ဘိုကလေးမြို့သုသာန်သို့ ပို့ဆောင်ပြီး အန္တိမအဂ္ဂိစျာပန ပူဇော်ကျင်းပသွားမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကော်မတီ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ခိုးတက်ဟှာ(ခ)ဦးအောင်ခင်

**အုံကုန်းဂေါပကဥက္ကဋ္ဌ၊ နန်ယန်ကျောင်းသားဟောင်း**

**တိုက်ကြီးမြို့နယ်အသင်းဝင်**

**အသက်(၇၆)နှစ်**

ဒေးဒရဲမြို့နေ (ဦးကျော်စိန်-ဒေါ်စောလှ)တို့၏သား၊ တိုက်ကြီးမြို့နေ (ဦးစွိုးရာ-ဒေါ်ဘောက်ဂွမ်)တို့၏သမက်၊ တိုက်ကြီးမြို့၊ မြို့လယ်လမ်းနေ(ဦးကျင်တင်)-ဒေါ်ရှုခင်၊ (ဦးငွေအောင်)-ဒေါ်ကျင်ဝင်းတို့၏ညီ/မောင်၊ ရွှေတောင်လမ်း၊ အမှတ် ၂၀၂နေ ဒေါ်လေဝါး၏ခင်ပွန်း၊ ဦးအောင်ကြည်-ဒေါ်သန်းသန်းဝင်း၊ ဦးငွေအောင်-ဒေါ်သင်းသင်းကြည်၊ ဦးကျော်ခိုင်-ဒေါ်အေးအေးထိုက်၊ ဦးအောင်ဇော်ဝင်း-ဒေါ်သီသီတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၅-၅-၂၀၂၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် တိုက်ကြီးမြို့ မြို့မသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ငွေးမြင့် (တောင်တွင်းကြီး)

**SMT ဆောက်လုပ်ရေးဂရု(ပ်) မြောက်ဒဂုံ**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် ၃၄၁/၂၉နေ ဦးတင်စိုး[ဆောက်လုပ်ရေး၊ အင်ဂျင်နီယာ၊ ငြိမ်း၊ အေးရှားဝေါ်၊ ပိုင်အိုးနီးယားလေဆိပ်(မြို့ပြဌာနမှူး)၊ SE. SMT အင်ဂျင်နီယာဂရု(ပ်)၊ Director]၏ဇနီး၊ (ဦးထွန်းရှင်-ဒေါ်ကြွေ)တို့၏သမီး၊ (ဦးချစ်မောင်-ဒေါ်သန်းနု)တို့၏ချွေးမ၊ (ဦးအောင်သောင်း)၊ (ဦးသိန်းထွန်း)၊ ဦးတင်မောင်ထွန်း-ဒေါ်တင်လေး၊ ကိုကျော့ရှင်း-မသန်းငွေး၊ ကိုရွှေစု-မန္တလေးကြည်တို့၏အစ်မကြီး၊ ကိုမြင့်ဇော်-မချိုချိုလွင်၊ ကိုကြည်မင်းထွဋ်-မသင်းသင်းငွေး၊ ကိုမောင်မောင်စိုးတို့၏မိခင်၊ မချောမဒီစိုး၊ မောင်ဉာဏ်မင်းထွဋ်၊ မစုစန္ဒီလင်းတို့၏အဘွားသည် ၂၅-၅-၂၀၂၃ရက်(စနေနေ့)မွန်းလွဲ ၁း၅၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးရှာဘွန်ဟုတ်(ခ) ဦးအေးကို

**ရွှေသီနောင်စာရေးကိရိယာဆိုင်၊ မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေး**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့နေ (ဦးရှာဘွန်ပိ-ဒေါ်အင်စိုးအ)တို့၏သားကြီး၊ ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈လမ်း၊ အမှတ် ၃၂(ဒုထပ်)နေ ဒေါ်ပု၏ခင်ပွန်း၊ (ဦးသာဦး)၊ ဒေါ်စန်းစန်းဝင်း၊ ဦးစန်းဦး-ဒေါ်သီတာဝင်းမြင့်၊ ဦးသိန်းဦး-ဒေါ်ခင်မြသန်း၊ ဦးအောင်ကျော်ဦး - မယဉ်ယဉ်ငွေတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၅-၅-၂၀၂၃ရက် ညနေ ၄း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၃ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက်၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဒေါ်လှမြင့် (ပုသိမ်)

**ဗိုလ်လောင်းစစ်သူနာပြု အပတ်စဉ်(၆) N/285**

**အသက်(၇၀)**

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ဆင်းသီရိ ၁လမ်း၊ အမှတ်(စီ-၆၀)နေ ဦးစိန်မောင်-ဒေါ်စိန်တင်တို့၏သမီး၊ ဦးသန်းဝင်း-ဒေါ်နီနီမာတို့၏အစ်မ၊ ကျော်နိုင်စိုး-မစံ(စင်ကာပူ)၊ ကိုအောင်မိုးခိုင်-မီးမီး(ရဲတံခွန်သဘာဝဓာတ်ငွေ့)၊ကိုမင်းဇော်ဟိန်း-ရီလွယ်လွယ်တင်(စင်ကာပူ)တို့၏အဒေါ်၊ သင်းဆုရည်(စင်ကာပူ)၏အဘွားသည် ၂၄-၅-၂၀၂၃ရက် (သောကြာနေ့) ည ၁၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မျိုးဆွေ

**အထပြ(ငြိမ်း)၊ လသာ(၁)**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ကျော်သူ ၂၄လမ်း၊ အမှတ် ၈၃၂နေ(ဦးသင်-ဒေါ်ခင်မမ)တို့၏သမီး၊ ဦးမြင့်အောင်(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ ဦးသိန်းဇော်-ဒေါ်မျိုးစန္ဒာမြင့်(မြန်မာ့သိပ္ပံနှင့်နည်းပညာ သုတေသန ဦးစီးဌာန၊ ရန်ကုန်)တို့၏မိခင်၊ မောင်ချမ်းငြိမ်းအောင်-မအိသန္တာတို့၏အဘွားသည် ၂၅-၅-၂၀၂၃ရက် ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

## ဒေါ်သန်းသန်းဝင်း

**(ကန်တော်ကလေး)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အမှတ် ၆၊ ၉၁ ဖြတ်လမ်းနေ ဦးချစ်လှိုင်-(ဒေါ်ငြိမ်းမြ)တို့၏သမီး၊(ဦးလှထွန်း-ဒေါ်အေးကြည်)တို့၏သမီးချွေးမ၊ ဦးနေဝင်းထိန်(Ex, Bosun GEWIN)၏ဇနီး၊ Mr. Ogura Kazushi - ဒေါ်ဝါဝါဝင်းခိုင်(ခေတ္တ-ဂျပန်)၊ဒေါ်နွယ်နီဝင်းထိန်(ခေတ္တ-ဂျပန်)၊ ဦးသန့်ဇင်ဦး - ဒေါ်ဒါလီဝင်းထိန်(ခေတ္တ-ဂျပန်)၊ ဒေါ်နေနွယ်ဝင်းထိန်(ခေတ္တ-ဂျပန်)တို့၏မိခင်သည် ၂၃-၅-၂၀၂၃ရက်(ကြာသပတေးနေ့) ည ၇း၄၅ နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

# ဖွံ့ဖြိုးမှုပုံရိပ်ကို ပီပြင်စွာဖော်ဆောင်ပေးမည့် ရိဒ်-တီးတိန်ကားလမ်း

**နေပြည်တော် မေ ၂၆**

မြူခိုးများဝေ့နေသော ချင်းတောင်တန်း၊ စိမ်းညို့ပြာရီနေသည့် တောင်စွယ်တောင်ကုန်းများ၊ ရှုလေတိုင်းပြာရီဝေဆိုင်းနေသော ချင်းတောင်တန်းများက မြန်မာ့ရေမြေနယ်နိမိတ်ကို သဘာဝအလှတရားဖြင့် ပိုင်းခြားသည့်နယ်၊ ချင်းတောင်တန်းများ၏ တစ်ဖက်တစ်ချက်တွင် အိန္ဒိယနယ်စပ်ဖြစ်ရာ မြန်မာ-အိန္ဒိယ ဆက်သွယ်သွားလာနိုင်မည့် ရိဒ်-တီးတိန်လမ်းကို အဆင့်မြှင့်တင်ဖောက်လုပ်ရန် စီစဉ်နေပြီဖြစ်သည်။

မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်ရွာမှ တီးတိန်မြို့အထိ အရှည် ၃၂ မိုင် ၃ ဖာလုံရှိသော ကားလမ်းအား အဆင့်မြှင့်တင် တိုးတက်မှုများပြုလုပ်ရန် မြန်မာနိုင်ငံမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းတာရေးအဖွဲ့နှင့် အိန္ဒိယနိုင်ငံနယ်စပ်လမ်းများ အဖွဲ့တို့က ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

ထို့အတူ မြန်မာ-အိန္ဒိယပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ယင်းလမ်းကို အဆင့်မြှင့်တင်တိုးတက်မှုများ ပြုလုပ်နိုင်ရေးအတွက် လမ်းနှင့်သက်ဆိုင်သောအသေးစိတ်ဒီဇိုင်းများကို ရေးဆွဲခဲ့ပြီးဖြစ်သည်။ အဆိုပါလမ်းဒီဇိုင်းကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လက်ခံရရှိပြီးဖြစ်သလိုအိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများအား ပေးပို့ခဲ့ပြီးဖြစ်သည်။

**သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ**

ရိဒ်-တီးတိန်လမ်းသည် ထိုင်း-မြန်မာ-အိန္ဒိယ သုံးနိုင်ငံ ဆက်သွယ်ဖောက်လုပ်ထားသည့် မိုးရေး၊

*စာမျက်နှာ ၉ ကော်လံ ၄* ❖



မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်-တီးတိန်လမ်း တိုးတက်ပြုပြင်ရေးဆောင်ရွက်မည့် လမ်းအစိတ်အပိုင်းတစ်နေရာရှိ သဘာဝမြင်ကွင်းကို ဤသို့ တွေ့ရသည်။

**'ရိဒ်-တီးတိန်လမ်းပိုင်းသည် အာရှလမ်းမကြီးအမှတ်-၁ (AH-1) နှင့် အာရှလမ်းမကြီး အမှတ်-၂ (AH-2) တို့နှင့်လည်း ဆက်စပ်သွားလာနိုင်သည်ဖြစ်ရာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသာမက ဒေသတွင်းနိုင်ငံများနှင့်ပါ ကွန်ရက်သဖွယ် ကုန်သွယ်ကူးသန်းသွားလာနိုင်သည့်လမ်းလည်းဖြစ်'**

## မြန်မာအမျိုးသမီးအသင်း အာရှခြေစစ်ပွဲအောင်ပြီ

သတင်း စာမျက်နှာ ➤ ၁၀

# မြန်မာ့ပင်လယ်လိပ်များနှင့်ပတ်သက်၍ တိကျသောဥပဒေပြဋ္ဌာန်းပေးပါက ထိရောက်စွာကာကွယ်နိုင်မည်

**သတင်းဆောင်းပါး-ရဲခေါင်ညွန့်**

**ပင်လယ်လိပ်များသည် ပင်လယ်ပြင်ဂေဟစနစ်တွင် ဇီဝမျိုးစုံမျိုးကွဲတစ်ခုအဖြစ် ပါဝင်လျက်ရှိပြီး ပင်လယ်ရေထုကို အဆိပ်အတောက်ဖြစ်စေမည့် ပင်လယ်ဒီရေနီ (Red Tide) ကို ဖြစ်ပေါ်စေသော မျှောလေးများကိုစားသုံးသည့် မျိုးစိတ်တစ်ခုဖြစ်သည်။ ပင်လယ်ဒီရေနီကြောင့် ဖြစ်ပေါ်လာသော အနီရောင်ပင်လယ်ရေညှိကို စားသုံးမိပါက ရေသတ္တဝါများ သေကြေပျက်စီးနိုင်ပြီး ယင်းအနီရောင်ပင်လယ်ရေညှိကို စားသုံးနိုင်သော ပင်လယ်လိပ်များသည် ပင်လယ်နေသတ္တဝါမျိုးစိတ်များ အသက်ရှင်သန်ကြီးထွားမျိုးပွားရေးအတွက် အရေးပါသော သတ္တဝါလည်းဖြစ်သည်။**

ယင်းကဲ့သို့ ပင်လယ်ပြင်ဂေဟစနစ် ဆက်စပ်မှုအတွက် အရေးပါသော သတ္တဝါများဖြစ်သည့် ပင်လယ်လိပ်များအား ကာကွယ်စောင့်ရှောက်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒိုကနိကျေးရွာတွင် ပင်လယ်လိပ်မျိုးထိန်းသိမ်းရေး သုတေသနနှင့် ပညာပေးရေးစခန်းထားရှိသော်လည်း လိပ်သောင်နှင့်ပတ်သက်၍ တိကျသောဥပဒေပြဋ္ဌာန်း သတ်မှတ်ထားခြင်း မရှိမှုကြောင့် လိပ်သောင်များအား ထိရောက်စွာကာကွယ်နိုင်မှုမရှိကြောင်း အဆိုပါစခန်းတာဝန်ခံ ဦးချိုလှအောင်က ပြောကြားသည်။

"လိပ်သောင်တွေပေါ်မှာ သစ်ခုတ်တယ်။ ကဏန်းထောင်တယ်။ ပင်လယ်လိပ်ထိန်းသိမ်းရေးရာသီမှာပဲ လိပ်ဥကျင်းတွေ အခိုးခံရတယ်။ ဖမ်းတယ်။ စည်းရုံးဟောပြောပြီး ခံဝန်နဲ့ ပြန်လွှတ်ပေးတယ်။ သိပ်ပြင်းထန်လာရင် တရားစွဲတယ်။ ဟိုဘက်ခေတ်မှာတော့ တရားစွဲပေးတယ်။ ခုခေတ်မှာ ကျေအေးပေးပါဆိုပြီး ပြောလာတယ်။ ဒီလိပ်သောင်တွေပေါ်မှာ ဒီလိုမှ မထိန်းသိမ်းနိုင်ရင် ကျွန်တော်တို့လည်း ကျွန်းပေါ်က ထွက်ပြေးရဖို့ပဲရှိတော့တယ်" ဟု လိပ်သောင်နှင့်ပတ်သက်၍ ထိန်းသိမ်းရန်ခက်ခဲလာမှုအပိုင်းအား ဦးချိုလှအောင်က ပြောသည်။

၁၉၀၅ ခုနှစ် မြန်မာ့ငါးလုပ်ငန်းဥပဒေတွင် ပင်လယ်လိပ်မျိုးထိန်းသိမ်းရေး လိပ်သောင်၊ လိပ်ကျွန်း၊ လိပ်ဥ လိပ်သားနှင့်ပတ်သက်၍ ဥပဒေတိတိကျကျပါရှိသော်လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးလက်ထက် ၁၉၉၀ ငါးဖမ်းဥပဒေတွင် လိပ်သောင်နှင့်ပတ်သက်သည့် ဥပဒေတိတိကျကျ ပါရှိလာခြင်းမရှိတော့ဘဲ သွယ်ဝိုက်သောဥပဒေတစ်ခုဖြစ်သည့် လိုင်စင်မရှိဘဲ မဖမ်းရဟုသာ ပါရှိတော့ကြောင်း သိရသည်။



မြန်မာ့ပင်လယ်ပြင်တွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သော လိပ်ခွေး။

ကဒိုကနိပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးစခန်းတွင် ဒုတိယဦးစီးအဖြစ် တာဝန်ယူဆောင်ရွက်နေသော ဦးဖုန်းမော်ကလည်း "ပင်လယ်လိပ်မတွေက လိပ်သောင်တွေပေါ် အောက်တိုဘာလကနေ မတ်လလောက်အထိ တက်တယ်။ လိပ်တက်ရာသီနဲ့ ငါးဖမ်းချိန် သွားတိုက်ဆိုင်နေတော့ လိပ်သောင်ပတ်ဝန်းကျင်မှာ Trawn လို့ခေါ်တဲ့ တရွတ်ဆွဲပိုက်တွေ မသုံးဖို့ ပိတ်လိုက်ရင် လိပ်ပိုတက်နိုင်တယ်။ Trawn

*စာမျက်နှာ ၉ ကော်လံ ၁* ✻

# မြန်မာယူ-၂၃ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းတို့ ခြေစမ်းကစား

**တောင်ကြီး မေ ၂၆**

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့ရှိ KBZ ကွင်းတွင် ယှဉ်ပြိုင်ကစားရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးထွန်း၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ MNL အသင်းပိုင်ရှင်များနှင့် ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ခြေစမ်းပွဲမစမီ မွန်းလွဲ ၂ နာရီမှစ၍ နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ ယင်းနောက် ခြေစမ်းပွဲကစားမည့် မြန်မာယူ-၂၃ အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းမှ အုပ်ချုပ်/နည်းပြများ၊ ကစားသမားများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်**

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၃ အသင်း၏ ပထမဆုံးခြေစမ်းပွဲဖြစ်ပြီး အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ၃၄ မိနစ်တွင် စိုးကျော်ကျော်က မြန်မာယူ-၂၃ အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၅၅ မိနစ်တွင် မာရှယ်က ချေပဂိုး၊ ၇၃ မိနစ်တွင် ကင်မ်က MNL ညွှန့်ပေါင်းအသင်းအတွက် အနိုင်ဂိုးတို့ကို သွင်းယူခဲ့သည်။

ပွဲအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက အနိုင်ရရှိသော MNL ညွှန့်ပေါင်းအသင်းအား ငွေကျပ်သိန်း ၁၀၀၊ ရှုံးနိမ့်ခဲ့သော မြန်မာယူ -၂၃ အသင်းအား ကျပ်သိန်း ၅၀ ပေးအပ်ချီးမြှင့်ခဲ့သည်။



**MNL ညွှန့်ပေါင်းအသင်းအတွက် ချေပဂိုးကို မာရှယ် ခေါင်းတိုက်သွင်းယူနေစဉ်။**

## ယနေ့ မာတိကာ

**e-Government** လုပ်ငန်းအရှိန်အဟုန်မြှင့်ဆောင်ရွက် *ခေါင်းကြီး* စာ - ၂

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ပြတ်သားသည့်ဆုံးဖြတ်ချက်လိုဟု ဂျွန်ကယ်ရီပြော စာ - ၄

အနာဂတ်ဝေဟင်ကို စိုးမိုးထားမယ့် ကင်းထောက်လေယာဉ်များ စာ - ၅

သုံးပွင့်တစ်ခိုင် *ဆောင်းပါး* စာ - ၆

သမဝါယမစီးပွားရေး ဗဟိုဌာနကြီးတစ်ခု ဖွင့်လှစ်တော့မည် စာ - ၇

မြန်မာယူ-၂၃အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်း ခြေစမ်းမည် စာ - ၁၀

ကြက်သွန်နီလှိုင်လှိုင်ပေါ်သော်လည်း ဈေးကောင်းရနေ စာ - ၁၁

ဘိုင်ယန်မြူးနစ်တို့ ချန်ပီယံလိဂ်ဖလား ဆွတ်ခူး စာ - ၁၃

ဘက်ခမ်း၏ ဘောလုံးသမား ဘဝ တရားဝင်ပြီးဆုံး စာ - ၁၃